The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 24 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 18, 2018

# ဝိုးလော ဝိုးလော ပဲစင်းငုံ

စာမျက်နှာ - ၈ ➤





## ယခုတစ်ပတ် ဆန်တင်ပို့မှုလျော့ကျသော်လည်း ဈေးကွက်သစ်ရရှိ

စာမျက်နှာ - ၄ ➤

## ကသာခရိုင် ဆောင်းမြေပဲ မန္တလေး တက်ဈေးမျှော်


စာမျက်နှာ - ၅ ➤

## ယင်းမာပင်မြို့နယ် မင်းစုရွာတွင် တစောင်းခါးစိုက် တောင်သူများပြားလာ

စာမျက်နှာ - ၆ ➤

## Singapore’s Journey: Enabling Private Sector Growth and Attracting FDI မှ လေ့လာရရှိသော သင်ခန်းစာများ

စာမျက်နှာ - ၁၄ ➤






# REGENCY
## PETROL STATION
**Quality you can trust.**

" "လူကြီးမင်းတို့၏ ကားများတွင် အမှန်တကယ်လိုအပ်လျက်ရှိသော အရည်အသွေးမြင့် စက်သုံးဆီများကို စင်ကာပူနိုင်ငံမှ တိုက်ရိုက်တင်သွင်းပြီး မြန်မာနိုင်ငံအနှံ့ အပြားရှိ ဆိုင်ခွဲပေါင်း (၅၀) ကျော်တွင် အခြင်အတွယ် တိကျ မှန်ကန်စွာဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိသော **Regency Petrol Station** မိသားစုမှ နွေးထွေး လှိုက်လှဲစွာ ကြိုဆိုပါသည်။" "

**Regency Trading Co.,Ltd** မှ

ရန်ကုန်တိုင်းဒေသကြီး (၅) ဆိုင်
မန္တလေးတိုင်းဒေသကြီး (၉) ဆိုင်
နေပြည်တော်ကောင်စီ (၂) ဆိုင်
ပဲခူးတိုင်းဒေသကြီး (၄) ဆိုင်
မွန်ပြည်နယ် (၂) ဆိုင်
မကွေးတိုင်းဒေသကြီး (၂) ဆိုင်
ကချင်ပြည်နယ် (၄) ဆိုင်
ဧရာဝတီတိုင်းဒေသကြီး (၅) ဆိုင်
ရခိုင်ပြည်နယ် (၁) ဆိုင်




ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး–လားရှိုး–မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် (၁၈)ဆိုင် ဖြင့် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

**Regency** မှ **B2B Sales** အနေဖြင့် ဓိတ်ဖက်ကုမ္ပဏီများ၊ **Project & Corporate Channel** အလိုက် ရောင်းချပေးခြင်း၊ လက်ကားဖြန့်ချီလိုသော ကိုယ်စားလှယ်များအတွက်လည်း **Wholesales** ခံစားခွင့်များဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

**Regency Material Trading Co.,Ltd.** (Yangon Head Office)
No . (36), Thein Phyu Road, Pazundaung Township, Yangon, Myanmar,
Tel : (+95 1) 8610656, 8610657, 8610658, 8610659
Fax : (+95 1) 201686, 295067

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် (၅)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅)ကြိမ်မြောက် တရုတ်(ကူမင်း)ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲသို့ တက်ရောက်ရန်ထွက်ခွာ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ဇွန် ၁၄ ရက်မှ ၂၀ ရက်အထိကျင်းပမည့် (၅) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲသို့ တက်ရောက်ရန်အတွက် ဇွန် ၁၃ ရက် နံနက် ၀၉:၅၀ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ မန္တလေးမြို့၊ တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကူမင်းမြို့သို့ ထွက်ခွာသွားခဲ့သည်။

ကူမင်းမြို့၌ ကျင်းပလျက်ရှိသော အဆိုပါပြပွဲများသို့ မြန်မာနိုင်ငံမှ နှစ်စဉ်ပါဝင်ပြသလျက်ရှိရာ ယခုနှစ်တွင် မြန်မာနိုင်ငံသည် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် မြန်မာအမျိုးသားပြခန်းဆောင် (National Pavilion) ကို တည်ဆောက်ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ကုမ္ပဏီပေါင်း ၄၂ ခုမှ ပြခန်းပေါင်း ၆၄ ခန်းတွင် မြန်မာ့ထုတ်ကုန်များကို ခင်းကျင်းပြသသွားမည် ဖြစ်ပါသည်။

အဆိုပါပြပွဲများသို့ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူးချုပ်များ၊ ကုန်စည်ပြပွဲဆိုင်ရာတာဝန်ခံ အဆင့်မြင့် အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်၃၆၇ ဦးခန့် တက်ရောက်ကြမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Wang Zong Ying က မန္တလေးမြို့ တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် (၅)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅)ကြိမ်မြောက်တရုတ်(ကူမင်း) ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းလိုက်ပါလျက် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၁၄ ရက်တွင် (၅) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ (၂၅) ကြိမ်မြောက် ကူမင်း ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲနှင့် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ပါဝင်ပြသမည့် မြန်မာနိုင်ငံ၏ အမျိုးသားပြခန်းဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

နံနက် ၈:၂၅ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa တို့ဦးဆောင်၍ မြန်မာအမျိုးသားပြခန်းဆောင်အား ဖွင့်လှစ်ပေးကြပြီး မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့များ၏ မြန်မာ့ရိုးရာ အကများဖြင့်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုပြီးနောက် မြန်မာပြခန်းမဆောင်အား လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ Dianchi International Convention and Exhibition Center တွင်ကျင်းပသည့် (၅) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅) ကြိမ်မြောက် ကူမင်း ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Hu Chunhua၊ ယူနန်ပြည်နယ်၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး Mr. Chen Hao၊ အာဖဂန်နစ္စတန်၊ လာအို၊ ဗီယက်နမ်နိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကလည်း ဖွင့်ပွဲမိန့်ခွန်းပြောကြားခဲ့သည်။

အဆိုပါ(၅)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့်(၂၅) ကြိမ်မြောက် ကူမင်း ပို့ကုန်/ သွင်းကုန် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံသည် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် အမျိုးသားပြခန်းမဆောင်နှင့် ကုန်စည်ပြခန်း ၆၄ ခန်းဖြင့် ပါဝင်ပြသပြီး ကုန်သည်လုပ်ငန်းရှင် ၂၃၀ ဦး ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR )**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌဖြစ်သူ Mr. Hideo Watanabe နှင့် ရန်ကုန်မြို့ ဂျပန်နိုင်ငံသံရုံးမှ သံမှူး Mr. Kazuyuki TAKIMI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဖြစ်သူ Mr. Hideo Watanabe နှင့် ရန်ကုန်မြို့ ဂျပန်နိုင်ငံသံရုံးမှ သံမှူး Mr. Kazuyuki TAKIMI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇွန် ၄ ရက် ၁၄:၀၀နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဒေသထွက်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပသွားနိုင်ရေး၊ မြန်မာမှ လူငယ်လုပ်သားများ ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးရေး၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားနိုင်ရေးနှင့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီရရှိရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**MOC(IR )**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်တင်ပို့မှုလျော့ကျသော်လည်း ဈေးကွက်သစ်ရရှိ

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန် ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၇၃ သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၁၉၀၈၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၁၇၈၄၁ တန်၊ ငစိန်ဆန် ၂၉ တန်၊ ကောက်ညှင်းဆန် ၄၉ တန်ခန့်ဖြစ်ပြီး လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၈၀၈ တန် တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၃၅၈ တန်တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂ လားဒေ့ရှ်နယ်စပ်စခန်းများရဲ့ ဆန်တင်ပို့မှုကို ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၇၂၃၂ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာသုည ဒသမ ၇၇၇ သန်းတန်ဖိုးနဲ့ ၂၄၄၆ တန်ကျော်ဖြစ်ပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၂၀၁၉ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၄၂၇ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၉၄၆ တန်လျော့ကျခဲ့ကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှု မှ ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ၄၁၈ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ပေါင်းဆန် ၁၂၄၀၉ တန်ကို ဂီနီနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ အိုင်ဗရီကို့စ်နိုင်ငံ၊ အီးယူနိုင်ငံများ၊ စင်ကာပူနဲ့အီကွေဒေါနိုင်ငံသို့ တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၅၀၀၊ အီးယူနိုင်ငံများသို့ ၃၈၁၆ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဈေးကွက်သစ်ဖြစ်တဲ့ အီကွေဒေါနိုင်ငံသို့ ငစိန်ဆန် ၄၈ တန်တင်ပို့နိုင်ကြောင်း သိရပါ တယ်။ ရေကြောင်းမှ ယခင်တစ်ပတ်ဆန်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၀၆၁၉ တန်လျော့ကျခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ရေကြောင်းမှအမေရိကန်ဒေါ်လာ ၄ ဒသမ ၀၂၅ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၃၃၅၅ တန်တင်ပို့ခဲ့ရာ ဗီယက်နမ်၊ စင်ကာပူ၊ အီးယူ၊ အက်စတိုးနီးယားနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၃၈၄၅ တန်ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ နယ်စပ်နဲ့ရေကြောင်းမှ ဆန်တင်ပို့မှုလျော့ကျခဲ့သော်လည်း အီကွေဒေါနိုင်ငံသို့ ဈေးကွက်သစ်ထပ်မံရရှိခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ဝယ်လိုအားပုံမှန်ရှိသော်လည်း ဆန်အဝင်နည်းတဲ့အတွက် ဈေးတက်



ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်အဝင်နည်းတဲ့အတွက် ဆန်ချောရောဆန်ကြမ်းပါ ဈေးတက်သွားကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်လျှင် ကျပ် ၄၀၀၀၀နဲ့ လတ်စတစ်အိတ်လျှင် ကျပ် ၃၈၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းထိပ်စတစ်အိတ်လျှင် ကျပ် ၃၈၀၀၀နဲ့လတ်စတစ်အိတ်လျှင် ကျပ် ၃၆၀၀၀၊ ပေါ်ဆန်း(ရှယ်) တစ်အိတ်လျှင် ကျပ် ၃၇၅၀၀ မှ ကျပ် ၃၉၀၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၂၀၀၀ ခန့်ဈေးတက်ကြောင်းသိရပါတယ်။ ပုသိမ်၊ မြောင်းမြပေါ်ဆန်းထိပ်စ တစ်အိတ်လျှင် ကျပ်၄၆၀၀၀ နဲ့လတ်စတစ်အိတ်လျှင် ကျပ် ၄၄၀၀၀၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်ကျပ် ၅၃၀၀၀ မှ ကျပ် ၅၅၀၀၀၊ ကျားပျံ(ရှယ်) တစ်အိတ်ကျပ် ၄၀၀၀၀ မှ ကျပ် ၄၂၀၀၀ ရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်းသိရပါတယ်။ အဝင်နည်းပြီး အဝယ်လိုက်တဲ့ဆန်ချောတွေက ဝယ်လိုအားရှိတဲ့အတွက် ဈေးတက်သွားတာဖြစ်တယ်လို့ ကုန်စည်ဒိုင်မှသိရပါတယ်။

ယခုတစ်ပတ် ရာသီဥတုအခြေအနေအရ ဆန်အဝင်နည်းသွားတာဖြစ်ကြောင်း အဝယ်ကတော့ ပုံမှန်ရှိနေတဲ့အတွက် ဆန်ဈေးအနည်းငယ်တက်တာဖြစ်ပြီး ဆန်ကြမ်းဈေးလည်းတက်ကြောင်းသိရပါတယ်။ ဧည့်မထ ၂၅ မှတ်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၂၀၀၊ မိုးသုခတစ်အိတ်လျှင် ကျပ် ၂၄၅၀၀ မှ ကျပ် ၂၆၀၀၀၊ အကြမ်း (ရှယ်) တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ မှ ကျပ် ၂၂၈၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ကျပ် ၂၂၇၀၀ မှ ကျပ် ၂၃၅၀၀၊ သီးထပ် (ရှယ်) တစ်အိတ် ကျပ် ၂၂၀၀၀ မှ ကျပ် ၂၂၈၀၀ ရှိပြီး ဆန်တစ်အိတ်ကို ကျပ် ၅၀၀မှ ကျပ် ၁၀၀၀ အထိ ဈေးတက်ကြောင်းသိရပါတယ်။ ဆန်အဝင်နည်းပြီး တရုတ်နယ်စပ်ဘက်ကလည်း အဆွဲရှိတဲ့အတွက် ဈေးတက်တာလို့ ဝါးတန်းကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်တို့တွင် ဇွန်လဒုတိယပတ်အတွင်း စပါး/ဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်တို့တွင် ဇွန်လဒုတိယပတ်အတွင်း မိုးဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ယခင်ကျပ် ၅၇၀၀၀၀ မှ ယခုကျပ် ၅၈၀၀၀၀၊ ကန်ကြီးထောင့်မြို့နယ်တွင် နှွေစပါး ၄၆ ပေါင် တင်း ၁၀၀ကို ကျပ် ၅၀၈၀၀၀ မှယခုကျပ် ၅၂၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၃၅၀၀မှ ကျပ် ၂၄၀၀၀ဖြစ်သွား၍စပါးတင်း ၁၀၀ကိုကျပ် ၁၀၀၀၀ ဝန်းကျင်နှင့် ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ဝန်းကျင်မြင့်တက်သွားကြောင်း၊ဟင်္သာတခရိုင် ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များတွင် မိုးဧည့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၈၀၀၀၀၊ ကျပ် ၅၉၀၀၀၀ မှ ယခုကျပ် ၅၉၀၀၀၀၊ကျပ် ၆၀၀၀၀၀ ၊ နွေစပါး ၄၆ ပေါင် တင်း ၁၀၀ ကိုကျပ် ၅၁၅၀၀၀ မှကျပ် ၅၂၀၀၀၀ ဖြစ်သွား၍ မိုးစပါးတင်း၁၀၀ကိုကျပ်၁၀၀၀၀ ဝန်းကျင်၊ နွေစပါးတင်း ၁၀၀ ကိုကျပ် ၅၀၀၀ ဝန်းကျင်မြင့်တက်သွားပြီး မိုးဆန်တစ်အိတ်ကို ကျပ် ၂၃၅၀၀ ၊ ကျပ် ၂၄၀၀၀ မှကျပ် ၂၄၀၀၀၊ကျပ် ၂၄၅၀၀ ၊ နွေဆန် တစ်အိတ်ကိုကျပ် ၂၁၅၀၀၊ ကျပ် ၂၂၀၀၀ မှကျပ် ၂၂၅၀၀၊ ၂၃၀၀၀ ကျပ်သို့ မြင့်တက်မှုရှိကြောင်း ဆန်စပါးဈေးကွက် သတင်းများမှ သိရသည်။ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်မှ ဟင်္သာတခရိုင်အတွင်းရှိမြို့နယ်များတွင် စပါး/ဆန်ဈေးနှုန်းမြင့်တက်ရခြင်းမှာ ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုများ၍ လမ်းပန်းဆက်သွယ်မှု အခက်အခဲရှိခြင်း၊ လုပ်သားများ လာရောက်မှုမရှိ၍ ဆန်ကြိတ်ခွဲမှု မပြုနိုင်ခြင်း၊ ဆန်ဈေးကွက်ကောင်းနေသည့်အတွက် ဈေးနှုန်း မြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်စပါးကုန်သည် အသိုင်းအဝိုင်း ဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပသ)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၆-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၃၀ | ၄၂၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၀ | ၄၁၅ | ▽ | ၄၅၃ | ၄၅၁ | ▽ | ၄၀၈ | ၄၁၀ | △ | ၄၃၃ | ၄၃၅ | △ |
| ဆန်ဖြူ ၁၀% | ၄၁၈ | ၄၁၃ | ▽ | ၄၄၈ | ၄၄၆ | ▽ | - | - | - | ၄၂၈ | ၄၃၀ | △ |
| ဆန်ဖြူ ၁၅% | ၄၁၀ | ၄၀၇ | ▽ | ၄၄၂ | ၄၄၁ | ▽ | - | - | - | ၄၂၃ | ၄၂၅ | △ |
| ဆန်ဖြူ ၂၅% | ၄၀၀ | ၃၉၇ | ▽ | ၄၂၉ | ၄၂၅ | ▽ | ၃၇၃ | ၃၇၀ | ▽ | ၃၉၀ | ၃၉၀ | □ |
| ပေါင်းဆန် | ၄၄၉ | ၄၃၉ | ▽ | - | - | - | ၃၉၈ | ၃၉၈ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁၅-၆-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၅၀ | □ | ၂၂၀၀၀ | □ | ၉၁၈၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၄၀၀၀ | □ | ၁၀၀၀၀ | □ | ၄၃၀၀၀ | ▽ |
| ပဲခူး | ၆၂၀၀ | △ | ၂၄၀၀၀ | △ | ၈၂၅၀ | △ | ၃၇၀၀၀ | □ |
| ရွှေဘို | ၈၀၀၀ | □ | ၃၁၀၀၀ | □ | ၁၄၅၀၀ | □ | ၄၇၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၀၅၀၀ | □ | ၇၄၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၄၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၈၄၀ | △ | ၂၁၈၀၀ | △ | - | - | ၃၆၀၀၀ | △ |
| မန္တလေး | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၇၀၀၀ | ▽ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၆၂၅၀ | △ | ၂၆၀၀၀ | △ | ၈၇၀၀ | △ | ၄၂၀၀၀ | △ |
| လှိုင်ကော် | ၈၆၉၀ | ▽ | ၄၀၀၀၀ | △ | - | - | ၅၉၀၀၀ | □ |
| မြိတ် | ၆၀၀၀ | □ | ၂၆၀၀၀ | △ | - | - | ၄၃၀၀၀ | △ |
| ဘားအံ | ၅၈၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၁-၆-၂၀၁၈ မှ ၁၅-၆-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1027 | 50,020,958.478 |
| 2 | Form D | 88 | 3,008,457.660 |
| 3 | Form E | 99 | 2,156,522.710 |
| 4 | Korea GSP | 7 | 170,869.400 |
| 5 | Form AK | 105 | 5,432,065.210 |
| 6 | Form AJ | 15 | 894,852.860 |
| 7 | Form AI | 60 | 1,799,002.750 |
| 8 | Form AANZ | 6 | 45,330.730 |
| 9 | Form DFTP | 1 | 155,635,200 |
| 10 | Form CHINA | | |
| **Grand Total** | | **1408** | **63,683,694.998** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၅-၆-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၈/၆ | ၁၅/၆ | ပြောင်းလဲမှု | ၈/၆ | ၁၅/၆ | ပြောင်းလဲမှု | ၈/၆ | ၁၅/၆ | ပြောင်းလဲမှု | ၈/၆ | ၁၅/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၃၁ | ၇၇၂ | ▼ | ၈၅၀ | ၈၃၃ | ▼ | ၈၂၅ | ၈၀၀ | ▼ | ၈၂၀ | ၇၆၀ | ▼ |
| ပဲစင်းငုံ | ၈၂၃ | ၇၉၂ | ▼ | ၇၁၇ | ၇၀၀ | ▼ | ၇၉၀ | ၆၅၀ | ▼ | ၇၈၀ | ၆၄၀ | ▼ |
| ပဲတီစိမ်း | ၁၂၀၀ | ၁၂၈၀ | ▲ | ၂၃၁၁ | ၂၀၄၄ | ▼ | ၂၀၇၉ | ၂၀၀၀ | ▼ | ၁၉၇၅ | ၁၈၄၅ | ▼ |
| ကုလားပဲရိုးရိုး | ၁၅၀၀ | ၁၅၀၀ | ■ | ၁၁၃၅ | ၁၁၄၄ | ▲ | ၁၁၄၂ | ၁၁၄၂ | ■ | ၁၁၁၀ | ၁၁၆၀ | ▲ |
| ပဲလွန်းဖြူ | ၁၀၁၅ | ၁၀၃၀ | ▲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၂၁၀ | ၁၂၁၀ | ■ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၂၅၈ | ၂၂၅၈ | ■ | ၂၀၅၂ | ၂၀၀၀ | ▼ | ၂၀၀၀ | ၂၀၀၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၅-၆-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၈/၆ | ၁၅/၆ | ပြောင်းလဲမှု | ၇/၆ | ၁၄/၆ | ပြောင်းလဲမှု | ၇/၆ | ၁၄/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၉၀ | ၃၄၅ | ▼ | ၄၈၅ | ၄၅၈ | ▼ | ၅၀၇ | ၅၀၂ | ▼ |
| ပဲစင်းငုံ | ၃၉၀ | ၃၈၀ | ▼ | ၅၂၂ | ၄၉၅ | ▼ | ၅၆၀ | ၅၂၈ | ▼ |
| ပဲတီစိမ်း | ၆၅၀ | ၆၅၀ | ■ | - | - | - | ၇၄၆ | ၇၃၉ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၅၈၀ | ၅၈၀ | ■ | ၅၀၇ | ၄၈၄ | ▼ | ၅၄၈ | ၅၂၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၂ ၆.၁၈)ထိ | (၉.၆.၁၈)ထိ | (၉.၆.၁၈) ထိ |
| မတ်ပဲ | ၉၃၇၈၂ | ၉၈၈၁ | ၁၀၃၆၆၃ |
| ပဲတီစိမ်း | ၆၂၅၈၁ | ၃၀၁၁ | ၆၅၅၉၂ |
| ပဲစင်းငုံ | ၃၅၅၅၉ | ၁၅၇၉ | ၃၇၁၃၈ |
| ကုလားပဲ | ၁၇၈၃၃ | ၃၂၃၁ | ၂၁၀၆၄ |
| ပဲလွန်းဖြူ | ၁၇၆၆၉ | ၂၅၅ | ၁၇၉၂၄ |
| မြေထောက်ပဲ | ၇၂၁၉ | ၄၁၁ | ၇၆၃၀ |

## ပြည်ဘိုကိတ်ပဲ လက်လီဈေးကွက်မှာ ဈေးအနိမ့်သာရရှိနေ

ဇွန်လလယ်ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသီးနှံအနေဖြင့် ပဲဝင်ရောက်ခြင်း မရှိဘဲ လက်ကျန်ပဲများသာရှိခဲ့ကာ နေ့စဉ်လက်လီဝယ်ယူသူများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် အိတ်အနည်းငယ်သာ ရောင်းဝယ်မှုဖြစ်လို့ တစ်ရက်အိတ် ၃၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးနှုန်းကတော့ တစ်တင်းကျပ် ၁၅၅၀၀ ဖြင့် လဆန်းရက်က ဈေးအတိုင်း ဈေးဆက်ငြိမ်နေသလို ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်နေခဲ့ပါတယ်။ ယခင်နှစ်ကလည်း အခြားလက်လီ ပဲများနှင့်ဈေးနှုန်းနှိုင်းယှဉ်မှုအရ ဈေးနိမ့်နေတယ်ဆိုသော်လည်း တစ်တင်းကျပ် နှစ်သောင်း ကျော်အထက်ရရှိခဲ့လို့ယခုနှစ် ဈေးနှုန်းအရ ယခင်နှစ်ဈေးကို မမီခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

# ပခုက္ကူကုန်စည်ဒိုင်၌ ပုံမှန်အရောင်းအဝယ်ဖြစ်နေသော ပဲစင်းငုံနီ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီ(အဟောင်း) တစ်တင်းလျှင် ကျပ် ၁၅၆၀၀ ဈေးဖြင့် အိတ်ရေ ၁၀၀ ခန့်၊ ပဲစင်းငုံနီ (အသစ်) တစ်တင်းလျှင် ကျပ် ၁၁၈၀၀ ဈေးဖြင့် ၃၅ အိတ်ခန့်၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၀၉၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၁၂၀၀ ခန့်၊အိတ် ၅၀ခန့်၊ ကုလားပဲဖြူ V6 တစ်တင်းလျှင် ကျပ် ၂၁၀၀၀ ဈေးဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၁၀၀၀ ဈေးဖြင့် အိတ် ၅၀ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၂၅၀၀ ဈေးဖြင့် အိတ် ၅၀ ခန့်၊ ယခုတစ်ပတ်တွင် ပဲတီစိမ်းကြီးဈေးနှုန်းမှာ တဖြည်းဖြည်းနှင့် ကျလျက်ရှိပြီး ယခင်တစ်ပတ်က တစ်တင်းလျှင် အရည်အသွေးကိုလိုက်၍ ကျပ် ၃၅၀၀၀ မှ ၃၇၅၀၀ ထိရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

စွန်တာနီ (ကျွန်း) တစ်တင်းလျှင် ကျပ် ၂၀၅၀၀ ဖြင့် အိတ် ၅၀ ခန့် ၊ ဒေသထွက်ဖြစ်သော ပဲယင်း(မြစ်ခြေ) တစ်တင်းလျှင် ကျပ် ၂၁၀၀၀ ဈေးဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြောင်းဖူးစေ့ (CP) မှာ ပြည်ပမှလည်းအစွဲရှိပြီး ဒေသတွင်းမှလည်း တိရစ္ဆာန်စာအဖြစ်လည်း သုံးစွဲနေကြပြီး တစ်တင်းလျှင် ကျပ် ၁၀၇၀၀ ဈေးဖြင့် အိတ်ရေ ၁၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပြီး အညာဒေသထွက်ဖြစ်သော မန်ကျည်းတောင့်များ တစ်ပိဿာလျှင် ကျပ် ၈၀၀ ဈေးဖြင့် ပိဿာချိန် တစ်ထောင်ကျော် ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ် ဖြစ်နေလျက်ရှိပြီး အခြားပဲများမှာလည်း ရက်ခြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**သူဇာကျော်**

# ကသာခရိုင် ဆောင်းမြေပဲ မန္တလေးတက်ဈေးမျှော်



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ ၂၀၁၈ ခုနှစ်တွင် ဆောင်းမြေပဲ စိုက်ဧက ၄၅၀၀၀ ဧကကျော် စိုက်ပျိုးခဲ့ရာမှာ တစ်ဧကအထွက်ပျမ်းမျှတင်း ၈၀ ကျော်ထွက်လို့ အထွက်နှုန်းကောင်းပြီး တစ်ခရိုင်လုံးအထွက် တင်း ၃၆ သိန်းရှိမှာဖြစ်ပါတယ်။ တောင်သူများအနေနဲ့ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေပြန်ဆပ်ဖို့ မြေပဲရောင်းလိုသော်လည်း ပဲကုန်သည်များက မန္တလေးတက်ဈေးမျှော်နေလို့ မြေပဲဈေးကွက်အေးနေကြောင်း သိရပါတယ်။

ဆောင်းမြေပဲပေါ်ချိန် မန္တလေးဈေးကွက်မှာ လုံးဆန်တစ်ပိဿာ ကျပ် ၂၀၀၀၊ ဆီဆန်တစ်ပိဿာကျပ် ၁၈၀၀ ဖြင့် ဈေးဖွင့်ခဲ့ပါတယ်။ ဒေသတွင်းဈေးကွက်မှာ အခွံပါတစ်တင်းကျပ် ၉၀၀၀ ရှိပြီး အခွံပါပဲတစ်တင်းခွဲကိုပါက မြေပဲဆန် ၄ါးပိဿာထွက်ပါတယ်။ "ကြိတ်ခွဲခ၊ သယ်ယူခ တင်ချခများထည့် တွက်ပါက အရှုံးပေါ်နေကြောင်း မြေပဲလှောင်ကုန်သည်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ မန္တလေးမြေပဲဈေးကွက်ကိုကြည့်ပြီး ဝယ်ယူတင်ပို့မှုရှိတဲ့အတွက် လက်ရှိအခြေအနေမှာ မြေပဲဈေးကွက်အေးနေတယ်" လို့ မြေပဲကုန်သည် ဦးရန်ရှင်းထံမှ သိရပါတယ်။

**ကြည်နိုင်ဦး(အင်းတော်)**

# မုံရွာကုန်စည်ဒိုင်၏ မြေပဲဆန်ဈေးကွက်အခြေအနေ

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သောမြေပဲဆန်ဈေးကွက်မှာ ဈေးအနည်းငယ်မြင့်တက်လာကာ အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်လျက်ရှိကြောင်း ပဲကုန်သည်တစ်ဦးထံမှ သိရပါတယ်။

ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူနှင့်နီများကို မုံရွာကုန်စည်ဒိုင်သို့ အဝင်ရှိသလောက် ဆားလှော်သမားများက ဝယ်ယူလျက်ရှိတာသိရပါတယ်။ ယခုတစ်ပတ်မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ)ကျပ်၂၄၀၀ နဲ့အိတ် ၃၀၀ ခန့်၊ (လုံးဆန်နီ) ကျပ် ၂၄၀၀/၂၄၅၀နဲ့ အိတ် ၅၀၀ခန့်၊(ဆီဆန် ကျပ်၂၁၀၀နဲ့ အိတ် ၁၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကာ မြေပဲဆီဈေးမှာ တစ်ပိဿာ(လက်ကား) ကျပ် ၄၀၀၀/၄၅၀၀၊(လက်လီ) ကျပ်၅၀၀၀/ ၅၅၀၀၊ နှမ်းဆီဈေးကတော့ တစ်ပိဿာ(လက်ကား) ကျပ် ၄၅၀၀၊ (လက်လီ) ကျပ် ၄၈၀၀/ ၅၀၀၀ နှုန်းပေါက်လျက်ရှိကြောင်းသိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ )**

# ပြည်မတ်ပဲသီးနှံ လဆန်းရက်ထက် ဈေးလျော့သွားခဲ့

ယခုတစ်ပတ် မတ်ပဲသီးနှံမှာ မိုးရွာသွန်းမှုများနေတာကြောင့် ပဲဈေးကွက်သို့ ဝင်ရောက်မှုနည်းခဲ့တယ်လို့ သိရပါတယ်။ ပဲလက်ကျန်များရှိခဲ့လို့ ပဲအဝင်နည်းသော်လည်း ရန်ကုန်ဝယ်လက် ဝယ်လိုအားရှိသလောက် ရောင်းချခဲ့ရကာ ယခုရက်ပိုင်းအတွင်း တစ်ရက်အိတ် ၂၀၀၊ ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲဈေး မှာဈေးပြန်လျော့သွားခဲ့လို့ တစ်တင်းကျပ် ၁၆၂၀၀ ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်းကျပ် တစ်ထောင်ကျော် လျော့နည်းခဲ့သော်လည်း မေလအတွင်းရရှိခဲ့သော ပဲဈေးနှုန်းထက် ဈေးပိုရနေခဲ့ကြောင်းသိရပါတယ်။ မတ်ပဲသီးနှံမှာ လက်ကျန်များရှိနေသော်လည်း ဈေးဆက်မြင့်တက်လာမလား မျှော်လင့်ကာ လှောင်လက် တောင်သူအချို့နှင့် ပွဲရုံလှောင်သမားအချို့ ထုတ်ရောင်းချမှုနည်းနေတယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ထောပတ်ပဲသီးနှံဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရ

ယခုဇွန်လ ဒုတိယပတ်အတွင်း မိုးရွာသွန်းမှုများလို့ ပဲဈေးကွက်အတွင်း ပဲအဝင်လည်း ပါးခဲ့ကာ အရောင်းအဝယ်လည်း အေးနေတယ်လို့ သိရပါတယ်။ ထောပတ် ပဲသီးနှံမှာလည်း ပဲအဝင်လုံးဝမရှိတော့သလို ပဲလက်ကျန်လည်း နည်းပါးလာပြီဖြစ်တာကြောင့် ပဲဈေးနှုန်းအနေဖြင့် ဈေးအမြင့်အတိုင်း ဆက်ရခဲ့ပါတယ်။

ပဲတစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဖြင့် နှစ်စဉ်ဈေးကောင်းနေတဲ့ စားတော်ပဲသီးနှံထက်ပင် ဈေးကောင်းပိုရလာလို့ လက်လီပဲဈေးကွက်အတွင်းမှာပါ လက်ကားပဲများအားလုံးထက်ပါ ဈေးအမြင့်ဆုံးပို့ရလျက်ရှိကြောင်းသိရပါတယ်။ ယခင်နှစ်ကလည်း လက်လီပဲများအားလုံး ဈေးကောင်းရခဲ့တာကြောင့် ထောပတ်ပဲသီးနှံဈေးမှာ တစ်တင်းကျပ် သုံးသောင်းကျော်ကျော်ရှိခဲ့တာကိုလည်း တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၄ . ၆ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၂) | - SINAR BANDUNG | ကုန်သေတ္တာ ၄၄၀ ကုန်တင် ၅၇၂ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း(၂) | - FORMOSA CONTAINER NO-5 | ကုန်သေတ္တာ၄၄၀ကုန်တင်၅၇၂ကုန်ချရန် |
| အလုံဆိပ်ကမ်း(၂) | - YAAN BYAE | ဓာတ်မြေသြဇာအိတ်၆၂၅၅ကုန်ချရန် |
| စက်မှုဆိပ်ကမ်း(၃) | - MCC HALONG | ကုန်သေတ္တာ ၆၆၂ ကုန်တင် ၅၁၃ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၁) | - STOVE TIDE | ဆန် ၃၀၀၀၀ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၃) | - U THAR | ဓါတ်မြေသြဇာအိတ် ၁၂၀၀၀ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၄) | - MAAN AUNG | ဓါတ်မြေသြဇာအိတ် ၇၆၇၃ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၅) | - MJ BULKER | ဆန ၂၂၄၀၀ ကုန်တင်ရန် |
| Myanmar Integrated - Port Ltd | SPLIT | Steel ၂၈၁၆၁ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၂) | - VALENTINA-R | Coal ၂၇၆၄၃ ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း(၃) | - TROGIR | Steel Product ၂၇၀၄၈ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၄) | - DANSA EAGLE | Steel ၃၃၀၀၅ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၅) | - YONG SHENG | Steel& Equipment ၅၃၃၆ ကုန်ချရန် |
| MMTM JETTY | - MT OCEAN VICTORY | Diesel Oil ၂၃၁၄၃ ကုန်ချရန် |
| GREEN ASIA JETTY | - MT YU RU | Diesel Oil ၁၃၀၀၂ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SKELT | Coal 27634ကုန်ချရန် | - | ၁၄ . ၆ . ၂၀၁၈ |
| DYNAMIC OCEAN-02 | Urea(In Bulk)၆၀၀၀ကုန်ချရန် | - | ၁၄ . ၆ . ၂၀၁၈ |
| HANDE | Fixed Crane ၃၀၉ ကုန်ချရန် | - | ၁၄ . ၆ . ၂၀၁၈ |
| PROME THUS LEADER | Units Vehicle (RO/RO) ၈၆၄ ကုန်ချရန် | - | ၁၅ . ၆ . ၂၀၁၈ |
| LE MANS EXPRESS | Units Vehicle (RO/RO) ၇၈၈ ကုန်ချရန် | - | ၁၆ . ၆ . ၂၀၁၈ |
| JUN BENEFIT | Steel ၂၉၀၀၀ ကုန်ချရန် | CHINA | ၁၆ . ၆ . ၂၀၁၈ |
| ANDARAYA | Steel&G/C ၂၉၇၉၁ တန်ကုန်ချရန် | CHINA | ၁၆ . ၆ . ၂၀၁၈ |
| MIDWEST ANGLEA _II | G/C,BOX ၃ တန်ကုန်ချရန | SINGAPORE | ၂၁ . ၆ . ၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၆.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၆.၂၀၁၈ |
| MCC HALONG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၆.၆.၂၀၁၈ |
| KUO TAI | MALAYSIA | စက်မှုဆိပ်ကမ်း | ၁၆.၆.၂၀၁၈ |
| MAENAM-1 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၆.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၆.၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၆.၆.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၆.၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၆.၂၀၁၈ |
| YANTRA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၇.၆.၂၀၁၈ |
| SEA MASTER | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၇.၆.၂၀၁၈ |
| OLYMPIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၇.၆.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၆.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၂.၆.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GREAT DIAMOND | ဒီဇယ်ဆီ | - | ၁၄.၆.၂၀၁၈ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၁၅.၆.၂၀၁၈ |
| MT.PRINROSE | P'Oil(In Bulk) | INDONESIA | ၁၅.၆.၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၁၇.၆.၂၀၁၈ |
| MT.SK LINE-1 | P'Oil(In Bulk) | INDONESIA | ၁၈.၆.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၁၉.၆.၂၀၁၈ |
| MT.FLY SEAL | Mogas 92 RON | SINGAPORE | ၁၉.၆.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂၀.၆.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၂၁.၆.၂၀၁၈ |
| MT.AUVIRGO | P'Oil(In Bulk) | SINGAPORE | ၂၂.၆.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၂၄.၆.၂၀၁၈ |
| MT.ORCA PACIFIC | ဒီဇယ်ဆီ | SINGAPORE | ၂၅.၆.၂၀၁၈ |
| MT.YU RU | ဒီဇယ်ဆီ | SINGAPORE | ၂၅.၆.၂၀၁၈ |

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

ကယားပြည်နယ်၊ လွိုင်ကော်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်သို့ မေ ၂ ရက်မှ ၈ ရက်အတွင်း ကုန်သွယ်မှု အမှန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၅၇ ဒသမ ၅ တန်ဖိုးရှိ ကြက်သွန်နီ ကီလိုဂရမ် ၁၅၀၀၊ အမေရိကန်ဒေါ်လာ ၇၂၆၀ တန်ဖိုးရှိ ငရုတ်သီးခြောက် ကီလိုဂရမ် ၄၀၀၀ ကို တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှ အမေရိကန်ဒေါ်လာ ၈၄၀၀ တန်ဖိုးရှိဟင်းချိုမှုန့်အရေအတွက်၇၀၀၀၊ အမေရိကန်ဒေါ်လာ ၁၄၀၀၀ တန်ဖိုးရှိ ဆန်အိတ်ချုပ်စက် အရေအတွက် ၁၀ ခု၊ အမေရိကန်ဒေါ်လာ ၂၉၅၀ တန်ဖိုးရှိ ပဲနို့ဘူးအရေအတွက် ၅၀၀၀ အမေရိကန်ဒေါ်လာ ၃၀၄၀ တန်ဖိုးရှိဆောက်လုပ်ရေးလုပ်ငန်းသုံး ကော်မှုန့်အရေအတွက် ၁၉၀၀၀၊ အမေရိကန်ဒေါ်လာ ၂၅၀၀ တန်ဖိုးရှိ သန့်ရှင်းရေးသုံး ဆပ်ပြာရည် ၂၀၀၀၀၊ အမေရိကန်ဒေါ်လာ ၂၀၀၀ တန်ဖိုးရှိ ဆိုဒါရေအရေအတွက် ၄၀၀၀၊ အမေရိကန်ဒေါ်လာ ၁၀၀၀ တန်ဖိုးရှိ ဘိလပ်မြေဘုတ်ပြား အရေအတွက် ၁၀၀၀၀၊ အမေရိကန်ဒေါ်လာ ၄၀၀ တန်ဖိုးရှိ ဘာဒီကော်ဖီမစ် အရေအတွက် ၂၀၀ စုစုပေါင်း ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၄၂၀၀၇ တို့အား တင်သွင်းခဲ့ကြောင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရပါတယ်။

မေလ တတိယပတ်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့၊ မန္တလေးမြို့မှဆယ်ဘက်သို့ ဒေသထွက် ဧည့်မထ စုစုပေါင်း ဆန်အိတ် ၃၂၂၀ တန်ချိန် ၁၆၂ တန်ခန့် တင်ပို့ထားကြောင်း ဆန်တင်သွင်းမှုကိုကြည့်ပါက ကယားပြည်နယ်သို့ ရန်ကုန်မြို့မှ ၂၈၂၃ အိတ် တန်ချိန်အားဖြင့် ၁၄၂ တန်ရှိကြောင်း သိရှိရပါတယ်။

ကယားပြည်နယ်မှ အခြားမြို့ကြီးများသို့ စုစုပေါင်းပြောင်းအိတ် ၂၃၂၅ အိတ် တန်ချိန်အားဖြင့် ၁၁၄ တန်ခန့် တင်ပို့ထားပြီး ပဲစင်းငုံတင်ပို့မှုမှာ စုစုပေါင်း ၁၅၇၀ အိတ် တန်ချိန်အားဖြင့် ၇၇ တန်တင်ပို့ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

# ပြည်ဆန်၊ စပါးဈေးမိုးကောင်းတာကြောင့် ဈေးတက်လာ

ယခုဇွန်လ ဒုတိယပတ်အတွင်း မိုးများဆက်တိုက်ရွာသွန်းနေတာကြောင့် ယခင်မိုးစပါးဟောင်းတွေ ဈေးမြင့်တက်လာကြောင်းသိရပါတယ်။ ဧည့်မထ(နွေ) စပါးဈေးကတော့ အစိုဓာတ်ပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားနေတာ တွေ့ရပါတယ်။ ပြည်မြို့ပေါ်ရှိပွဲရုံများနှင့်ဆန်စက်များတွင် ဧည့်မထ(မိုး)စပါးဟောင်း အနေဖြင့် ရတနာတိုး၊ အင်းမ၊ ကျောက်ရွေးစပါးများ အရောင်းအဝယ်ဖြစ်နေတာ သိရပါတယ်။

ယခုတစ်ပတ် စပါးဈေးတွေကတော့ စပါးဈေးတင်း ၁၀၀ ၄၆ ပေါင်ကိုက် ဈေးဖြင့် ဧည့်မထ(မိုး) ဟောင်း အင်းမ၊ ကျောက်ရွေး ကျပ် ၆၇၀၀၀၀ နှင့် ရတနာ တိုး(မိုး)ဟောင်းဈေးမှာ ကျပ် ၅၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဧည့်မထ(နွေ) စပါးသစ်ကတော့ ၄၆ ပေါင်ကိုက်ဈေး၊ ရတနာတိုးစပါး ကျပ် ၅၁၄၀၀၀ မှ ကျပ် ၅၂၀၀၀၀ ထိဈေးပေါက်နေပြီး အစိုဓာတ် ၂၀ ရာခိုင်နှုန်း ဝန်းကျင်ရှိကြောင်းလည်း သိရပါတယ်။ (နွေ) ရတနာတိုးစပါးကို ဆန်သား ၈၅ ဒသမ ၉၀ ရာခိုင်နှုန်းဆန်အိတ်များကို ရန်ကုန်မှအဝယ်ရှိပြီး တစ်ပတ်လျှင် အိတ် ၁၀၀၀ ခန့်တင်ပို့ရကြောင်းလည်း သိရပါတယ်။ ဒေသတွင်းပွဲရုံများမှာလည်း မိုး(စပါး) ဆန်အိတ်များတင်ပို့မှုရှိပြီး အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**နီနီဝင်း**

# မူဆယ်ဇုန်ရဲ့ သီတင်းတစ်ပတ် ကုန်သွယ်မှုအခြေအနေ

ဇွန် ၂ ရက်မှ ၈ ရက် အထိ သီတင်းပတ်အတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၄၀၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၉၀၁ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၃၀၁ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ သီတင်းပတ်မှာ ပို့ကုန်တွင်နှမ်း၊ ရော်ဘာ၊ ပဲ၊ သရက်သီး၊ ကြက်သွန်နီ၊ ငါးမျိုးစုံ၊ နနွင်းတက်၊ သကြား၊ အမဲသားခြောက်၊ ကျွဲနွားသားရေအစို၊ နွား (အရှင်) တင်ပို့မှုပိုမိုခဲ့ပြီး သွင်းကုန်တွင်လည်း လယ်ထွန်စက်၊ စက်နှင့်စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများနှင့် အချိုမှုန့်တို့ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ယခင်တစ်ပတ်ထက် ကုန်သွယ်မှုပမာဏပိုမိုခဲ့ပါသည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာ ၁၃၄၅ ကျပ်၊ တစ်ဒေါ်လာ ၆ ဒသမ ၄၀၄ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၇၈ ယွမ်နှုန်းရှိကြောင်း တွေ့ရပါသည်။

ပို့ကုန်ကားထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၂၀၁၇ စီး၊ ၁၂ ဘီးယာဉ် ၁၄၀၉ စီး၊ ခြောက်ဘီးယာဉ် ၅၁၃ စီး၊ လေးဘီးယာဉ် ၃၃၄ စီးဖြစ်ပြီး သွင်းကုန်ကားစီးရေထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၇၂၈ စီး၊ ၁၂ ဘီးယာဉ် ၁၁၆၅ စီး၊ ခြောက်ဘီးယာဉ် ၁၅၁ စီး၊ လေးဘီးယာဉ်ရှစ်စီးတို့ဖြစ်ကြောင်း သိရပါသည်။

**မော်မော်အောင်**

# ယင်းမာပင်မြို့နယ် မင်းစုရွာတွင် တစောင်းခါးစိုက် တောင်သူများပြားလာ

တစောင်းခါးဟာဆိုရင် ယနေ့ကာလမှာ လူအများစားသုံးနှစ်သက်တဲ့ အစားအစာတစ်ခုအဖြစ် စားသုံးကြပြီး အာဟာရနှင့် ပြည့်စုံတဲ့ စားဖိုဆောင်သီးနှံတစ်ခုဖြစ်ပါတယ်။ တစောင်းခါးဟာ စားသုံးသူများအတွက် ဟင်းအဖြစ် နည်းမျိုးစုံဖြင့် ချက်ပြုတ်စားသောက်သည့် အပြင် သားရေစာအဖြစ်ပါ သုပ်စားလို့ရပါတယ်။ တစောင်းခါးမှာ အချဉ်နှင့် အခါးဟူ၍ နှစ်မျိုးရှိပြီး တစောင်းခါးချက်စားပြီး ရေသောက်လိုက်လျှင် ပါးစပ်ထဲမှာ ချိုနေတဲ့ အရသာထူးလေး ခံစားမိတာကြောင့် စားသုံးသူများပြားလာတဲ့အတွက် ယင်းမာပင်မြို့နယ် မင်းစုကျေးရွာတွင်လည်း စိုက်ပျိုးသူများပြားလာကြောင်း တစောင်းခါး စိုက်ပျိုးသည့်တောင်သူ ဦးဝင်းအောင်က ပြောပြချက်အရ သိရပါတယ်။

တစောင်းခါးမှာ ဝါဆိုလတွင် စတင်စိုက်ပျိုးရပြီး ပျိုးပင်တစ်ပိဿာ ကျပ် ၆၀၀ ရှိ၍ တစ်ဧကလျှင် ပိဿာချိန် ၁၅၀၀ စိုက်ပျိုးရပါတယ်။ တစောင်းခါးမှာ ရေရရှိလျှင် တပို့တွဲ၊ တပေါင်းတွင် နုတ်ယူရောင်းချရပြီး ရေမရရှိလျှင် တန်ခူး၊ ကဆုန်၊ နယုန်မှ နုတ်ယူရောင်းချရပါတယ်။ တစ်ပိဿာစိုက်၍ ဖြစ်ထွန်းလျှင် အချိန် ၁၀ ထွက်ရှိပြီး ပျမ်းမျှအားဖြင့် ၇ ပိဿာ ထွက်ရှိပါတယ်။ ပေါင်းနုတ်၊ ရေဖျန်းခြင်းများ လုပ်ဆောင်ပေးရပြီး တစ်ခါငှားလျှင် အလုပ်သမား ၂၀ ဦး ခန့်ငှားရမ်းရ၍ ယောက်ျားလေး ကျပ် ၅၀၀၀၊ မိန်းကလေး ကျပ် ၄၀၀၀ ငှားရမ်းခပေးရပြီး စိုက်ပျိုးသည့်အချိန်မှ နုတ်သည့်အချိန်အထိ ၃ ကြိမ် ငှားရမ်းရပါတယ်။ ကုန်ကျစရိတ်အနေဖြင့် တစ်ဧက ၂၅ သိန်းခန့်ကုန်ကျပြီး ပျမ်းမျှထွက်နှုန်းမှာ ပိဿာချိန် တစ်သောင်းကျော်ခန့် ထွက်ရှိပါတယ်။ တစ်ပိဿာလျှင် ကျပ် ၆၀၀ နှုန်းဖြင့် ရောင်းချရ၍ ပခုက္ကူ၊ မုံရွာ၊ မန္တလေးသို့ တင်ပို့ရောင်းချရကြောင်း သိရပါတယ်။

**မိုးမိုးမြင့် (ယင်းမာပင်)**

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက် မိုးဆက်တိုက် ရွာသွန်းမှုကြောင့်အရောင်းအဝယ်အေး


ယခုတစ်ပတ်တွင်လည်း ပြည်ဈေးကွက်သို့ကြက်သွန်နီ ဝင်ရောက်မှုမှာ ဆက်လက် အဝင်နည်းနေတာတွေ့ရပါတယ်။ ပခုက္ကူ ၊ ဆိပ်ဖြူဘက်မှ ကြက်သွန်နီများ ပိဿာ(၃၀) ဝင်အိတ် ၃၀၀ ခန့်သာ နေ့စဉ် အဝင်ရှိနေကြောင်း သိရပါတယ်။

အဝင်လည်းနည်းသလို အရောင်းအဝယ်မှာလည်း မိုးဆက်တိုက် ရွာသွန်းမှုကြောင့် အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။ အရောင်းအဝယ်အားဖြင့် ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲသမားများ၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်နေ့ကို ဝင်ရောက်မှုရဲ့သုံးပုံတစ်ပုံခန့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ အရည်အသွေးပေါ် မူတည်၍ ပွဲရုံလက္ကားဈေး တစ်ပိဿာကို ကျပ် ၅၀၀၊ ကျပ် ၅၅၀၊ ကျပ် ၆၀၀၊ ကျပ် ၆၅၀၊ ကျပ် ၇၀၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးများတွင် (ကြီး) ကျပ် ၇၀၀၊ (လတ်)ကျပ် ၈၀၀၊ (သေး) ကျပ် ၆၀၀၊ ကျပ် ၆၅၀ နှုန်းဖြင့် ရောင်းချလျက် ရှိနေပြီး ဈေးငြိမ်နေတာတွေ့ရပါတယ်။ ဈေးကွက်အတွင်း ကြက်သွန်နီ အလတ်စများသာ အရောင်းအဝယ်ပိုဖြစ်ကာ ကြက်သွန်နီ အလုံးကြီးများကို စားသုံးသူများအကြိုက်မတွေ့၍ ဝယ်ယူမှု မရှိတဲ့အတွက် အလုံးကြီးဈေးမှာ အလတ်စဈေးအောက် လျော့နည်းရောင်းချနေကြောင်း ပွဲရုံဈေးကွက်မှ သိရှိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ချင်း

# ဟိုပုံးဈေးကွက်တွင် ချင်းစိုလက်ကျန်ကုန်



အောင်ပန်း ဈေးကွက်မှာတော့ ချင်း(စို)က အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။ ချင်းအဟောင်းက လက်ကျန် ကုန်သလောက်ဖြစ်နေပါပြီ။ အရောင်းအဝယ် ကောင်းလာတာကြောင့် ဈေးကလည်း ကောင်းနေပါတယ်။ မိုးသာ အဆက်မပြတ် ရွာလာရင်တော့ ချင်း(ဥမ)တွေလည်း ဈေးကွက်ကို အနည်းငယ်စောပြီး ရောက်လာနိုင်တယ်လို့ ဆိုပါတယ်။

အခု လောလောဆယ်တော့ မဖော်နိုင်သေးပါဘူး။ ဈေးကွက်မှာလည်း ချင်း(စို)က အရောင်းအဝယ်သွက်နေတော့ တောင်သူတွေ/ ကုန် သည်တွေကလည်း (ဥမ)ပေါ်လာမှာကို စောင့်နေကြပါတယ်။ အရင်လ တစ်လလုံးမှာ အောင်ပန်းဈေးကွက်မှတစ်ဆင့် ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ စစ်တွေ စတဲ့မြို့တွေက ဝယ်လိုအားကောင်းတာကြောင့် တစ်လအတွင်းမှာချင်း(စို)က ပိဿာချိန် ၇သိန်းခန့်နဲ့ ချင်းခြောက် က ၂ဒသမ၇ သိန်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ ချင်း(စို)က လက်ကျန် ကုန်သွားပါပြီ ။တစ်ပိဿာကို ကျပ် ၉၅၀ နဲ့ ဈေးပိတ်သွားတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်ချင်း(စို) တစ်ပိဿာ ပေါက်ဈေးက အနိမ့်ဆုံးကျပ် ၃၀၀ မှ အမြင့်ဆုံးကျပ် ၈၀၀ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကျပ် ၁၁၀၀ဈေးရှိတယ်လို့သိရပါတယ်။ **ဇေခိုင်၊ တောင်ကြီး**

# ချင်းတန်ချိန် ၇၀၀ကျော်တင်ပို့

ဇွန်လ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း ချင်း ၇၇၁ဒသမ ၂၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၃၉ ဒသမ ၄၉၁ တန်၊ ဂျာမနီနိုင်ငံသို့ ၁၈ တန်၊ စင်ကာပူနိုင်ငံသို့ ၁၈၉ တန်နဲ့ သီရိလင်္ကာနိုင်ငံသို့ ၂၄ ဒသမ ၇၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းခြောက်တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ၁၃၀၀ ဝန်းကျင်ရရှိခဲ့ပြီး အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးသော ချင်းမှာ တစ်တန်ကို ပျမ်းမျှအမေရိကန် ဒေါ်လာ ၁၅၀၀ ကျော်ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၁၈၅၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၀၀၀ ကျော် တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၇၈၇၈ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# မောင်တောကုန်သွယ်ရေးစခန်းမှ ဝါးလုံးအကြီးပိုမိုတင်ပို့

ဇွန်၂ ရက်မှ ၈ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမေရိကန် ဒေါ်လာ ၅၂၇၄ တန်ဖိုးရှိ ဝါးလုံးအကြီး ၆၅ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၅၀ နဲ့နှိုင်းယှဉ်ပါက ၁၅ တန်ခွဲ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဝါးများကို မောင်တောဆိပ်ကမ်းမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဝါးဖောင်ဖွဲ့ပြီး တင်ပို့ တယ်လို့ မောင်တောကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

# တရုတ်နိုင်ငံသို့ ပီလောပီနံအမှုန့် ပိုမိုတင်ပို့

ဇွန် ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၇၀၉၀ တန်ဖိုးရှိ ပီလောပီနံအမှုန့် ၁၂၉ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၈၀နဲ့နှိုင်းယှဉ်ပါက ၄၉တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ပီလောပီနံအမှုန့်ရဲ့လိုင်စင်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၁၀ ရှိကြောင်း၊ တရုတ်နိုင်ငံမှာ တိရစ္ဆာန်အစာအတွက် အသုံးပြုတာဖြစ်ကြောင်းသိရပါတယ်။ **မော်မော်အောင်**

# မူဆယ်မှတရုတ်နိုင်ငံသို့ သကြားတန်ချိန်သုံးသောင်းကျော်တင်ပို့

ဇွန် ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇၁၈ သန်း တန်ဖိုးရှိ သကြား(ရိုးရိုး) ၃၀၃၃၅ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၈၈၅၇ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၁၁၄၇၈တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်လျှင် ကျပ် ၈၇၄၂၅၀ ဈေးဖြင့် ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်ဖက်နိုင်ငံဈေးအနေဖြင့် ယခင်တစ်ပတ်က ၄၁၇၁ ယွမ်ရှိရာမှ ဇွန် ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်တွင် ၄၁၆၃ ယွမ်သို့ဈေးအနည်းငယ်ကျဆင်းခဲ့ပါတယ်။ **မော်မော်အောင်**

## နှမ်း

# မူဆယ်မှ နှမ်းတင်ပို့မှုပို

ဇွန် ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၇၆၃၀၆ တန်ဖိုးရှိ နှမ်းတက်(ရှမ်းစ) ၂၅၆ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ ခဲ့တဲ့ ၉၃ တန်နဲ့နှိုင်းယှဉ်ပါက ၁၆၃ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ၉၀၇၈၇၅ ကျပ် မှ ၉၂၁၃၂၅ ကျပ်ဝန်းကျင်ခန့်ရှိပြီး ယမန်နှစ်ကာလတူက ကျပ် ၉၅၃၉၂၀ ဈေးရှိခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# နှမ်းတန်ချိန် ၂၀၀ကျော်တင်ပို့

ဇွန်လ ၃ ရက်မှ ၉ ရက် အထိ သီတင်းပတ်အတွင်း နှမ်း ၂၆၅ ဒသမ ၈၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံသို့ သုညဒသမ ၈ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၈၇ တန်နဲ့ အိန္ဒိယနိုင်ငံမှ ၁၇၈ တန် တင်ပို့ခဲ့ပါတယ်။ နှမ်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၀၀-၅၆၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နှမ်းတန်ချိန် ၄၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၅၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၉၃၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# ရှမ်းနှမ်း အရောင်းသွက်


ရှမ်းနှမ်းကလည်းတဖြည်းဖြည်းနဲ့ အရောင်းသွက်လာပါပြီ။ ပြီးခဲ့တဲ့လအထိ ပြည်တွင်းသုံး ဝယ်လက်တွေသာရှိခဲ့ပြီး အခုလမှာတော့ ပြည်ပဝယ်လက်တွေက အနည်းငယ်ဝယ်ယူလာပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ပါကစ္စတန်ကို တင်ပို့ဖို့အတွက် တောင်ကုတ်ဝယ်လက်တွေက ဝယ်ယူ လာသလို တရုတ်ကိုပို့ဖို့အတွက်လည်း မူဆယ်ဝယ်လက်တွေက ပြန်ဝယ်ယူဖို့ ဈေးနှုန်း စုံစမ်းလာကြတယ်လို့ သိရပါတယ်။ နှမ်းစားသုံးခြင်းဟာ ကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ ကင်ဆာရောဂါကို ကာကွယ်ခြင်း စတဲ့ ကောင်းကျိုးတွေကိုသိရှိလာတဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေက မြန်မာနှမ်းကို ဝယ်ယူဖို့ စိတ်ဝင်စားလာကြတယ်လို့လည်း သိရပါတယ်။ အရည်အသွေးကောင်းမွန်တဲ့နှမ်းတွေကို အသုံးပြုလိုပြီး မြန်မာများရဲ့ မိရိုးဖလာနည်းအတိုင်း ပြုတ်ခြောက်လုပ်ပြီးမှ ရရှိလာသော နှမ်းအမျိုးအစားထက် သဘာဝအတိုင်း ခြောက်သွေ့သောနှမ်းကို ပိုပြီးလိုချင်တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဟိုပုံးဈေးကွက်က နှမ်းလည်း ဒီတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်လာပါတယ်။ တောင်ကုတ်ဝယ်လက်တွေ ဝယ်လာတယ်လို့သိရပါတယ်။ ဈေးကွက်မှာ တစ်လ/နှစ်လခန့် အဝင်မရှိဘဲနေရာက ယခုတစ်ပတ်မှာတော့ အဝင်အနည်းငယ်ပြန်ရှိလာတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် နှမ်းတစ်ပိဿာ ပေါက်ဈေးတွေက အောင်ပန်းမှာက အနည်းဆုံးကျပ် ၉၀၀ မှ အမြင့်ဆုံးကျပ် ၂၅၀၀ ဈေးရှိပြီး ဟိုပုံးဈေးကွက်မှာတော့ အနိမ့်ဆုံး ကျပ် ၇၅၀ မှ အမြင့်ဆုံးကျပ် ၁၆၀၀ ဈေးရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုပို



ဇွန်လ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၈၅၀ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၃၀၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၀၀၊ စင်ကာပူနိုင်ငံသို့ ၃၇၅ တန်နဲ့ ထိုင်းနိုင်ငံသို့ ၇၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့သိရပါတယ်။ မန်ကျည်းသီး(အသစ်)က တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၈၅-၄၀၀ ဝန်းကျင်ရရှိခဲ့ပြီး မန်ကျည်းသီး(အဟောင်း)က တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၂၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၀၀ ကျော် တင်ပို့မှု ပိုခဲ့ တယ်လို့ သိရပါတယ်။ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၆၇၅၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

Vol: 18, No.24 Monday June 18 2018

မျိုးသီတာ(မြင်းခြံ)

ပဲစင်းငုံသီးနှံကို သိပ္ပံအမည်အားဖြင့် Cajauns Cajin (L) Millsp ဟုခေါ်ပြီး အင်္ဂလိပ်ဘာသာ စကားဖြင့် Pigeon Pea Toor Whole ဟုခေါ်သကဲ့သို့ အိန္ဒိယဘာသာစကားဖြင့် Arhar ဟုလည်း ခေါ်ပါသည်။ ပဲစင်းငုံကို အပူပိုင်းနှင့် အပူသမပိုင်းနိုင်ငံများတွင် စိုက်ပျိုးကြပြီး မိုးသီးနှံအဖြစ် အထက်မြန်မာပြည် အပူပိုင်း ခြောက်သွေ့ဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပါသည်။ မြန်မာနိုင်ငံတွင် အများဆုံးစိုက်ပျိုးကြသည့် ပဲစင်းငုံအများစုမှာ သက်ကြီးမျိုးများဖြစ်၍ ပဲစင်းငုံစိုက်ပျိုးဧရိယာ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ ပဲစင်းငုံကိုမိုးသီးနှံအဖြစ် မေလနှင့်ဇွန်လတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လတွင် ရိတ်သိမ်းကြပါသည်။

မြန်မာနိုင်ငံတွင် ပဲစင်းငုံသီးနှံမှာ နှစ်စဉ်စိုက်ဧက ၁၆ သိန်းနီးပါးစိုက်ပျိုးကြပြီး ပျမ်းမျှအထွက် ၁၂ တင်း ခန့်နှုန်းဖြင့် အထွက်တင်းပေါင်း သိန်း ၁၉၀ ကျော်ခန့် ထွက်ရှိပါသည်။ တန်ချိန်အားဖြင့် ၆၀၀၀၀၀ ကျော် ထွက်ရှိပြီး နှစ်စဉ်ပြည်ပတင်ပို့သည့်တန်ချိန်သည် နှစ်သိန်းကျော် သုံးသိန်းနီးပါးခန့် တင်ပို့ရောင်းချလျက်ရှိပါသည်။ ပဲစင်းငုံသည်ပြည်တွင်း၌ အနည်းငယ်သာစားသုံး၍ အဓိကအားဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပြီး နိုင်ငံခြားငွေအများဆုံးရှာဖွေပေးလျက်ရှိသော ပဲသီးနှံတစ်မျိုးလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ပဲစင်းငုံတင်ပို့လျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ စင်ကာပူ၊ အမေရိကန်၊ ကနေဒါ၊ အာရတ်စော်ဘွားများနိုင်ငံ၊ ပါကစ္စတန်၊ နီပေါ၊ ယူနိုက်တက်ကင်းဒမ်းနှင့် မလေးရှားနိုင်ငံတို့ဖြစ်ပြီး အဓိကဈေးကွက်မှာ အိန္ဒိယသို့ တင်ပို့ရောင်းချခြင်းဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပြည်ပသို့တန်ချိန် တန် ၁၈၄၆၁၀ တင်ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၉ ဒသမ ၇၈၈ သန်း ရရှိခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲစင်းငုံတန်ချိန် ၂၂၄၅၆၆ တန်တင်ပို့နိုင်၍ ပြီးခဲ့သည့်နှစ်ထက် တန်ချိန် ၄၀၀၀၀ နီးပါးခန့်ပိုမိုတင်ပို့နိုင်ခဲ့၍ ယခင်နှစ်များကဲ့သို့ တင်ပို့တန်ချိန် မကျသော်လည်း ဈေးနှုန်းမကောင်းသည့်အတွက် ဝင်ငွေရရှိမှုနည်းခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၂၇၉ သန်းခန့်သာ ရရှိခဲ့ပါသည်။

ထိုသို့ပြည်ပသို့ အဓိက တင်ပို့ရောင်းချလျက်ရှိသော ပဲစင်းငုံကို မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး၌ အဓိကစိုက်ပျိုးနေကြောင်း တွေ့ရှိရပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ပဲစင်းငုံစိုက်ဧကမှာ ဧက ၄၇၅၀၀၀ ရှိခဲ့ပါသည်။ ယင်းဧကများအနက် မြင်းခြံခရိုင်၏ ပဲစင်းငုံစိုက်ဧကသည် ၁၈၀၀၀၀ ကျော်နှင့် အများဆုံးစိုက်ပျိုးထွက်ရှိရာ ဒေသတစ်ခုလည်းဖြစ်ပါသည်။ မြင်းခြံခရိုင်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိပြီး လယ်ယာထွက်ကုန်ပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အများဆုံးလုပ်ကိုင်၍ စီးပွားရေးကောင်းမွန်သည့် ခရိုင်တစ်ခုလည်း ဖြစ်ပါသည်။ အသားတင်စိုက်ပျိုးမြေဧရိယာဧက ၇ ဒသမ ၃ သိန်းခန့်ရှိသည့်အနက် ယာမြေနှင့် ကိုင်းကျွန်းမြေသည် စုစုပေါင်းဧရိယာ ဧက ၆ ဒသမ ၄ သိန်းနီးပါး ဖြစ်သောကြောင့် အများစုသည်လယ်ယာထွက်ကုန် သီးနှံများကို စိုက်ပျိုး ထုတ်လုပ်သူများဖြစ်ကြပါသည်။ လူဦးရေ ၈ ဒသမ ၇ သိန်း၏ ၈၇ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် မြင်းခြံခရိုင်၏ လယ်ယာထွက်ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းကြပြီး ၎င်းတို့၏ စီးပွားရေးသည် လယ်ယာထွက်ကုန်ပေါ် အခြေခံသည့်စီးပွားရေး ဖြစ်ပါသည်။

မြင်းခြံခရိုင်တွင် အများဆုံးစိုက်ပျိုးသည့် လယ်ယာထွက်ကုန်သီးနှံများကိုကြည့်ပါက ဆန်စပါးမှအစပြု၍ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ ကြက်သွန်နီအပါအဝင် စားဖိုဆောင်သီးနှံများ၊ ဖရဲနှင့် အခြားသစ်သီးဝလံများ၊ ပြောင်းဖူး၊ ဆေးရွက်ကြီးစသည်ဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်အနက် မြင်းခြံခရိုင်၏ စီးပွားရေးတွင် ပဲစင်းငုံ၏ အရေးပါမှုသည်လည်း အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ပဲစင်းငုံဟုဆိုလိုက်သည်နှင့် တစ်ပြိုင်နက် မြင်းခြံမြို့နယ်ရှိ သစ်ရုံကျေးရွာအုပ်စုတွင် စိုက်ပျိုးသော ပဲစင်းငုံများသည် အလုံးသန့်ခြင်း၊ အရွယ်ညီခြင်းစသည့် အရည်အသွေးကောင်းများရှိသကဲ့သို့



မိုးလေဝသမှန်ကန်ပါက တစ်ဧကအထွက်နှုန်း တင်း ၂၀ ခန့်အထိပင်ထွက်ရှိသောကြောင့် ပဲစင်းငုံဖြင့် နာမည်ထင်ရှားသောကျေးရွာအုပ်စုတစ်ခု ဖြစ်ပါသည်။ သို့သော် ယခုနှစ်တွင် ပဲစင်းငုံဈေးနည်းပါးမှုကြောင့် အဆိုပါ သစ်ရုံကျေးရွာအုပ်စုအပါအဝင် ပဲစင်းငုံစိုက်ပျိုးသည့် ကျေးရွာများအနေဖြင့် ဝင်ငွေကျဆင်းခြင်းကို ကြုံတွေ့နေရသော အနေအထားမျိုး ဖြစ်ပါသည်။

၂၀၁၇ခုနှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုကို ကန့်သတ်မှုကြောင့် မြန်မာနိုင်ငံတွင် ပဲစင်းငုံ ဈေးများကျဆင်းလာပြီး စိုက်ပျိုးထုတ်လုပ်မှုကို များစွာထိခိုက်စေခဲ့ပါသည်။ ပြီးခဲ့သည့်နှစ် မေ၊ ဇွန်လများတွင် စိုက်ပျိုးခဲ့သည့်ပဲစင်းငုံသည် သီးနှံပေါ်ချိန် ဇန်နဝါရီလခန့်မှစ၍ ပဲစင်းငုံအသစ်တစ်တင်း ကျပ် ၁၂၀၀၀ နှင့် အဟောင်းတစ်တင်းကို ကျပ် ၁၁၀၀၀ နှုန်းဖြင့် စတင်အရောင်းအဝယ်ဖြစ်လာခဲ့သော်လည်း ပဲဈေးကွက်အေးမှုကြောင့် အချို့ပဲစင်းငုံစိုက်တောင်သူများသည် ပြည်ပတင်ပို့မှုမရှိသည့်အတွက် စိုက်ခင်းများကိုဖျက်ပြီး အခြား အစားထိုးသီးနှံများကို စိုက်ပျိုးလာကြသဖြင့် အထွက်နှုန်း အလွန်အမင်း ကျဆင်းခဲ့ပါသည်။ ထို့အပြင် ထွက်ရှိလာသည့် ပဲစင်းငုံများသည် အချိန်အခါမဟုတ်မိုးရွာသွန်းမှုကြောင့် အရည်အသွေးမကောင်းသည့်အတွက် ဈေးကွက်အတွင်း ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံအဟောင်းသည် ပို၍ဈေးကောင်းရရှိနေသည်ကို တွေ့ရှိရပါသည်။ တောင်သူ များအနေဖြင့် ပဲစင်းငုံကိုအထိုက်အလျောက် စိုက်ပျိုးခဲ့သော်လည်း ပဲစင်းငုံဈေးကွက်ပျက်နေသည့်အတွက် အလေးထားအာရုံစိုက်မှု၊ ပြုစုမှုနည်းပါးမှုကြောင့် လည်းကောင်း၊ ရာသီဥတုချို့ယွင်းခဲ့သဖြင့် လည်းကောင်း ပဲစင်းငုံ အရည်အသွေးနှင့် အထွက်နှုန်းကိုပါ ထိခိုက်စေခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် မတ်လကုန် ဧပြီလဆန်းတွင် ပဲအသစ်ဝယ်ယူမည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာရမည်ဖြစ်သော်လည်း ထုတ်ပြန်ကြေညာခြင်းမရှိသဖြင့် မြန်မာနိုင်ငံတွင် ပဲစင်းငုံအသစ်များ ထွက်ပေါ်လာချိန်အထိ ဈေးနှုန်းများတစ်စထက်တစ်စ ကျဆင်းလာသည်ကိုလည်း တွေ့ရပါသည်။

ထို့ကြောင့်ပဲစင်းငုံဈေးကွက်သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင်စတင်ပေါ်ထွက်လာသော ပဲစင်းငုံများကို လှောင်လက်များမှ တစ်ပိဿာ ကျပ် ၅၅၀ မှ ၅၇၀ ဖြင့်ဝယ်ယူလာကြပြီး ဖေဖော်ဝါရီလ လဆန်းပိုင်းတွင် တစ်ပိဿာ ကျပ် ၅၀ မှ ကျပ် ၇၀ ခန့်ထိဈေးမြင့်လာပါသည်။ ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ဈေးကွက်ပြန်အေးလာပြီး ပဲစင်းငုံအသစ် တစ်ပိဿာ ကျပ် ၅၂၀ အထိ ကျဆင်းလာပါသည်။ မတ်လနှင့် ဧပြီလ သင်္ကြန်အပြီး၌ မြင်းခြံကုန်စည်ဒိုင်တွင် အရောင်းအဝယ်မဖြစ်၊ ပစ္စည်းအဝင်လည်းမရှိ ဖြစ်လာပြီး မေလဆန်းတွင် ပဲစင်းငုံ အဟောင်းတစ်ပိဿာ ကျပ် ၅၀၀ ခန့်နှင့် အသစ် ကျပ် ၄၁၀ ခန့်ဈေးဖြင့်သာ တန့်နေခဲ့ပါသည်။ သို့သော် ၂၀၁၈ ခုနှစ်မေလလယ်ခန့်တွင် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲတီစိမ်းကို တန်ချိန် သတ်မှတ်ဝယ်ယူမည်ဟူသော သတင်းများထွက်ပေါ်ချိန်မှစ၍ ပဲစင်းငုံဈေးများ တစ်ပတ်အတွင်း ပြန်လည်ဈေးမြင့်လာရာ မေလဒုတိယပတ်တွင် ဈေးနှုန်းသည် တစ်ပိဿာ ကျပ် ၆၀၀ ခန့်နှင့် အရောင်းအဝယ်သွက်လာပြီးနောက် မေလ တတိယပတ်တွင် ကျပ် ၇၀၀၊ မေလကုန်ခါနီးတွင် တစ်ပိဿာကျပ် ၈၀၀ ဈေးအထိ မြင့်တက်လာသည်ကို တွေ့ရပါသည်။

မြင်းခြံခရိုင်အတွင်းရှိမြို့နယ်များတွင် ဇွန်လပထမပတ်အတွင်း ပဲစင်းငုံဈေးကွက် အခြေအနေကို လေ့လာကြည့်ရာ မြင်းခြံမြို့တွင် ဈေးကွက်အနည်းငယ်အေးနေပြီး ယခင်တစ်ပတ်ထက် ၂၅ ကျပ်ခန့် ဈေးကျလာသော်လည်း တောင်သူများမှတက်ဈေးမျှော်ပြီး ထိန်း၍ ရောင်းချသောကြောင့် ဈေးကွက်အတွင်း ပစ္စည်းအဝင်နည်းလျက်ရှိပါသည်။ ရန်ကုန်သို့ ခွဲခြမ်းအနေဖြင့် ရောင်းချခြင်းမရှိဘဲ အလုံးလိုက်သာ ရောင်းချလျက်ရှိပါသည်။ မြင်းခြံမြို့တွင်ပဲစင်းငုံအသစ်ထက် အဟောင်းမှာ အရည်အသွေးပိုကောင်းသည့်အတွက် ဈေးပိုမိုရရှိပြီး အဟောင်းတစ်ပိဿာ ၇၇၅ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေပါသည်။ နွားထိုးကြီးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်မှ ပဲစင်းငုံများကို မြင်းခြံဈေးကွက်နှင့် မန္တလေးဈေးကွက်များသို့ တင်ပို့ရောင်းချနေပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချမှု အနည်းငယ်သာ ရှိပါသည်။ ဇွန်လပထမပတ်အတွင်း အရောင်းအဝယ်မဖြစ်ဘဲ ဈေးနှုန်းအနေဖြင့် ပဲစင်းငုံအသစ် တစ်ပိဿာ ကျပ် ၅၅၀ နှင့်အဟောင်းတစ်ပိဿာ ကျပ် ၇၈၀ ခန့်ဖြင့်သာပေါက်ဈေးရှိပါသည်။ တောင်သာမြို့နယ်မှ ပဲစင်းငုံများမှာ ရန်ကုန်သို့တစ်ရက်လျှင် ကားစီးရေ တစ်စီး၊ နှစ်စီးသာ ထွက်နေပြီး တောင်သာ ကုန်စည်ဒိုင်တွင် ပဲစင်းငုံ တစ်ပိဿာ (ဟောင်း) ၇၇၅ ကျပ်နှင့် (သစ်) ၅၇၅ ကျပ် ဖြင့်သာ အရောင်းအဝယ်ဖြစ်နေပါသည်။ တောင်သာမှပဲစင်းငုံများကို မန္တလေးသို့ တင်ပို့ရောင်းချမှု မရှိကြောင်းနှင့် ပဲစင်းငုံ ဈေးကွက်ကောင်းမှ တောင်သူများအကျိုးခံစားရကြောင်း၊ မဟုတ်ပါက မြို့ပေါ်ရှိ ကုန်သည်၊ ပွဲစားများသာ အကျိုးခံစားရပြီး ပြည်ပတင်ပို့မှုအမြဲရှိမှသာလျှင် တောင်သူများ အကျိုးခံစားခွင့်ရှိကြောင်း ကုန်သည်တစ်ဦး၏ သုံးသပ်ချက်အရသိရှိရပါသည်။ လက်ရှိဈေးကွက်အတွင်း ဖြစ်ပေါ်နေသည့်အခြေအနေနှင့်စပ်လျဉ်း၍ တောင်သူများ၏ သဘောထားများကို သိရှိရန် ဆက်သွယ်မေးမြန်းကြည့်ရာ မြင်းခြံမြို့နယ် သစ်ရုံကျေးရွာရှိ တောင်သူကြီးတစ်ဦးက "ပဲစင်းငုံ ဈေးကောင်းစဉ်က နှစ်စဉ်ဧက ၅၀ ခန့်စိုက်ပျိုးပါတယ်။ ပဲစင်းငုံကို လုံးဝ လက်လွတ်သွားမှာတော့မဟုတ်ပါဘူး။ အနည်းဆုံး ထင်းနဲ့နွားစာ၊ မြေသြဇာအတွက် မပူရလို့ ခုဆိုစစိုက်နေပါပြီ။ ဒီနှစ်မှာတော့ပဲဈေးကွက်က မသေချာလို့ ၁၅ ဧကလောက်မှာ မြေပဲနဲ့ သီးညှပ် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ပဲစင်းငုံကိုလျှော့စိုက်ဖို့ တွန်းအားပေးနေပေမယ့် ဘယ်သီးနှံကိုဘယ်လိုစိုက်ပျိုးပါ၊ အစားထိုးစိုက်မယ့် သီးနှံရဲ့ဈေးကွက်အခြေအနေကတော့ ဒီလိုရှိပါတယ်။ ဒါစိုက်ရင်ကောင်းတယ်၊ နည်းပညာနဲ့ မျိုးကတော့ ဘယ်လိုပါဆိုတာမျိုး သေသေချာချာလမ်းညွှန်ပေးမယ့်သူ မရှိတဲ့အတွက် တောင်သူတွေမှာ စမ်းတဝါးဝါး အမှောင်ထဲ လမ်းလျှောက်နေရသလိုပါပဲ။ ပဲစင်းငုံလက်ကျန်အနေနဲ့ကတော့ ကျွန်တော်ဆီမှာ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံလက်ကျန်တစ်တင်းခွဲ အိတ် ၅၀၀ လောက်ကျန်ပါတယ်။ တစ်ပိဿာ ဈေး ကျပ် ၁၀၀၀ လောက်အထိ ရမလားလို့စောင့်ကြည့်နေတာပါ"ဟု ပြောပါသည်။

မန္တလေးမြို့ ပဲဈေးကွက်တွင် ပဲစင်းငုံ(အဟောင်း)တစ်တင်း ကျပ် ၁၅၀၀၀ နှုန်း၊ အသစ်တစ်တင်း ကျပ် ၁၄၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ပုံမှန်အားဖြင့် ယခင်ကပဲစင်းငုံအသစ်သည် ဈေးမြင့်လေ့ရှိသော်လည်း ပြီးခဲ့သည့်နှစ်တွင် အချိန်အခါမဟုတ်မိုးရွာသွန်းသည့်အတွက် ပဲစင်းငုံများမိုးမိပြီး အထွက်နှုန်းနှင့် အရည်အသွေး ကျဆင်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ပဲစင်းငုံအဟောင်းမှာ အသစ်ထက် အရည်အသွေး ပိုမိုကောင်းမွန်သောကြောင့် ဈေးပိုကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မန္တလေးသို့ ပဲစင်းငုံများ တင်ပို့ရောင်းချကြောင်း၊ မန္တလေးမြို့တွင်ပဲစင်းငုံလက်ကျန် တစ်တင်းခွဲအိတ် ၃၅၀၀၀၀ မှ ၄၀၀၀၀၀ ခန့်အထိကျန်ရှိနေသေးကြောင်း၊ ပြီးခဲ့သည့် မေလတွင် မန္တလေးမှ ရန်ကုန်သို့ တန်ချိန် ၂၀၀၀၀ ခန့်တင်ပို့ပြီးကြောင်းနှင့် အိန္ဒိယ ကုန်သည်များအနေဖြင့် ပဲစင်းငုံကိုလိုသလောက်သာ ထိန်း၍ ဝယ်ယူနေခြင်း၊ ၎င်းတို့နိုင်ငံတွင်ပဲလက်ကျန်များ ကျန်ရှိနေခြင်း၊ စာချုပ်အရေအတွက်ပြည့်မီအောင်တင်ပို့ရန် ကျန်ရှိနေသေးခြင်းတို့ကြောင့် ပဲစင်းငုံဈေးမှာ အမြင့်ဆုံးဈေး တစ်တင်း ကျပ် ၁၇၀၀၀ ခန့်သာဖြစ်နိုင်ကြောင်း၊ မန္တလေးပဲ၊ နှမ်းအသင်း၏ တာဝန်ရှိသူတစ်ဦးက သုံးသပ် ပြောကြားခဲ့ပါသည်။

ပဲစင်းငုံသည် အညာဒေသတောင်သူများအတွက် လုံးဝပစ်ပယ်၍မရသည့် သီးနှံတစ်မျိုးဖြစ်သဖြင့် စိုက်ပျိုးမှုကို လုံးဝစွန့်လွှတ်ရန် မဖြစ်နိုင်သော်လည်း လျှော့ချစိုက်ပျိုးသင့်သော သီးနှံတစ်ခုအဖြစ် နားလည်လက်ခံထားပြီးဖြစ်ပါသည်။ ထို့အပြင်တောင်သူအများစုအနေဖြင့် ပဲစင်းငုံကိုသီးညှပ်စိုက်ပျိုးမှုသာများပြား၍ ပဲစင်းငုံကိုလျှော့၍ စိုက်ပျိုးရမည်ဆိုပါကလည်း အခက်အခဲမရှိနိုင်သည်ကို တွေ့ရှိရပါသည်။

**စာမျက်နှာ ၁၇ သို့**

## ခတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ခတ်ဆီ၊ ဒီဇယ် အဝင်လျော့

ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ၃၄၂၈၃၄၀၀ တန်ဖိုးရှိဒီဇယ် ၅၇၇၁၆ ဒသမ ၀၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၃၀၁၈၉၈၀ တန်ဖိုးရှိ ခတ်ဆီ ၃၈၈၀၆ ဒသမ ၅၈ တန်၊စုစုပေါင်း ၉၆၅၈၂ ဒသမ ၆၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (92) တို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၉၄၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၁၇၀၀ ကျော် အဝင်လျော့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၅၁၈၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၁၃၀၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ခတ်ဆီရောဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၆၇ တန်ဖိုးရှိ အဆင့်မြင့် Re-exportဒီဇယ်တန်ချိန် ၁၂၈၂၈ ဒသမ ၅၁ တန်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၁၄၇၈၈ တန်ဖိုးရှိ Re-export ဒီဇယ် ၁၀၃၃၃ ဒသမ ၉၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၆၅၀၆၄ တန်ဖိုးရှိ ခတ်ဆီ ၁၃၅၉ ဒသမ ၁၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၉၁၅ ကျပ်၊ အောက်တိန်း (92) ကျပ် ၈၇၀၊ အောက်တိန်း (95) ၉၂၅ကျပ်၊ အဆင့်မြင့်ဒီဇယ် ၉၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၁၁ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၈၉၀၀၀၊ ရောင်းဈေး ကျပ် ၁၉၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ခတ်ဆီဈေးက ဇွန် ၁၁ ရက်မှာ ဝယ်ဈေး ကျပ် ၁၈၀၀၀၀၊ ရောင်းဈေး ကျပ် ၁၈၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ခတ်ဆီပါ ဈေးငြိမ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)နဲ့ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးနည်းနည်းကျတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာအောက်တိန်း (95) တစ်လီတာ ကျပ် ၁၁၀၀၊ ဒီဇယ် တစ်လီတာ ၉၅၅ ကျပ် ၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၆၅ ကျပ်၊ အောက်တိန်း **(92)** တစ်လီတာ ၉၃၅ ကျပ် ၊ ခတ်ဆီတစ်လီတာ ကျပ် ၈၄၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဇွန် ၁၁ ရက်တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၉၀၀၀၀၊ ရောင်းဈေး ကျပ် ၁၉၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း **(92)**ဈေးမှာ ဇွန်လ၁၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၈၄၀၀၀၊ ရောင်းဈေး ကျပ် ၁၈၈၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ခတ်ဆီပါ ကျပ် ၂၀၀၀ ဝန်းကျင် ဈေးကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အောက်တိန်း(95) က ဈေးနည်းနည်းမြင့်လာပြီး အောက်တိန်း(92)နဲ့ အဆင့်မြင့်ဒီဇယ်မှာ ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ခတ်ဆီ ၇၅၅ ကျပ်၊ အဆင်မြင့်ဒီဇယ် ၉၅၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၉၁၀၊ အောက်တိန်း (95) ကျပ် ၉၆၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ပြင်ပ လက်လီ ဆိုင်များမှာ ခတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၃၀၀ ၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၁၀၀ ၊ အောက်တိန်း(95) တစ်ဂါလံ ကျပ် ၄၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ အောက်တိန်း (92)နဲ့အောက်တိန်း (95)မှာ ဈေးနည်းကျလာပြီး ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် တစ်လီတာ ကျပ် ၉၆၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၈၀၊ အောက်တိန်း (92) ကျပ် ၉၅၀၊ အောက်တိန်း (95) ကျပ် ၁၀၁၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၄၃၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၃၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **သီတာဝင်း**

# အမေရိကန်ဒေါ်လာဈေး မြင့်တက်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဇွန်လ ဒုတိယပတ်အတွင်း ဈေးမြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၅၄ ကျပ်မှ တစ်ဒေါ်လာလျှင် ၁၃၅၉ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်ဗဟိုဘဏ်က အမေရိကန် ပြည်တွင်းစီးပွားရေးနှင့် အလုပ်အကိုင်ရရှိမှု အားကောင်းလာခြင်းကြောင့် အတိုးနှုန်းမြှင့်တင်ရန် ဆုံးဖြတ်ခဲ့ခြင်း၊စင်ကာပူနိုင်ငံတွင်ပြုလုပ်ခဲ့သော အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ အပေါင်းလက္ခဏာဆောင်သော ရလဒ်များရရှိခဲ့ခြင်းတို့မှာ အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်စေရန် ထောက်ပံ့ပေးမှုများဖြစ်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇွန် ၁၁ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၄၆ ကျပ်၊ ဝယ်ဈေး ၁၃၄၄ ကျပ်ဈေးရှိခဲ့ရာမှ ဇွန် ၁၃ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၃၅၁ကျပ်၊ ဝယ်ဈေး ၁၃၄၉ ကျပ်သို့ တက်လာခဲ့ပြီး ဇွန် ၁၅ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၃၅၄ကျပ်၊ ဝယ်ဈေး ၁၃၅၁ကျပ်သို့ ထပ်မံမြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ဇွန်လဒုတိယပတ်အတွင်း ပြည်တွင်းရွှေဈေး မြင့်တက်ခဲ့



ယခင်တစ်ပတ်က ဈေးငြိမ်နေခဲ့သော ပြည်တွင်းရွှေဈေးမှာ ဇွန်လ ဒုတိယပတ်တွင်တော့ ဈေးမြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ ဇွန်လပထမပတ်က ကျပ် ၉၃၄၀၀၀ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ဇွန်လ ဒုတိယပတ်အတွင်း ကျပ် ၉၃၈၀၀၀ သို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးကတော့ အရောင်းအဝယ်ပုံမှန်ရှိနေပါတယ်။ ဈေးတက်တယ်ဆိုတာကလည်း အနည်းအကျဉ်းတက်တာလောက်ဆိုတော့ သိပ်မပြောပလောက်ဘူး။ ကမ္ဘာ့ရွှေဈေးကတော့ ရေနံဈေးပေါ်မူတည်ပြီး ဈေးကလည်းအတက်အကျမျိုးတွေရှိတယ်"ဟုပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇွန် ၁၁ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၃၅၀၀၀ ရှိခဲ့ရာမှ ဇွန် ၁၄ ရက်တွင်ကျပ် ၉၃၆၀၀၀သို့ မြင့်တက်ခဲ့ပြီး ဇွန် ၁၅ ရက်တွင် ကျပ် ၉၃၈၀၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဇွန် ၁၁ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၀၀ ရှိခဲ့ရာမှ ဇွန် ၁၃ ရက်တွင် တစ်အောင်စလျှင် ၁၂၉၅ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့သော်လည်း ဇွန် ၁၅ ရက်တွင် ၁၃၀၁ အမေရိကန်ဒေါ်လာသို့ပြန်လည် မြင့်တက်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**သန်းထိုက်အောင်**

# အလားအလာရှိ အများပိုင်ကုမ္ပဏီများမှ သိလိုသော အချက်အလက်များကို ရန်ကုန်စတော့အိတ်ချိန်းထုတ်ပြန်

"အလားအလာရှိသော အများပိုင်ကုမ္ပဏီများမှ မကြာခဏ မေးမြန်းလေ့ရှိသော မေးခွန်းများနှင့် ဖြေကြားချက်များကို ရန်ကုန်စတော့အိတ်ချိန်း Web Page တွင် လွှင့်တင်ပေးထားကြောင်း သတင်းရရှိသည်။

ရန်ကုန် စတော့အိတ်ချိန်းသည် ကုမ္ပဏီများနှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်ကြသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ ဥပဒေအကျိုးဆောင်အဖွဲ့အစည်းများနှင့် စာရင်းစစ်အဖွဲ့အစည်းများအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်စံနှုန်းများ၊ စာရင်းဝင် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်စေရန် ယခုလို စီစဉ်ပေးရခြင်းဖြစ်ပြီး စိတ်ပါဝင်စားသော ကုမ္ပဏီများအနေဖြင့် အကျိုးရှိနိုင်မည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထပ်မံ သိရှိလိုသည်များရှိပါက ရန်ကုန်စတော့အိတ်ချိန်း၏ Listing Consulting Division၊ ဖုန်း ၀၉-၄၀၄၀၆၀၄၃၂သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

June 15, 2018
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.34 |
| BDT | Bangladesh Taka | 85.51 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.42 |
| EUR | Euro | 0.87 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 68.01 |
| I DR | Indonesia Rupiahs | 13945.95 |
| JPY | Japan Yen | 110.83 |
| MYR | Malaysia | 3.99 |
| PKR | Pakistan Rupees | 118.30 |
| PHP | Philippines Pesos | 53.34 |
| RUB | Russia Rubles | 62.50 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1097.61 |
| LKR | Sri Lanka Rupe | 159.66 |
| THB | Thailand Baht | 32.45 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 22791.82 |

*Source:xe.com*

## World Gold Price

June-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 11 | 1300 | 1299 | 1298 |
| 12 | 1300 | 1299 | 1299 |
| 13 | 1299 | 1296 | 1296 |
| 14 | 1300 | 1302 | 1300 |
| 15 | 1302 | 1300 | 1299 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 11-6- 2018 | 935.00 | 935.20 |
| 12-6- 2018 | 935.30 | 935.40 |
| 13-6- 2018 | 936.00 | 935.50 |
| 14-6- 2018 | 937.50 | 937.70 |
| 15-6- 2018 | 939.50 | 939.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 11 | 6.40 | 32.04 | 84.20 | 67.36 |
| 12 | 6.40 | 32.09 | 84.27 | 67.40 |
| 13 | 6.41 | 32.14 | 84.24 | 67.63 |
| 14 | 6.39 | 32.16 | 84.06 | 67.68 |
| 15 | 6.42 | 32.45 | 85.51 | 68.01 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 11-June | 16.81 | 3196.68 | 2283.79 | 7203.99 | 905.00 |
| 12-June | 16.85 | 3212.99 | 2294.58 | 7180.63 | 903.00 |
| 13-June | 16.80 | 3199.77 | 2269.68 | 7169.39 | 894.00 |
| 14-June | 16.99 | 3213.43 | 2246.76 | 7181.29 | 900.00 |
| 15-June | 17.11 | 3186.32 | 2227.14 | 7161.02 | 903.00 |

## Energy NYMEX

15-6-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 66.87 | -0.02 | -0.03 |
| Brent Crude Futr (USD/bbl) | 75.84 | -0.10 | -0.13 |
| Gasoline Rbob Fut (Cent/gal) | 208.77 | -0.33 | -0.16 |
| Natural Gas Futr (USD/MMBtu) | 2.98 | 0.01 | 0.47 |
| Heating Oil Futr (Cent/gal) | 215.32 | -0.55 | -0.25 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့

ဇွန်လ၃ရက်မှ ၉ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၃၄၄၇ တန်ဖိုးရှိ ဘိလပ်မြေ ၅၉၂တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၃၉၂ တန်နဲ့ ထိုင်းနိုင်ငံမှ တန်ချိန် ၂၀၀ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ ၁၅ တန်ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၀၀ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

ဇွန်လ ၂ ရက်မှ ၈ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၂၆၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်ကဘိလပ်မြေအဝင်မှာ တန်ချိန် ၉၉၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန်၃၇၂၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင် လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းအေး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ၅၁၅၅ ကျပ်၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)၅၁၅၅ ကျပ်၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ခရောင်းဘိလပ်မြေကကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ဘလူးဒိုင်းမွန်းက ပစ္စည်းပြတ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၉၀၀၊ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ခရောင်းကျပ်၅၁၀၀၊ အပါချီ ကျပ်၄၂၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မိုးများနေတာကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း ရပ်နေကြရတယ်။ဒါကြောင့်အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၁၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၃၀၀၊စိန်(ထိုင်း)ကျပ်၆၁၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၁၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ် မြေသြဇာအဝင်ပို

ဇွန်လ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၂၇၃၅၅၁ တန်ဖိုးရှိ မြေသြဇာ ၂၁၂၈၈ ဒသမ ၀၁ တန်ကို ပင်လယ်ရေကြောင်းလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၃၈၄၀ ဒသမ ၅၀ တန်၊ အီရန်နိုင်ငံမှ ၃၁၀၈ တန်၊ ဂျပန်နိုင်ငံမှ ၅၁ တန်၊နယ်သာလန်နိုင်ငံမှ တန်ချိန် ၁၀၀၊ နော်ဝေနိုင်ငံမှ ၂၉၉ ဒသမ ၀၅ တန်၊ ထိုင်းနိုင်ငံမှ ၁၃၅၆၅ ဒသမ ၄၆တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၃၂၄ တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ အမိုးနီးယားကလိုရိုဒ်၊ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ အော်ဂဲနစ်၊ ကွန်ပေါင်း၊ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၉၆၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၁၆၁၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

မေလ ၂၆ ရက်မှ ဇွန်လ ၁ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၂၄၂၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၃၂၁၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန်၇၈၁၀ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့မော်လမြိုင်၊မကွေး၊မန္တလေးနဲ့တောင်ကြီးမှာအရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲ-အသေး(၄၆%ရွှေတောင်-တရုတ်)နဲ့ တီစူပါ၄၆%က ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၆၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၂း၁၃(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၅၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၁၇၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၇၀၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၆၀၀၊ယူရီးယား (ယူအေအီး)ကျပ် ၂၃၀၀၀၊ မြားကမ္ဘာကျပ် ၁၆၃၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ**မိုးများနေပြီး စိုက်ခင်းထဲရေများနေတာကြောင့် မြေသြဇာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၇၈၀၀၊ သီးစုံ(ဝါစိမ်းပြာ)ကျပ် ၁၇၄၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၈၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၀၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၆၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့

ဇွန်လ ၃ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၇၄၀၀ တန်ဖိုးရှိ နို့ဆီ ၆၅ ဒသမ ၆၄ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် Cow Bell နို့ဆီတစ်မျိုးသာ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၅၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၂၅၂၄၄၁ တန်ဖိုးရှိ နို့မှုန့်၁၀၀ ဒသမ ၄၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့နို့မှုန့်တန်ချိန် ၂၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါအဝင်လျော့ခဲ့ပါတယ်။

ဒီတစ်ပတ် ယူရီးယား(ရွှေတောင်)က ကျပ် ၄၀၀၊တီစူပါက ကျပ် ၄၀၀၊ အာမို (၁၀း၁၀း၅)က ကျပ် ၃၀၀၊ပန်းသီးစုံက ကျပ် ၇၀၀၊ မြားသီးစုံက ကျပ် ၅၀၀ ဈေးကျပြီး ယူရီးယား(ပန်းဖူး)က ကျပ် ၃၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၈၀၀၊ တီစူပါ (၄၆%တရုတ်)ကျပ် ၂၁၈၀၀၊ မြားသီးစုံ ကျပ် ၁၅၃၀၀၊ ပန်းသီးစုံ ကျပ် ၁၅၇၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀၊ ပိုတက် ကျပ် ၂၃၂၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၆ မှ ၈/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၅ မှ ၁/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂·၅၀ | ၃၇·၅၀ | (-) | ၃၅·၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၂၁၄·၀၀ | ၁၈၅၆·၀၀ | (-) | ၆၄၂·၀၀ |
| ၅။ | တာချီလိတ် | ၅၀၀၀·၀၀ | ၄၉၅၀·၀၀ | (+) | ၅၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၂·၀၀ | - | (+) | ၅၂·၀၀ |
| ၈။ | မြိတ် | - | ၃၁၅၀·၀၀ | (-) | ၃၁၅၀·၀၀ |
| | စုစုပေါင်း | ၆၂၆၈·၅၀ | ၉၉၉၃·၀၀ | (-) | ၃၇၂၅·၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၆ မှ ၈/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၅ မှ ၁/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၅၉၉·၇၅ | ၁၅၅၁၇·၅၀ | (-) | ၄၉၁၇·၇၅ |
| ၂။ | လွယ်ဂျယ် | ၁၁၅၄·၅၀ | ၅၄၇·၀၀ | (+) | ၆၀၇·၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၅၂၄·၀၀ | ၂၂၆၃·၅၀ | (+) | ၂၆၀·၅၀ |
| ၄။ | ကန်ပိုက်တီ | ၁၄၄၀·၀၀ | ၇၆၀·၀၀ | (+) | ၆၈၀·၀၀ |
| ၅။ | မြဝတီ | ၄၇၇၃·၅၂ | ၃၆၀၁·၇၇ | (+) | ၁၁၇၁·၇၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၃၃၀·၀၀ | - | (+) | ၃၃၀·၀၀ |
| ၈။ | ရိုဒ် | - | ၁၅၀၀·၀၀ | (-) | ၁၅၀၀·၀၀ |
| ၉။ | တမူး | ၃၁၂·၀၀ | ၅၀·၀၀ | (+) | ၂၆၂·၀၀ |
| | စုစုပေါင်း | ၂၁၁၃၃·၇၇ | ၂၄၂၃၉·၇၇ | (-) | ၃၁၀၆·၀၀ |

ဇော်ဝင်း

## နှမ်း

# တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံသို့ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၇ သန်း တန်ဖိုးရှိ နှမ်းနက် ၅၆ တန်ကိုလည်းကောင်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၆၀၀၀ တန်ဖိုးရှိ နှမ်းညို(အခွံချွတ်) တန် ၄၀ကိုလည်းကောင်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇွန် ၂ ရက်မှ ၈ ရက်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၅၇၇၄၁ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၁၉၆၂၃၄၃ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ အလားတူ အဆိုပါရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၈၆၅၂၇တန်ဖိုးရှိ နှမ်းနက်တန် ၉၀ကျော်ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

# ပြည်ဈေးကွက်တွင် မုတ်သုံမိုးကြောင့် နှမ်းဈေးပြန်ကျ

ပဲခူးတိုင်းဒေသကြီး(အနောက်)ပြည်ဈေးကွက်တွင် ယခုတစ်ပတ် မုတ်သုံမိုးကြောင့် နှမ်းများအဝယ်ကျဲသွားလို့ ဈေးလည်းကျသွားတာတွေ့ရပါတယ်။ မန္တလေးဝယ်လက်များကလည်း တစ်ခါတစ်ရံအဝယ်ရှိလျှင် အိတ် ၅၀၀ခန့်သာ အဝယ်ရှိသဖြင့် ဝယ်လိုအားလည်းနည်း၊ ဈေးကွက်တွင်လက်ကျန်လည်းနည်းသဖြင့် ဈေးပြန်ကျလာတာတွေ့ရပါတယ်။ ဆီစက်သမားများကလည်း နေ့စဉ်မိုးများရွာသွန်းနေသဖြင့် နှမ်းနီကိုအဝယ်နည်းသွားပြီး ဆီကြိတ်ပြီးသားကိုသာ ရောင်းချနေသဖြင့် နှမ်းနီဈေးလည်း ကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀၊ နှမ်းနက်သုံးတင်းတစ်အိတ်လျှင် ကျပ်၉၅၀၀၀ နှင့် စမုံနက်နှမ်းသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပြန်ကျလာတာတွေ့ရပါတယ်။ နှမ်းနီဈေးပြန်ကျပေမယ့် နှမ်းဆီဈေးကတော့ ဈေးမကျဘဲ တန့်နေတာတွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**

## မြေပဲဆန်

# ပြည်မြေပဲဆန်ဈေးငြိမ်ပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်တာကာလအတွင်း မြေပဲဆန်ဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခင်တစ်ပတ်က ရခိုင်ဘက်မှ အဝင်ရှိသော်လည်း ယခုတစ်ပတ်တွင် မိုးများဆက်တိုက်ရွာသွန်းနေသဖြင့် အဝင်မရှိတာတွေ့ရပါတယ်။ ဝယ်လက်များကလည်း အဝယ်နည်းသွားသဖြင့် ဈေးမှာဆက်ငြိမ်နေတာတွေ့ရပါတယ်။ ဆီကြိတ်မြေပဲဆန်ကို ဆီစက်သမားများကလည်း တစ်ခါဝယ်လျှင် အိတ် ၃၀၀ ခန့်လောက်သာ အဝယ်ရှိခြင်း၊ လုံးဆန်(အနီ) ကို ပဲလှော်သမားများကအဝယ်ရှိလျှင် အိတ် ၁၀၀မှ ၁၅၀ လောက်အဝယ်ရှိသဖြင့် အရောင်းအဝယ်မှာ ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ လုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၃၅၀ နှင့် လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**

## စားအုန်းဆီ

# ဈေးကျဆင်းနေခဲ့သည့် စားအုန်းဆီ စတင်အဝယ်လိုက်လာ



မလေးရှားအစိုးရ၏ ပို့ကုန်တင်ပို့မှုအတွက် ၅ရာခိုင်နှုန်း အခွန်ကောက်ခံခဲ့ခြင်းကြောင့် စားအုန်းဆီဈေးများ ကျဆင်းနေခဲ့ပြီး ဇူလိုင်လတွင်လည်း အခွန်ဆက်လက်ကောက်ခံမည်ဖြစ်ကြောင်း အစိုးရမှထုတ်ပြန်ခဲ့သည့်အတွက် ဈေးမှာဆက်လက်ကျဆင်းနေကြောင်းသိရသည်။ ထို့သို့ စားအုန်းဆီဈေးနှုန်းကျဆင်းနေခြင်းနှင့် အရောင်းအဝယ်ထိုင်းမှိုင်းနေမှုကြောင့် စားအုန်းဆီကုန်သည်များမှာလည်း ငြီးငွေ့လျက်ရှိနေခဲ့သည်။ ဇွန် ၁၂ ရက်က ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဩဂုတ်လအတွက် စားအုန်းဆီကြိုရောင်းဈေး၏ အခြေခံစံထားဈေးနှုန်းမှာ တစ်တန်လျှင် ၂၃၂၆ ရင်းဂစ်ရှိပြီး ၁ ဒသမ ၄၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ယင်းဈေးနှုန်းသည် ၂၀၁၆ ခုနှစ် ဩဂုတ်လမှစ၍ အနိမ့်ဆုံးဈေးဖြစ်ခဲ့သည်။ ထို့နေ့တစ်နေ့တည်းအတွင်း စားအုန်းဆီဈေးမှာ ၂၂၃၂ ရင်းဂစ်အထိ ဆက်လက်ကျဆင်းသွားခဲ့ပြီး ကုန်သွယ်မှုမှာ ၂၅ တန်တွဲပေါင်း ၅၉၃၈၃တွဲရှိခဲ့ကြောင်းတွေ့ရသည်။

ဇွန် ၁၄ ရက်တွင် မလေးရှားစားအုန်းဆီဈေးအခြေအနေမှာ အနည်းငယ်လှုပ်ရှားမှုရှိလာခဲ့သည်ဟုဆိုသည်။ Eid ပွဲတော်ကျင်းပရန်အတွက် ကုန်သည်များမှ စားအုန်းဆီ ဝယ်ယူမှုရှိလာသည့်အတွက် ၂၂ လကျော် ဈေးကျဆင်းနေပြီး အရောင်းအေးခဲ့သည့် စားအုန်းဆီဈေးသည် ဈေးနိမ့်နေဆဲဖြစ်သော်လည်း အလားအလာရှိလာသည်ဟု ဆိုရမည်ဖြစ်သည်။ ဇွန် ၁၄ ရက်အတွက် ဘာဆာမလေးရှားကုန်စည်ဒိုင်၏ ဩဂုတ်လအတွက် စားအုန်းဆီကြိုရောင်းအခြေခံစံထားဈေးနှုန်းမှာ သုည ဒသမ ၈ ရာခိုင်နှုန်း တက်လာကာ တစ်တန်လျှင် ၂၃၃၆ ရင်းဂစ်ဈေး ဖြစ်လာခဲ့ပြီး ၂၅ တန်တွဲပေါင်း ၂၀၂၇၆တွဲ ကုန်သွယ်မှုရှိခဲ့ကြောင်းတွေ့ရသည်။

"ပြည်တွင်းဈေးကွက်အခြေအနေကတော့ တစ်တန်ကို ရင်းဂစ် ၂၃၀၀ ဝန်းကျင် ဈေးရှိတယ်ပြောရမှာပေါ့။ ဒါပေမဲ့ ဈေးကျနေတာကိုက လောလောဆယ်ဝယ်လက်တွေကို ဆွဲဆောင်မှုဖြစ်နေတယ်။ ပြည်ပဈေးကွက်အဝယ်လိုက်လာဖို့ ပြည်တွင်းဝယ်လိုအားရှိလာတဲ့ အခြေအနေကထောက်ပံ့ပေးဖို့ မျှော်လင့်ရတယ်"ဟု ကွာလာလမ်ပူအခြေစိုက်ကုန်သည် တစ်ဦးက ဆိုသည်။

စားအုန်းဆီဈေးနှုန်းသည် အခြားစားသုံးဆီဈေးကွက်များကိုအမှီပြုနေပြီး ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီများဈေးကွက်တွင်လည်း ပြိုင်ဆိုင်မှုမြင့်မားစွာဖြင့် ဈေးကွက်ဝေစုရရှိရေး ရုန်းကန်ကြိုးစားနေရသည်။ ဇူလိုင်လအတွက် ချီကာဂို ကုန်သွယ်မှု ဘုတ်အဖွဲ့၏ ပဲပုပ်ဆီ စာချုပ်ချုပ်ဆိုသောဈေးမှာလည်း သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်၏ ပဲပုပ်ဆီကြိုရောင်းကြိုဝယ်ဈေးသည် သုည ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးမှာ သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ခင်လေးယု**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၅-၆-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၉၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၅၅၀၀ | ၅၂၀၀ | ▽ | ၁၇၅၀ | ၁၇၃၀ | ▽ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၄၅၀၀ | ၄၄၀၀ | □ | ၁၇၅၀ | ၁၇၁၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၅-၆-၂၀၁၈ US$/Ton

| အမျိုးအစား | ငွေ့လယခင်အပတ် | ငွေ့လယခုအပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၂၄.၅၀ | ၆၁၄.၀၀ | ▽ |
| RBD P.Olein | ၆၂၇.၀၀ | ၆၁၁.၀၀ | ▽ |
| RBD P.Stearin | ၆၁၃.၀၀ | ၆၀၁.၀၀ | ▽ |

*Source: bepi.mpob*


## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၅-၆-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၅၃.၄၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၂၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၉၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၆၉.၉၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၇.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၆ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၅၉၂.၀၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၅-၆-၂၀၁၈နေ့ (CIF ဈေး Cloud Point 8˚C Max 665 ဒေါ်လာနှင့် USD ဈေး ၁၃၅၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၅-၆-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ ၁၅-၆-၂၀၁၈ရက်နေ့သည် မလေးရှားနိုင်ငံတွင် ဈေးကွက်ပိတ်သဖြင့် ၁၄-၆-၂၀၁၈ရက်နေ့ဈေးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့၏ ယေဘုယျအကောက်ခွန် သက်သာခွင့်စနစ်(GSP)အစီအစဉ်အရ ပို့ကုန်တင်ပို့သူ မှတ်ပုံတင်စနစ် (REX)ကို စတင်ကျင့်သုံးတော့မည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်

**ရွှေစင်ဦး**




အကောက်ခွန်သက်သာခွင့်ဆိုင်ရာယေဘုယျ အခွင့်အရေးပေးမှုစနစ် (Generalized system of Preference –GSP)အစီအစဉ်သည် အိန္ဒိယနိုင်ငံတွင် ၁၉၆၈ ခုနှစ်ကကျင်းပခဲ့သော ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ (United Nations Conference on Trade and Development-UNCTAD) အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖော်ထုတ်လိုက်သောအစီအစဉ် ဖြစ်ပါသည်။ အကောက်ခွန်ဆိုင်ရာ ယေဘုယျအခွင့်အရေးပေးမှုစနစ် (GSP) သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှတင်ပို့သော ကုန်ပစ္စည်းများအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက အကောက်ခွန်လျှော့ပေါ့သက်သာခွင့်ပေးသော အစီအစဉ်ဖြစ်ပြီး အဆိုပါအစီအစဉ်ကို ၁၉၇၁ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး မြန်မာနိုင်ငံသည် အဆိုပါအစီအစဉ်တွင် ၁၉၈၈ ခုနှစ်မှ စတင်ပါဝင် အကျိုးခံစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

GSP အစီအစဉ်အရ အကောက်ခွန်သက်သာခွင့် ခံစားနိုင်ရန်အတွက် ထုတ်ပေးသော Form မှာ GSP Form A ဖြစ်ပြီး GSP အစီအစဉ်အရ GSP Form A လက်ခံသောနိုင်ငံ ၄၀ နိုင်ငံရှိပါတယ်။ လက်ရှိကာလအထိ နိုင်ငံအလိုက် GSP အစီအစဉ် ၁၃ ခုကို UNCTAD အဖွဲ့သို့ အသိပေးကြေညာထားပါတယ်။ GSP အစီအစဉ်သည် တစ်ဖက်သတ်အခွင့်အရေးပေးသောစနစ်ဖြစ်ရာ အခွင့်အရေးပေးသော နိုင်ငံများမှ ၎င်းတို့စိတ်ကြိုက် စည်းကမ်းချက်များ သတ်မှတ်ဆောင်ရွက်ခွင့်ရှိတာဖြစ်လို့ GSP အခွင့်အရေးရရှိသော နိုင်ငံများမှ တင်ပို့သော ပို့ကုန်ပစ္စည်းသည် တင်သွင်းသောနိုင်ငံက သတ်မှတ်ထားသည့် GSP ပင်ရင်းနိုင်ငံ စည်းမျဉ်းနှင့် ကိုက်ညီမှုရှိရမှာ ဖြစ်ပါတယ်။

GSP အစီအစဉ်ခွင့်ပြုသောနိုင်ငံများအနက် ဥရောပသမဂ္ဂနိုင်ငံများ (EU)သည် မြန်မာနိုင်ငံ အပေါ်တွင် အကောက်ခွန်သက်သာကင်းလွတ်ခွင့်ကို ၁၉၉၇ ခုနှစ်မှ စတင်ကာ ဆိုင်းငံ့ထားခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဆက်လက်သက်တမ်းတိုးခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဇွန် ၂၉ ရက်တွင်ထုတ်ပြန်သော ဥရောပသမဂ္ဂ၏ တရားဝင်ဂျာနယ်တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံအနေဖြင့် EU မှ ပေးအပ်သော GSP အစီအစဉ်ကို EU Regulation (၆၀၇/၂၀၁၃) အရ ၂၀၁၃ ခုနှစ် ဇူလိုင် ၁၉ ရက်မှစတင်၍ လက်နက်ခဲယမ်းမှအပ (Everything But Arms-EBA) ကျန်ကုန်စည်အားလုံးကို အကောက်ခွန်ကင်းလွတ်ခွင့်နှင့် အရေအတွက် ကန့်သတ်ခြင်းမှ ကင်းလွတ်ခွင့် (Duty Free and Quota Free) ကို ပြန်လည်ရရှိခံစားလျက်ရှိတာဖြစ်ပါတယ်။

ဥရောပသမဂ္ဂ (EU) အဖွဲ့ဝင်နိုင်ငံများက တစ်ဖက်သတ်အကောက်ခွန်အခွင့်အရေးပေးသော Generalized System of Preferences-GSP အစီအစဉ်အရ လက်ရှိ ကျင့်သုံးလျက်ရှိသော သက်ဆိုင်ရာအာဏာပိုင်က စိစစ်ခွင့်ပြုထုတ်ပေးသည့်သမားရိုးကျ CO Form –A ထုတ်ပေးသည့်စနစ်ပုံစံမှ တင်ပို့သူများအား ဥရောပသမဂ္ဂမှ ဆောင်ရွက်ထားသည့် database တွင် မှတ်ပုံတင်ပေးပြီးနောက် ရရှိထားသော မှတ်ပုံတင်နံပါတ်ကိုအသုံးပြု၍ အရောင်းအဝယ် (commercial documents)များပေါ်တွင် ကုန်ပစ္စည်း၏ ပင်ရင်းအား ကိုယ်တိုင်ကြေညာသည့်စနစ်ဖြစ်သည့် ပို့ကုန်တင်ပို့သူများ မှတ်ပုံတင်သည့်စနစ် (Registered Exporter System-REX System) ဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင် အစားထိုးကျင့်သုံးအကောင်အထည်ဖော်ဆောင်တော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ၎င်းတို့ထံမှ GSP အခွင့်အရေး ရရှိ ခံစားလျက်ရှိသော နိုင်ငံများ အဆိုပါစနစ်တွင် ပါဝင်ဆောင်ရွက်သွားရန် အကြောင်းကြားလာခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အဆိုပါစနစ်တွင် ပါဝင်ဆောင်ရွက်ရန်အတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ခဲ့ပြီး ယခုအခါ REX စနစ်အား စတင်အကောင်အထည်ဖော်ရန်အတွက် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့၏ Generalized System of Preferences(GSP) အစီအစဉ်အရ ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (Registered Exporter System)ကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းကမ်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၈)အား ၂၀၁၈ ခုနှစ် ဇွန် ၈ ရက်တွင် ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ အမိန့်ကြော်ငြာစာ အပြည့်အစုံကို www.commerce.gov.mm တွင် အသေးစိတ် လေ့လာနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

ဥရောပသမဂ္ဂသို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိသော တင်ပို့သူများအနေဖြင့် ပင်ရင်းနိုင်ငံစည်းမျဉ်း ဆိုင်ရာ အချက်အလက်များနှင့် မှတ်ပုံတင် တင်ပို့သူဆိုင်ရာ အချက်အလက်များအား သိရှိစေရန်အတွက် အသိပညာပေးသည့် သင်တန်းများအား ၂၀၁၇ ခုနှစ် ဇူလိုင်မှ စတင်ကာ ဖွင့်လှစ်ပို့ချခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီအထိ သင်တန်းစုစုပေါင်း ကိုးခုအထိရှိလာပြီ ဖြစ်ပြီး သင်တန်းသား စုစုပေါင်း ၅၄၆ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါသင်တန်းများတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပင်ရင်းနိုင်ငံစည်းမျဉ်း ဘာသာရပ် ကျွမ်းကျင်သူများနှင့်အတူ အကောက်ခွန်ဦးစီးဌာနမှ ဘာသာရပ် ကျွမ်းကျင်သူ၊ GIZ မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက ပါဝင်ပို့ချခဲ့ပြီး ဖြစ်ပါသည်။ အလားတူပင် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မှတ်ပုံတင်တင်ပို့သူဆိုင်ရာ အချက်အလက်များအား လိုအပ်သလို ကိုးကားနိုင်ရန်အတွက် လက်ကိုင်စာအုပ် (အင်္ဂလိပ်နှင့် မြန်မာဘာသာ ၂ ဘာသာဖြင့် )အား GIZ ၏ ကုန်သွယ်မှုအတွက် အထောက်အပံ့အစီအစဉ်မှ ပံပိုးပေးမှုဖြင့် အဆိုပါသင်တန်းများသို့ တက်ရောက်သူအသီးသီးသို့ ဝေငှခဲ့ပြီးဖြစ်ပြီး အဆိုပါလက်ကိုင်စာအုပ်များအား www.commerce.gov.mm ၏ ကုန်သွယ်/ သုတ အစီအစဉ်အောက်ရှိ အကောက်ခွန် သက်သာခွင့်အတွက် ပင်ရင်းထောက်ခံချက်ဟူသောကဏ္ဍတွင် ဖော်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။

အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ယေဘုယျ အခွင့်အရေးပေးမှုစနစ် (Generalized system of Preference –GSP) အစီအစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်သည့်နိုင်ငံများ၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများအား ဌာနတွင်းလေ့လာသုံးသပ်ခြင်း၊ လုပ်ငန်းရှင်များမှ သိရှိအသုံးချနိုင်ရေးအတွက် အသိပညာပေး အစီအစဉ်များကို မိမိတို့ဝန်ကြီးဌာနမှ အခါအားလျော်စွာ သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ဆွေးနွေးပွဲများကျင်းပ ပြုလုပ်ခြင်း၊ Commerce Journal တွင် ဆောင်းပါးများထည့်သွင်းခြင်း၊ www.commerce.gov.mm တွင် ထည့်သွင်းဖော်ပြခြင်း၊ UMFCCI နှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စီးပွားရေးတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချသော သင်တန်းများ၊ ဆွေးနွေးပွဲများ၊ သက်ဆိုင်ရာဒေသများတွင် ဖွင့်လှစ်ပို့ချသော သင်တန်းများသို့ သွားရောက်ပို့ချခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဥရောပသမဂ္ဂသို့ ကုန်ပစ္စည်းများတင်ပို့လျက်ရှိတဲ့ လုပ်ငန်းရှင်များအနေနဲ့ အကောက်ခွန်သက်သာခွင့်ကို ခံစားဖို့အတွက် လက်ရှိအသုံးပြုလျက်ရှိတဲ့ GSP Form A နေရာတွင် REX စနစ်မှာ မှတ်ပုံတင်ပြီး ကုန်သွယ်မှုဆိုင်ရာ စာရွက်စာတမ်းများ ပေးပို့လိုက်တာနဲ့ အကောက်ခွန်သက်သာခွင့်ကို ရယူနိုင်တော့မှာ ဖြစ်ပါ တယ်။

REX စနစ်ကို မှတ်ပုံတင်ဖို့အတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကတော့ ပထမဆုံးအနေနဲ့ https:// customs.ec.europa.eu/ rex-pa-ui/#/create-preapplication/ သို့ဝင်ရောက်ပြီးလိုအပ်သော အချက်အလက်များကို ဖြည့်သွင်းရမှာ ဖြစ်ပါတယ်။ ဖြည့်သွင်းတဲ့အခါမှာ တွေ့ရမယ့် ဖြည့်စွက်ရန် အကွက်များကို ပြည့်စုံအောင် ဖြည့်စွက်ရမှာဖြစ်ပြီး ဖြည့်စွက်ရန် အကွက်များအနက်မှာ TIN number ဆိုတဲ့ အကွက်ကို ဖြည့်စွက်ရာမှာ လုပ်ငန်းရှင်အနေနဲ့ မြန်မာနိုင်ငံကို ကိုယ်စားပြုတဲ့ MM ဆိုတဲ့ ကုတ်နံပါတ်ကို မိမိရရှိထားတဲ့ ပို့ကုန်သွင်းကုန် မှတ်ပုံတင်နံပါတ်နဲ့ ပူးတွဲဖြည့်စွက်ပေးရမှာ ဖြစ်ပါတယ် (ဥပမာ- လုပ်ငန်းရှင်ရဲ့ ပို့ကုန်သွင်းကုန် မှတ်ပုံတင်နံပါတ်က ၁၂၃၄၅ ဆိုပါစို့- လုပ်ငန်းရှင်အနေနဲ့ TIN number မှာ ဖြည့်သွင်းတဲ့အခါ MM 12345 လို့ဖြည့်သွင်းပေးရမှာ ဖြစ်ပါတယ်)။ လျှောက်လွှာဖြည့်စွက်တဲ့အခါမှာ လုပ်ငန်းရှင်အနေနဲ့ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့လျက်ရှိတဲ့ / တင်ပို့နိုင်ခြေရှိတဲ့ ကုန်ပစ္စည်းများကို ဖြည့်စွက်ရာမှာ မိမိတို့တင်ပို့မယ့် HS Code(4 digit level) ရွေးလိုက်တာနဲ့ ကုန်ပစ္စည်းအမျိုးအမည် ဖော်ပြချက်က အလိုအလျောက်ပေါ်လာမှာဖြစ်ပြီး ရွေးချယ်ပြီး ဖြည့်သွင်းရုံသာ ဖြစ်ပါတယ်။ တကယ်လို့ တင်ပို့မယ့်ကုန်ပစ္စည်းဟာ HS Code (2 digit level) အခန်း (Chapter)တစ်ခုလုံးအနေနဲ့ ဖြစ်မယ်ဆိုရင်တော့ Chapter ဖြစ်တဲ့ HS Code (2 digit level)ကို ရွေးချယ်ဖြည့်သွင်းရမှာဖြစ်ပါတယ်။

အဆိုပါလျှောက်လွှာမှာ ဖြည့်သွင်းထားတဲ့ ကုန်ပစ္စည်းများဟာ EU ရဲ့ database မှာ ထည့်သွင်းပြီး ဖြစ်မှာဖြစ်တဲ့အတွက် မိမိတို့တင်ပို့မယ့်/တင်ပို့ဖို့ အလားအလာရှိတဲ့ ကုန်ပစ္စည်းများကို ရွေးချယ်ထည့်သွင်းဖို့က အလွန်ကိုအရေးကြီးပါတယ်။ လိုအပ်တဲ့အချက်အလက်များ ဖြည့်သွင်းပြီးတဲ့အခါမှာ ဖြည့်သွင်းထားတဲ့ အကြိုလျှောက်လွှာကို save လုပ် print ထုတ်ပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူက လက်မှတ်ရေးထိုးပြီး အဆိုပါ လျှောက်လွှာကို အခြားလိုအပ်သော အချက်အလက်များနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှာ လာရောက်လျှောက်ထားရမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ လုပ်ငန်းစဉ်တွေ ပြီးဆုံးတဲ့အခါ သက်ဆိုင်ရာတာဝန်ရှိသူက EU ရဲ့ database ရဲ့ REX စနစ်မှာ ကုမ္ပဏီအား မှတ်ပုံတင်ပေးမှာဖြစ်ပြီး အဆိုပါစနစ်မှာ မှတ်ပုံတင်ပေးထားတဲ့ နံပါတ်ရရှိပြီးပြီဆိုရင်တော့ လုပ်ငန်းရှင်များအနေနဲ့ အဆိုပါ မှတ်ပုံတင်နံပါတ်ကို အသုံးပြုပြီး ဥရောပသမဂ္ဂနိုင်ငံများသို့ ကုန်ပစ္စည်းများ တင်ပို့ရာမှာ ကုန်ပစ္စည်းရဲ့ ပင်ရင်းကို ကိုယ်တိုင်သက်သေခံပြီး အရောင်းအဝယ်ပြုလုပ်တဲ့ စာရွက်စာတမ်းများ ပေးပို့လိုက်ရုံနဲ့ အကောက်ခွန်သက်သာခွင့် ရရှိတော့မှာ ဖြစ်လို့ အချိန်ကုန်သက်သာပြီး ကုန်သွယ်မှု ကို ချောမွေ့စေမှာဖြစ်ပါတယ်။

EU ရဲ့ database ရဲ့ REX စနစ်မှာ မှတ်ပုံတင်ပေးပြီး REX စနစ်ရဲ မှတ်ပုံတင်နံပါတ် ရရှိပြီးတဲ့ လုပ်ငန်းရှင်ဟာ မြန်မာနိုင်ငံကနေ ဥရောပသမဂ္ဂနိုင်ငံများသို့ ကုန်ပစ္စည်းများ တင်ပို့တဲ့အခါမှာ အပြည့်အဝ ပြည်တွင်းထုတ်ကုန် (Wholly obtained products) များအတွက် အရောင်းအဝယ်ပြုလုပ်တဲ့ စာရွက်စာတမ်းပေါ်မှာ အောက်ပါအတိုင်း ကြေညာပြီး ကုန်ဝယ်ဖက်ဥရောပသမဂ္ဂနိုင်ငံများသို့ ပေးပို့လိုက်တာနဲ့ အကောက်ခွန် သက်သာခွင့်ကိုခံစားရမှာ ဖြစ်ပါတယ်-

"The exporter (exporter name and REX number (သက်ဆိုင်ရာ ကုမ္ပဏီအလိုက် အမည်နှင့် နံပါတ်အားဖြည့်စွက်ရန်) of the products covered by this document declares that, except where otherwise clearly indicated, these products are of Myanmar preferential origin according to rules of origin of the Generalised System of Preferences of the European Union and that the origin criterion met is P"

ပြည်ပကနေ သွင်းကုန် ကုန်ကြမ်းတွေ တင်သွင်းလာပြီး မြန်မာနိုင်ငံအတွင်းမှာ ပြုပြင်ထုတ်လုပ်ပြီး ဥရောပသမဂ္ဂနိုင်ငံများသို့ ပြန်လည်တင်ပို့မယ့် အပြည့်အဝ ပြည်တွင်းထုတ်ကုန်မဟုတ်တဲ့ ကုန်ပစ္စည်းများ (not-wholly obtained products)များ တင်ပို့မယ့်သူများအနေနဲ့

**စာမျက်နှာ (၃၂)သို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အိမ်သုံးပစ္စည်းနှင့် အလှကုန်အပေါ် အကောက်ခွန် တရုတ်လျှော့ချ

ဇူလိုင်လ ၁ရက်မှစတင်၍ သွင်းကုန်ပစ္စည်းအချို့အပေါ် အကောက်ခွန်လျှော့ချပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံတော်ကောင်စီက ထုတ်ပြန်ထားပါသည်။ အဆိုပါ အကောက်ခွန်လျှော့ချမည့်ပစ္စည်းများတွင် အဝတ်အထည်၊ ဖိနပ်၊ ဦးထုပ်၊ မီးဖိုချောင်သုံးပစ္စည်းနှင့် အားကစားပစ္စည်းများအား ၁၅ ဒသမ ၉ ရာခိုင်နှုန်းမှ ၇ ဒသမ ၁ ရာခိုင်နှုန်းသို့ အသီးသီးလျှော့ချမည်ဖြစ်သည်။ အဝတ်လျှော်စက်နှင့် ရေခဲသေတ္တာကဲ့သို့အိမ်သုံးပစ္စည်းများတွင် ၁၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၈ ဒသမ သုည ရာခိုင်နှုန်းသို့လည်းကောင်း၊ ရေထွက်ပစ္စည်းနှင့် ရေသန့်ကို ၁၅ ဒသမ ၂ ရာခိုင်နှုန်းမှ ၆ ဒသမ ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ အလှကုန်နှင့် ကျန်းမာရေးသုံးပစ္စည်းများတွင် ၈ ဒသမ ၄ ရာခိုင်နှုန်းမှ ၂ ဒသမ ၉ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးလျှော့ချမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံရန် ပတ်ဝန်းကျင်ကောင်းဖြစ်စေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး အထူးသဖြင့် မော်တော်ကား၊ သင်္ဘောနှင့် လေယာဉ်ထုတ်လုပ်သည့် လုပ်ငန်းကြီးများတွင် ဈေးကွက်ဝင်ရောက်မှုပို၍လွယ်ကူစေရန်လည်း ပံ့ပိုးပေးသွားမည်ဖြစ်သည်။ နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းများသည် တရုတ်နိုင်ငံ၏ ပို့ကုန်တိုးမြှင့်တင်ပို့ရာတွင် အရေးပါသည့် အထောက်အပံ့ဖြစ်သည့်အပြင် တီထွင်ဖန်တီးမှုနှင့် ကော်ပိုရိတ်အုပ်ချုပ်မှုနည်းဗျူဟာ တိုးတက်မှုအတွက်လည်း အရေးပါသည့် ကဏ္ဍတွင် ပါဝင်နေကြောင်း တွေ့ရပါသည်။ ၂၀၁၇ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ၁၃၆ ဒသမ ၇ ဘီလီယံဝင်ရောက်ခဲ့ပါသည်။ အဆိုပါ Negative List ကို ဇူလိုင် ၁ရက်မတိုင်မီ ပြန်လည်ဆန်းစစ်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ပြည်နယ်အစိုးရများအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံနှင့်အောက်ပမာဏကို ကိုင်တွယ်ဆောင်ရွက်ခွင့်ပေးမည်ဖြစ်သည်။ နိုင်ငံခြားသားပညာရှင်များအတွက် အလုပ်အကိုင်ဗီဇာလျှောက်ထားမှုကို နှစ်ရက်နှင့် ထုတ်ပေးမည်ဖြစ်ပြီး မြေအသုံးပြုမှုနှင့် ငွေကြေးအရင်းအနှီးအတွက် ဖြေလျှော့မှုများဆောင်ရွက်သွားမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်အဆင့်စီးပွားရေးဇုန်များ ဖော်ထုတ်၍ ရင်းနှီးမြှုပ်နှံမှုကိုပို၍ ဆွဲဆောင်သွားမည်ဖြစ်ကြောင်းသိရပါသည်။ နိုင်ငံတကာမှ ပူပန်မှုဖြစ်နေသည့် အသိဉာဏဆိုင်ရာမူပိုင်ခွင့်နှင့်ပတ်သက်၍ အဆင့်မြင့်နည်းပညာဆိုင်ရာ နိုင်ငံခြားကုမ္ပဏီများအတွက် အပြည့်အဝ အကာအကွယ်ပေးသွားမည်ဖြစ်ပြီး နည်းပညာလွှဲပြောင်းမှုအတွက် အတင်းအကျပ်ဆောင်ရွက်မည်မဟုတ်ကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ထိုင်းနိုင်ငံ PTT စွမ်းအင်ကုမ္ပဏီသည် LNG ဓာတ်ငွေ့ရည်ကို အာရှနိုင်ငံများသို့ တင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံရှိ PTT စွမ်းအင်ကုမ္ပဏီသည် LNG ဓာတ်ငွေ့ရည် (Liquefied Natural Gas)ကိုအာရှနိုင်ငံများသို့တင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် တရုတ်နိုင်ငံသို့ ဦးစားပေးတင်ပို့ရောင်းချမည်ဖြစ်ကြောင်းသိရှိရသည်။

ဆယ်စုနှစ်ကာလအတွင်း ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံတို့၏ LNG ဓာတ်ငွေ့ရည်ဝယ်လိုအားများ ကျဆင်းလာသော်လည်း တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ LNG ဓာတ်ငွေ့ရည်တင်သွင်းမှုသည် မြင့်တက်လာကြောင်း၊ PTT ၏ အဓိကLNG သိုလှောင်ရုံကို မက်ထဖွတ်နှင့် နောင်ဖတ်ဒေသတွင် အခြေပြုတည်ဆောက်၍ သိုလှောင်ထားသည့် LNG ပမာဏ၏ ထက်ဝက်ခန့်ကို LNG စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုရန် လျာထားကြောင်း၊ မက်ထဖွတ်ရှိLNG သိုလှောင်ရုံသည် တန်ချိန်စုစုပေါင်း ၁၁ ဒသမ ၅ သန်းကို သိုလှောင်နိုင်ပြီး ပထမသိုလှောင်ရုံသည် တန်ချိန် ငါးသန်းဝင်ဆံ့၍ ၂၀၁၁ ခုနှစ်ကတည်းက လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်ရှိသည့် LNG တန်ချိန် ၆ ဒသမ ၅ သန်း ဝင်ဆံ့သည့် ဒုတိယသိုလှောင်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နောင်ဖတ်ဒေသရှိ တတိယ LNG သိုလှောင်ရုံသည် တန်ချိန် ၇ ဒသမ ၅ သန်းကို သိုလှောင်နိုင်မည်ဖြစ်ကြောင်း၊ ယင်း တတိယသိုလှောင်ရုံ၏ တည်ဆောက်ရေးကို ၂၀၂၀ ခုနှစ်တွင် စတင်၍ ၂၀၂၃ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်အရောက်တွင် PTTသည် LNG တန်ချိန်စုစုပေါင်း ၁၉ သန်းအထိ သိုလှောင်ထားနိုင်မည်ဖြစ်ကြောင်း PTT ၏ဥက္ကဋ္ဌ Mr. Tevin Vongvanich က ပြောကြားခဲ့သည်။

လာမည့် ဆယ်စုနှစ်အတွင်း ထိုင်းပင်လယ်ကွေ့နှင့် မြန်မာနိုင်ငံတို့မှ သဘာဝဓာတ်ငွေ့ထွက်ရှိမှု ကျဆင်းမှုကို အစားထိုးနိုင်ရန်အတွက် LNG တန်ချိန်စုစုပေါင်း ၂၆ ဒသမ ၅ သန်းအထိ တိုးမြှင့်ရေးအတွက် ကနဦးလေ့လာမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ PTT သည် LNG စီးပွားရေးလုပ်ငန်းသို့ ၂၀၀၈ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ကြောင်း၊ PTTသည် ထိုင်းနိုင်ငံ၌ LNG စီးပွားရေးလုပ်ငန်းကို တစ်ဦးတည်း လုပ်ကိုင်ခွင့်ရရှိထားသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းကိုတိုးချဲ့ဆောင်ရွက်လျက်ရှိရာ မိုဇမ်ဘစ်နိုင်ငံတွင် PTTEP (PTT Exploration and Production Plc)အနေဖြင့်ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း ဥက္ကဋ္ဌ Mr. Tevin က ဆက်လက်ပြောကြားခဲ့သည်။

PTT သည် စုစုပေါင်းငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက် ဘတ် ၃၄၂ ဘီလီယံအနက် ၃ မှ ၆ ရာခိုင်နှုန်းကို ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍအတွက် သုံးစွဲမည်ဖြစ်ကြောင်းနှင့် နောက်ထပ်ဘတ် ၂၄၅ ဘီလီယံကိုလည်း ငွေလုံးငွေရင်း အသုံးစရိတ်အတွက် လျာထားခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက် အများစုကို လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများအတွက် သုံးစွဲမည်ဖြစ်သကဲ့သို့ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍအတွက် အသုံးစရိတ် လျာထားချက်အများစုကိုလည်း လျှပ်စစ်မော်တော်ကားများ၏ စွမ်းအင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် အသုံးပြုမည်ဖြစ်သည်။

PTT သည် တရုတ်နိုင်ငံတွင် စက်ချောဆီ စီးပွားရေးလုပ်ငန်းကိုလည်း PTTOR China ကုမ္ပဏီအနေဖြင့် လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။ တရုတ်နိုင်ငံ၏ စက်ချောဆီဝယ်လိုအားသည် နှစ်စဉ်လီတာ ၈ မှ ၁၀ ဘီလီယံရှိပြီး ထိုင်းနိုင်ငံတွင် လီတာသန်း ၈၀၀ သာရှိပါသည်။ PTTသည် တရုတ်နိုင်ငံသို့စက်ချောဆီလီတာ ၃ မှ ၅ သန်းကို နှစ်စဉ်တင်ပို့ရောင်းချနေပြီး ၂၀၁၉ ခုနှစ်တွင် လီတာ ၁၀ သန်းနှင့် နောက်ဆယ်နှစ်အကြာတွင် လီတာသန်း ၅၀ အထိတိုးမြှင့်တင်ပို့ရန် မျှော်မှန်းထားကြောင်း သိရှိရသည်။ PTTသည် တရုတ်နိုင်ငံတွင် စက်ချောဆီလုပ်ငန်းကိုတိုးချဲ့ဆောင်ရွက်မည်ဖြစ်သည့်အပြင် ၎င်း၏ စွမ်းအင်စီးပွားရေး လုပ်ငန်းမဟုတ်သော ကော်ဖီဆိုင်လုပ်ငန်း (Café Amazon) ကိုလည်း တရုတ်နိုင်ငံတွင် ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း PTTOR China ၏ တာဝန်ခံပုဂ္ဂိုလ်ဖြစ်သော Mr. Buranin ကပြောကြားခဲ့သည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# မော်တော်ကားနှင့် အပိုပစ္စည်းတင်သွင်းမှု တရုတ်အကောက်ခွန် လျှော့ချ

ဇူလိုင် ၁ ရက်မှစတင်၍ တရုတ်သို့တင်သွင်းမည့် မော်တော်ကားနှင့် အပိုပစ္စည်းများအပေါ် အကောက်ခွန်လျှော့ချမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက မေ ၂၂ ရက်က ကြေညာထားပါသည်။ ယခုလက်ရှိ မော်တော်ယာဉ်တင်သွင်းမှုကို အကောက်ခွန် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအတွင်းရှိပြီး ၁၅ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်သည်။ မော်တော်ကားအပိုပစ္စည်းများမှာ ယခုလက်ရှိ ရှစ်ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအကြားရှိပြီး ခြောက်ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်ကြောင်း သိရပါသည်။

ယခုမူဝါဒအပြောင်းအလဲသည် တရုတ်ကုမ္ပဏီများ၏ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်မှုအတွက် အားပေးရာရောက်သည့်အပြင် နိုင်ငံတကာမှ မော်တော်ကားကုမ္ပဏီကြီးများအတွက်လည်း ဈေးကွက်နှင့်ရောင်းအားပါ ပိုမို တိုးချဲ့နိုင်မည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းဝယ်ယူသုံးစွဲသူများအတွက်ပါ ကုန်ပစ္စည်းရွေးချယ်မှု အခွင့်အလမ်းများလာပြီး ဈေးနှုန်းသင့်လျော်စွာဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ပြည်ပမှနာမည်ကြီး ကားကုမ္ပဏီများက သုံးသပ်ထားပါသည်။

Porsche၊ Audi၊ Ford စသည့် နာမည်ကြီးမော်တော်ကားကုမ္ပဏီများက အဆိုပါ အကောက်ခွန်နှုန်းပြောင်းလဲမှုနှင့်ပတ်သက်၍ ဈေးကွက်အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်ဆောင်ရွက်နေပြီး မော်တော်ကားနှင့် အပိုပစ္စည်းများ ဈေးနှုန်းပြောင်းလဲရန်အတွက် ကြိုတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ တရုတ်ကားထုတ်လုပ်သူများနှင့် နိုင်ငံတကာမှနာမည်ကြီး မော်တော်ကားကုမ္ပဏီများအကြား အပြုသဘောဆောင်သည့် ယှဉ်ပြိုင်မှုတစ်ခုဖြစ်ပြီး ရေရှည်တွင် နည်းပညာတိုးတက်မှုအတွက် အကျိုးရှိမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

တရုတ်သို့ ၂၀၁၇ ခုနှစ်အတွင်း ပြည်ပမှ မော်တော်ကားအစီးရေ ၁ ဒသမ ၂၂ သန်းခန့်တင်သွင်းခဲ့ပြီး တစ်နိုင်ငံလုံး မော်တော်ကားရောင်းချမှု၏ ၄ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ဂျာမနီ၊ အမေရိကန်၊ ဂျပန်နှင့် ယူကေတို့မှအဓိကတင်သွင်းခြင်းဖြစ်သည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# အမေရိကန်နှင့် ကုန်သွယ်ရေးပဋိပက္ခ ညှိနှိုင်းဖြေရှင်းလျက်ရှိ

တရုတ်နှင့် အမေရိကန်အကြား ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုနှင့်ပတ်သက်၍ ယခုလအတွင်း နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံဆွေးနွေး၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ Joint Statement တစ်စောင်ထုတ်ပြန်၍ အကောက်ခွန်များ အပြန်အလှန် ဖြေလျှော့မှုများပေးရန် သဘောတူညီခဲ့ပါသည်။

သို့သော် မေ ၂၉ ရက်တွင် တရုတ်၌ အဓိကနည်းပညာလုပ်ငန်းများတွင်သုံးစွဲမည့် တန်ဖိုးအမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ကုန်စည်အပေါ် အကောက် ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံရန် အမေရိကန်မှ ထပ်မံကြေညာခဲ့ရာ တရုတ်မှ နှစ်နိုင်ငံအကြား သဘောတူထားသည့် ကတိကဝတ်များကို လိုက်နာသင့်ကြောင်း၊ တရုတ်အနေဖြင့် မိမိနိုင်ငံ၏ အကျိုးစီးပွားအတွက် အကာအကွယ်ပေးရန်အသင့်ရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်ပါသည်။

အမေရိကန်၏ အဆင့်မြင့်နည်းပညာကို အားကိုးနေဆဲဖြစ်သည့် တရုတ်နိုင်ငံအနေဖြင့် ZTE နှင့် Huawei နည်းပညာကုမ္ပဏီများအား အမေရိကန်၏ ကန့်သတ်လာမှုများသည် ရေတိုအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့ရသော်လည်း ရေရှည်တွင် မိမိကိုယ်ပိုင်နည်းပညာဖွံ့ဖြိုးမှုအတွက် ကောင်းမွန်သည့် အချက်တစ်ခုဖြစ်ကြောင်း သုံးသပ်ရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# Singapore's Journey: Enabling Private Sector Growth and Attracting FDI မှ လေ့လာရရှိသော သင်ခန်းစာများ

**မျိုးသူ(ကုန်သွယ်မြှင့်)**

စင်ကာပူနိုင်ငံတွင် ပြုလုပ်ခဲ့သော စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန၏ Singapore's Journey: Enabling Private Sector Growth and Attracting FDI သင်တန်းသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးအနေဖြင့် ၂၀၁၇ခုနှစ် နိုဝင်ဘာလ ၂၇ရက်မှ ဒီဇင်ဘာလ ၁ရက် အထိ တက်ရောက်ခဲ့ပါသည်။တက်ရောက်ခဲ့ရာတွင် တွေ့ကြုံရသည့် အခြေအနေများကို ပြန်လည် မျှဝေခြင်း ဖြစ်ပါသည်။

Singapore's Journey: Enabling Private Sector Growth and Attracting FDI သင်တန်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရပါသည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ Foreign Direct Investment (FDI) ဆိုသည်ကို နားလည်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဍာန်များသည် စီးပွားရေးမူဝါဒများ ဖြစ်ပေါ်မှုနှင့်တိုးတက်မှုတို့နှင့် ဆက်နွယ်ပုံကို နားလည်စေရန်။

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ Foreign Direct Investment (FDI) ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလုပ်ငန်း အစုအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေးတွင် စင်ကာပူနိုင်ငံ၏ အတွေ့အကြုံကို ရရှိနိုင်စေရန်။

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ Foreign Direct Investment (FDI) ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ အခန်းကဏ္ဍကို နားလည်စေရန်။

(ဃ) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ၏ အရေးပါသော ကဏ္ဍများနှင့် စွန့်ဦးတီထွင်လုပ်ငန်းများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်သို့ ရောက်ရှိရေး ဆောင်ရွက်ပုံမိတ်ဆက်ရန်။

(င) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ SME နှင့်တီထွင်ဖန်တီးမှုတို့ကို ရှင်းလင်းရန်။

(စ) နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များနှင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး ဆောင်ရွက်ပုံများ ရှင်းလင်းရန်။

(ဆ) SPRING Singapore အား ဦးဆောင် အေဂျင်စီ အနေဖြင့် SMEs များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပုံ အတွေ့အကြုံကို နမူနာပြ ရှင်းလင်းရန်။

(ဇ) နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှု (PPP) အရေးကြီးသော အထောက်အကူပြုလုပ်ငန်းဖြစ်ကြောင်း သက်သေပြရန်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချဉ်းကပ်နည်းကိုးမျိုးရှိကြောင်း သိရပါသည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီးပွားရေး ဝန်းကျင်ပြုပြင် ပြောင်းလဲခြင်း။
(ခ) စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ဝန်ဆောင်မှုများ။
(ဂ) ဆင်းရဲမှုအတွက် ဈေးကွက်ဆိုင်ရာလုပ်ငန်းများ ဖော်ဆောင်ခြင်း။
(ဃ) အစိမ်းရောင်ကြီးပွားရေး။
(င) အမျိုးသမီး စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေး။
(စ) ပြည်တွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး။
(ဆ) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု။
(ဇ) စက်မှုနှင့် တီထွင်ဆန်းသစ်မှု မူဝါဒရေးရာ။
(ဈ) ဝိရောဓိများရိုက်ခတ်မှု ပတ်ဝန်းကျင်တို့ဖြစ်ပါသည်။

ယင်းအချက်များထဲမှ အချက်(၂)ချက်ကို နမူနာအနေဖြင့် တင်ပြလိုပါသည်။ ယင်းတို့မှာ စီးပွားရေးဝန်းကျင် ပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ဝန်ဆောင်မှုများဖြစ်ပါသည်။

**စီးပွားရေးဝန်းကျင်ပြုပြင်ပြောင်းလဲရေး**

စီးပွားရေးလုပ်ငန်းများကို စွန့်စားတီထွင် ဖန်တီးလိုသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ဈေးကွက်နေရာများတွင် တစ်ဆို့မှုများကြုံတွေ့နေရသည်မှာ မလျော်ကန်သော ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များကြောင့် လည်းကောင်း၊ အခွန်အတုပ်များ များပြားခြင်းကြောင့်လည်းကောင်း၊ မျှတသော စီးပွားရေးယှဉ်ပြိုင်မှုများ အလွန်နည်းပါးခြင်းကြောင့်လည်းကောင်း (တရားမဝင် ကုန်သွယ်မှု ထွန်းကားခြင်းနှင့် လာဘ်ပေးလာဘ်ယူမှု ထွန်းကားခြင်းမျိုး)၊ စီးပွားရေး ဆိုင်ရာ လူထုအသံကဲ့သို့ တုံ့ပြန်အသံများ နည်းပါးခြင်း သို့မဟုတ်ပါကလည်း မတည်ငြိမ်သော မူဝါဒဝန်းကျင်ရှိခြင်းကြောင့် လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကြောင့် လည်းကောင်း၊ ဆင်းရဲမှုလျှော့ချခြင်းကြောင့် လည်းကောင်းဖြစ်ကြကြောင်း သိရပါသည်။ အဆိုပါအချက်များကြောင့် စီးပွားရေး ဝန်းကျင်ကို ပြုပြင်ပြောင်းလဲပေးရန် လိုအပ်လာပါသည်။ ပိုမိုကောင်းမွန်သော စီးပွားရေးဝန်းကျင်အတွက် ပုဂ္ဂလိကကဏ္ဍသည် သူ့ကိုယ်တိုင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ပါသည်။ များစွာသော ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများသည် အစိုးရ နှင့်ပုဂ္ဂလိကကဏ္ဍအကြား တွေ့ဆုံဆွေးနွေးပြောကြားခြင်းများ (Public-Private Dialogue-PPD) ကို ဆောင်ရွက်ပေးခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ၏ စွမ်းဆောင်နိုင်မှုတို့ကို ပိုမိုအားကောင်းခိုင်မာလာစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ (ကျွန်တော်တို့ မြန်မာနိုင်ငံတွင် PPDကို လစဉ်လတိုင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တွင် ဒုတိယသမ္မတ(၁)ကိုယ်တိုင် ဦးဆောင်ပြီးဆောင်ရွက်လျက်ရှိပါသည်)။

(ဆက်လက်ဖော်ပြပါမည်)

# လွဲလွဲလေးပဲ ဖြစ်နေတယ်

**မြင့်ဦး(ပခုက္ကူ)**

မေလ ၁၅ နေ့က မြို့နယ်ထွေအုပ်မှာ အစည်းအဝေးတစ်ခု တက်ရပါတယ်။ အစည်းအဝေးခေါင်းစဉ်က ၂၀၁၈-၁၉ ဘဏ္ဍာနှစ် မိုး၊ ဆောင်း ချေးငွေကိစ္စပါ။ စိုက်ဘဏ်က တောင်သူလယ်သမားတွေကို စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးဖို့ကိစ္စပါ။ ခါတိုင်းနှစ်များမှာ ဝိုင်းကြီးချုပ်စနစ်နဲ့ ချေးမှာဖြစ်ပေမယ့်ယခုနှစ်မှာတော့ တောင်သူတစ်ဦးစီကို ငွေချေးပေးမှာပါ။ ဒါပေမဲ့ တောင်သူလယ်သမားတစ်ဦးပိုင်ဆိုင်တဲ့ မြေစာရင်းပုံစံ(၇)ကို စိုက်ဘဏ်မှာ အပ်ပေးထားရမယ်ဆိုတာ ပါပါတယ်။ မြန်မာနိုင်ငံဟာစိုက်ပျိုးရေးကို အခြေခံတဲ့ အားထားရတဲ့ နိုင်ငံပါ။ ဒီနှစ်မှာဆိုရင် နိုင်ငံခြားကို ဆန်တန်ချိန် ၃ ဒသမ ၅ သန်းကျော်တင်ပို့နိုင်ခဲ့လို့ နှစ်ပေါင်း(၇၀)ကျော်အတွင်း စံချိန်သစ်တင်နိုင်ခဲ့တဲ့နိုင်ငံပါ။ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ စတဲ့ လယ်ယာထွက်ကုန်ကို အဓိကထားတဲ့နိုင်ငံပါ။ ဒီလိုလယ်ယာထွက်ကုန်ကို အဓိကထားတဲ့နိုင်ငံမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမား ကျေးဇူးရှင်တွေကို အထောက်အပံ့ဖြစ်စေတဲ့ စိုက်ပျိုးစရိတ်ချေးငွေဆိုတာကို ခေတ်အဆက်ဆက် ဘယ်အစိုးရခေတ်မှာဖြစ်ပါစေ ချေးငှားထောက်ပံ့ခဲ့တာပါပဲ။ အခုဆိုရင် နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းစာမှာဖြစ်စေ၊ စတုတ္ထမဏ္ဍိုင်လို့ခေါ်တဲ့ ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်တွေမှာဖြစ်စေ ဘယ်မြို့နယ် လယ်ဧက ဘယ်လောက်အတွက် ကျပ်သန်းပေါင်းမည်မျှထုတ်ချေးတယ်ဆိုတဲ့ သတင်းတွေဖတ်ရတော့ ကိုယ့်ကျေးဇူးရှင် တောင်သူလယ်သမားတွေအတွက်ကတော့ ဝမ်းသာစရာပါ။ ယခင်က လယ်တစ်ဧက ကျပ် ၅၀၀၀၀၊ ယာတစ်ဧက ပဲမျိုးစုံ၊ ပြောင်း ကျပ် ၂၀၀၀၀ ပဲထုတ်ချေးရာက ယခုနှစ်မှာဆိုရင် လယ်တစ်ဧက ကျပ် ၁၅၀၀၀၀၊ ပဲမျိုးစုံနဲ့ ပြောင်းစိုက်ပျိုးထုတ်လုပ်ကြမယ့် ယာသမားများကို တစ်ဧက ကျပ် ၅၀၀၀၀ ထုတ်ချေးပါမယ်တဲ့။ အခုလိုတိုးမြှင့်ထုတ်ချေးပေးတာကိုပဲ တချို့လူတွေက နည်းတယ်၊ တစ်ဧကစာ မလောက်ဘူးဆိုတာတွေပြောနေကြတုန်းပါ။ နိုင်ငံတော်ရဲ့ လူအင်အားအများဆုံးဖြစ်တဲ့ တောင်သူလယ်သမားအများကို (တချို့က ၇၀%)လို့ ပြောပါတယ်။ အစိုးရဘက်ကလည်း ပြန်လည်စဉ်းစားစေလိုပါတယ်။ အစိုးရနဲ့တောင်သူ၊ တောင်သူနဲ့ အစိုးရ သားသမီးများများမွေးထားတဲ့ မိဘနဲ့တူပါတယ်။ ကြီးကြီးငယ်ငယ်၊ ရွယ်ရွယ်၊ လတ်လတ်၊ သေးသေး ကိုယ်မွေးထားတဲ့ သားသမီးဆိုတော့ အားလုံးညီတူ မျှတူရစေချင်တာ မိဘတိုင်းရဲ့ စေတနာပါ။ ဒါပေသိ အရွယ်အချိုးအစားက မညီမျှလေတော့ ကိုက်ညီအောင်ပေးရတဲ့ သဘောကိုတော့ နားလည်စေချင်ပါတယ်။ ဒါတောင် တောင်သူနဲ့ မိုး၊ မိုးနဲ့တောင်သူ လင်မယားပါ မိုးခေါင်လို့၊ ရာသီဥတုပျက်လို့ သီးနှံမထွက်တော့ရင် တောင်သူလယ်သမား အသီးအနှံ၊ အစေ့အဆန်မရတဲ့နှစ်၊ မျိုးတောင်ဆုံးတဲ့ နှစ်ဆိုရင် နိုင်ငံတော်ရဲ့အကြွေး တောင်သူများ မဆပ်နိုင်ပါဘူး။ အကြွေးမဆပ်နိုင်တဲ့ တောင်သူဒုက္ခတွေ့သလို နိုင်ငံတော် အစိုးရ ဒီချေးငွေပြန်ရမှ ပြန်လည်ပတ်ရမယ့် ယန္တရား ဆက်လက်လည်ပတ်ဖို့ဆိုတာ အခက်တွေ့တာပါပဲ။ တောင်သူများ ဘယ်တောင်သူမဆို ကိုယ့်လယ်ကိုယ့်ယာက စိုက်ပျိုးတဲ့ သီးနှံအောင်မြင်ဖြစ်ထွန်းစေချင်တာပါပဲ။ ဘယ်သူမထွက်စေချင်မှာလဲ။ ဒါပေမဲ့ တကယ်ထွက်အောင် တောင်သူအပိုင်းက တကယ်ပြင်ဆင်ခဲ့၊ ကြိုးစားခဲ့ကြသလား မိုးလေဝသသတင်း နားမထောင်၊ ဈေးနှုန်းဈေးကွက် သတင်းအချက်အလက်မသိ ပုံမှန်စိုက်ပျိုးနေကြတာတွေ တစ်ခါနိုင်ငံတော်က ထုတ်ချေးတဲ့ စိုက်ပျိုးစရိတ်ချေးငွေ တကယ်ထွက်အောင် အမှန် အထွက်တိုးအောင် အသုံးပြုခဲ့ကြသလား။ ကျွန်တော်တို့ အတွေ့အကြုံအရ စိုက်ပျိုးစရိတ်ထုတ်ချေးတဲ့အချိန်ဆိုရင် မြို့ပေါ်ဈေးဆိုင်များ ဈေးရောင်းလို့ကောင်းတယ်။ အရက်ဆိုင်များလူစည်တယ်လို့ ပြောကြပါတယ်။ စာရေးသူပေါက်မှာ တာဝန်ထမ်းဆောင်စဉ်က စိုက်ဘဏ်က ငွေချေးမဲ့ နေ့ဆိုရင် မြို့နယ်အနေနဲ့ တစ်နယ်လုံး တစ်ပြိုင်တည်း မပေးနိုင်တော့ ဒီကနေ့ တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ အလယ်စု စသည်ဖြင့် အပိုင်းလိုက် အပိုင်းလိုက် ခွဲခြားထုတ်ချေးပါတယ်။ လာကြပါပြီ အုပ်စုအလိုက်။ ဝေးဝေးနီးနီး ကားကြီးကားငယ် အသွယ်သွယ်နဲ့ပါ ထုတ်ချေးပြီးရင် အချို့ယောကျ်ားတွေဟာ အရက်ဆိုင်ကိုသွားကြတယ်။ အချို့မိန်းမတွေကဈေးကိုသွားကြတယ်။ သားအတွက်အင်္ကျီ၊ ပုဆိုး၊ သမီးအတွက် လုံချည်၊ အင်္ကျီ အစရှိတာတွေ ဝယ်ယူကြတယ်။ စိုက်ဘဏ် ချေးငွေရရှိချိန်ဟာ ကျောင်းဖွင့်ရက်နဲ့ တိုက်ဆိုင်နေလေတော့ ကျောင်းဝတ်စုံ၊ အဖြူ အစိမ်းတွေ ဝယ်ကြသလို ခဲတံ၊ ဗလာစာအုပ်၊ ဘောပင် စသည်ဖြင့် ဝယ်ယူကြတာကို တွေ့ရှိရပါတယ်။ ဒီကိစ္စလွဲတော့ လွဲနေတယ်လို့ပြောရမှာပါ။ နိုင်ငံတော်စေတနာက စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးတယ်။ ဒီချေး ငွေနဲ့ ကိုယ့်လယ်ကိုယ့်ယာမှာစိုက်ပျိုးထားတဲ့ စိုက်ခင်းတွေအတွက် (လယ်ဖြစ်စေ၊ ယာဖြစ်စေ)လိုအပ်တဲ့သွင်းအားစု (ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရွက်ဖျန်းဆေး၊ အသီးအနှံဥအားတိုးဆေး)စတာတွေကို အသုံးပြုဖို့ အသုံးပြုစေချင်တဲ့ သဘော။ ဒီလိုသုံးစွဲတဲ့အတွက် စိုက်ထားတဲ့ အပင်တွေ ရောဂါကင်းကင်းနဲ့ အထွက်တိုးမှ ဥပမာ စပါး ပုံမှန် တင်း (၇၀)၊ တင်း (၈၀) ထွက်ရာမှ စိုက်ပျိုးစရိတ်ချေးငွေနဲ့ သွင်းအားစုတွေအသုံးပြုလို့ တင်း ၁၀၀ ထွက်လာအောင် လုပ်ရမယ်။ ပဲလည်း ဒီလိုပါပဲ။ ကြက်သွန်၊ အာလူး ဘာကိုပဲစိုက်စိုက် ဒီချေးငွေနဲ့ အစေ့အဆန်၊ အသီးအနှံ အထွက်တိုးစေဖို့ ချေးပေးတာ။ ဒီလိုအထွက်တိုးမှ ကျေးဇူးရှင် တောင်သူလယ်သမားများ စီးပွားရေး အဆင်ပြေမယ်၊ ဝင်ငွေပိုမိုရစေမယ်။ ဒီအခါကျမှ လိုအပ်တာတွေကို ဝယ်ယူသုံးစေချင်တာ။ အခုတော့ ဒီလိုမဟုတ်ပါဘဲ အထွက်တိုးအောင် သွင်းအားစုတွေကိုအသုံးပြုရမည့်အစား အရက်သောက်၊ ပစ္စည်းဝယ်မှတော့ ဒီလယ်၊ ဒီယာကထွက်တဲ့ အသီးအနှံ၊ အစေ့အဆန်က ပုံမှန်ပဲထွက်တော့မှာပေါ့။ ဒီလိုအမှားတွေကို ပြုပြင်နိုင်မှ လယ်ယာစိုက် ပျိုးရေးကို အခြေခံတဲ့နိုင်ငံဟာ အကျိုးများမှာပေါ့ နိုင်ငံတော်ရဲ့ ဖြစ်စေချင်တဲ့စေတနာ ကိုယ့်ကျေးဇူးရှင် တောင်သူလယ်သမားတွေ အထွက်တိုး အကျိုးရှိမှာပါ။ အခုအနေအထား လွဲမှားနေတယ် လေးစားအပ်ပါသော စာရှုသူ. . . . ဤစာစုလေးကို 'လွဲလွဲလေးပဲ ဖြစ်နေတယ်'လို့ ခေါင်းစဉ်ပေးခွင့်ပြုပါခင်ဗျာ။

# မြန်မာ့ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပ



မြန်မာနိုင်ငံ၏ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ကရင်ပြည်နယ်၊သံတောင်ကြီးဒေသ၏ အဓိကသီးနှံတစ်ခုဖြစ်သော ချဉ်ပေါင်ဖာလာသီးနှံ အစဉ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း စိုက်ပျိုးထွက်ရှိရာ ဒေသများအားလုံးကို လွှမ်းခြုံနိုင်ရေးအတွက် မြန်မာချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ဇွန် ၈ ရက်က ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ မြန်မာနိုင်ငံဆရာဝန်များအသင်း(တောင်ငူ)ခန်းမတွင်ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ ပဲခူးတိုင်း ဒေသကြီးဦးစီးမှူး ဦးဌေးအောင်၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထွန်း၊ ကရင်ပြည်နယ်ဦးစီးမှူး ဦတင့်ဆန်း၊ ပဲခူးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကိုကိုကြီး၊ မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်အသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ စားသုံးသူ ရေးရာဦးစီးဌာန ဝန်ထမ်းများ (မန္တလေး၊ ပဲခူး၊ တနင်္သာရီ၊ ရှမ်း၊ ကယား၊ မွန်၊ ကရင်)၊ ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် ချဉ်ပေါင်ဖာလာသည် ကရင်ပြည်နယ် သံတောင်ကြီးဒေသအပါအဝင် ၎င်းနှင့်စပ်ဆက်လျက်ရှိသော ဒေသများ၏ အဓိကစိုက်ပျိုးသီးနှံတစ်ခု ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ အလားအလာရှိသော ပြည်ပပို့ကုန်တစ်ခုဖြစ်ပြီး ဒေသခံပြည်သူများအတွက် အကျိုးပြုသော ထွက်ကုန်သီးနှံတစ်ခုပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချဉ်ပေါင်ဖာလာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှာ အလွန်ပင်အရေးကြီးပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း တစ်ဦးတစ်ယောက်ချင်းထက် အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် ကြုံတွေ့နေရသော အခက်အခဲများ၊ ရင်ဆိုင်ရမည့် ကိစ္စရပ်များကို အောင်မြင်လွယ်ကူစွာ ဖြေရှင်းဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအသင်းဟု ဖွဲ့စည်းမည်ဆိုပါက မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်ပါဝင်မှုမှာ ၅၀ ရာခိုင်နှုန်းကျော်ရမည်ဖြစ်သည့်အတွက် ယခုအခါ မန္တလေး၊ ပဲခူး၊ တနင်္သာရီ၊ ရှမ်း၊ ကရင်၊ မွန်၊ နေပြည်တော်ကောင်စီနယ်မြေ စသည့်ဒေသများမှ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ ပါဝင်ကြမည်ဖြစ်သဖြင့် အဆိုပါအချက်အား လွှမ်းခြုံပါကြောင်း ပြောကြားခဲ့ပါသည်။ ယခုအခါ မြန်မာချဉ်ပေါင်ဖာလာ ဈေးနှုန်းအခြေအနေ၊ ပြည်ပတင်ပို့နိုင်မှုမှာ ကျဆင်းလျက်ရှိနေပြီး တရုတ်ဈေးကွက်တစ်ခုသာ အဓိကထားနေရသည့်အတွက် ရေရှည်တိုးတက်ခိုင်မြဲစေရေး ကြိုးပမ်းလုပ်ဆောင်ကြရန် အရေးကြီးပါကြောင်း၊ Website စာရင်းများအရ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ဖာလာတင်ပို့နိုင်မှုမှာ ကမ္ဘာ့အဆင့်(၅)တွင်ရှိပြီး ထိုအခြေအနေမှ ကျမသွားစေရန် ဆောင်ရွက်ရန်မှာ ချဉ်ပေါင်ဖာလာလောကသားများအားလုံးတွင် တာဝန်ရှိပါကြောင်း၊ လက်ရှိ ကြုံတွေ့နေရသော အရည်အသွေး ပြဿနာများကို ဖြစ်စေသော အခြောက်ခံမှုပုံစံများကို စနစ်တကျဆောင်ရွက်ရေး၊ ခေတ်မီအခြောက်ခံစနစ်များ အသုံးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ မြန်မာ့ချဉ်ပေါင်ဖာလာအသင်း ဖွဲ့စည်းရာတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ သက်ဆိုင်သူကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာ့သစ်သီးဝလံအသင်းမှ တာဝန်ရှိသူများမှ အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ၊ အသင်းအဖွဲ့ ခိုင်မာအားကောင်းစေရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ရေရှည်ခိုင်မြဲ တည်တံ့စေရန် ဆောင်ရွက်ရမည့်လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြပါသည်။ ထို့နောက် နေ့လယ်ပိုင်းတွင် အလုပ်အမှုဆောင်သစ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေတို့မှ ချဉ်ပေါင်ဖာလာစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင် များထဲမှ ရွေးချယ်ခဲ့ရာ စုစုပေါင်း ၂၇ ဦးကို ရွေးချယ်ခဲ့ပါသည်။

အဆိုပါ ၂၇ ဦးထဲမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ဘဏ္ဍာရေးမှူး၊ စာရင်းစစ် စသည်တို့ကို ထပ်မံဆန္ဒပြုရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ်သံတောင်ကြီးမှ ဦးစောခရစ္စတိုဖာအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့မှ ဦးမြင့်အောင်အား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှ ဦးစောဟိုရှေးအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့မှ ဦးခင်မောင်ဝင်းအားလည်းကောင်း ခန့်အပ်ခဲ့ကြောင်း သိရသည်။ ထို့နောက် အသင်း ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့ချဉ်ပေါင်ဖာလာကဏ္ဍ ရေရှည်တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အသင်းအတွက် ရန်ပုံငွေရှာဖွေကြရာတွင် တက်ရောက်လာကြသော ချဉ်ပေါင်ဖာလာလုပ်ငန်းရှင်များက အလှူငွေများ ထည့်ဝင်ခဲ့ကြပါသည်။ ဤသို့ဖြင့် "မြန်မာချဉ်ပေါင်ဖာလာစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းကြီး" အောင်မြင်စွာ ပေါ်ပေါက်လာခဲ့ပါသည်။ ဤအသင်းကြီး ပေါ်ထွက်လာခဲ့ခြင်းသည် မြန်မာ့ချဉ်ပေါင်ဖာလာကဏ္ဍအတွက် များစွာအကျိုးကျေးဇူးဖြစ်ပေါ်စေမည်ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်ရာ မြန်မာနိုင်ငံဒေသအားလုံးကို လွှမ်းခြုံသောကြောင့်လည်း သတင်းအချက်အလက်များ ချိတ်ဆက်နိုင်ခြင်း၊ နည်းပညာလိုအပ်ချက်များ သိရှိနိုင်ခြင်း၊ ဈေးကွက်အခြေအနေနှင့် ဈေးနှုန်းဖြစ်ပေါ်မှု အခြေအနေများ လွယ်ကူစွာ သိရှိနိုင်ခြင်း၊ နည်းပညာများ ဖလှယ်နိုင်ခြင်း စသည့် ရလဒ်ကောင်းများ များစွာရရှိနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ခိုင်မာအားကောင်းသော အသင်းကြီးဖြစ်ပေါ်လာသည်နှင့်အညီ နည်းပညာအကူအညီများ၊ ပံ့ပိုးကူညီမှုများကို အဆင်ပြေစွာ ရရှိစေနိုင်ပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအထိ အကူအညီများ၊ နည်းပညာများ၊ စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ အဆင်ပြေချောမွေ့စွာ စီးဆင်းစေနိုင်မည် ဖြစ်ပေသည့် "ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်"ဟူသော စကားအတိုင်း စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အစိုးရဌာနဆိုင်ရာများ ညီညွတ်စွာပူးပေါင်း၍ ပြိုင်တူတွန်းကြလျှင် မြန်မာ့ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ကဏ္ဍကြီးသည် အရှိန်အဟုန်ဖြင့် ရှေ့သို့ရောက်ရှိလာပြီး ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေမည် သာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှု အရှေ့တစ်ခုသို့ တွန်းပို့စေနိုင်မည်ဖြစ်ပေသည်။

**အောင်ဆန်းလင်း(DOCA)**

# လှိုင်သာယာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတွင် ဓာတုပစ္စည်းနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်း၊ အစာအဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအသင်းတို့နှင့်ပူးပေါင်းပြီး ဇွန် ၁၃ ရက်က လှိုင်သာယာမြို့နယ် (ဇုန် ၁၊ ၂၊ ၃၊ ၄) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၊ ကနောင်ခန်းမတွင် စက်မှုဇုန်အတွင်းရှိ ဓာတုပစ္စည်း သိုလှောင်၊ သုံးစွဲ၊ ဖြန့်ဖြူးသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် စက်ရုံဝန်ထမ်းများအား ဓာတုပစ္စည်းများနှင့်ပတ်သက်သည့် သိရှိလိုက်နာ ဆောင်ရွက်ရမည့် အချက်များကို အသိပညာပေး ဟောပြောဆွေးနွေးပွဲပြုလုပ်ခဲ့ပါတယ်။

ထိုသို့ဆွေးနွေးရာတွင် လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်ဟန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစာအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအဖွဲ့မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းဌေးက အစားအသောက်များတွင် အများဆုံးတွေ့ရသော ခွင့်မပြုဓာတုဆိုးဆေးများ၏ အန္တရာယ်အကြောင်း၊ အစားအသောက်ညစ်ညမ်းခြင်း ဘေးအန္တရာယ်များနှင့် ယင်းဘေးအန္တရာယ်များကို တားဆီးကာကွယ်ထိန်းချုပ်ခြင်းများအကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူများသည် GMP၊ GAP၊ HACCP စနစ်များကို လိုက်နာကျင့်သုံးဖို့ လိုအပ်ကြောင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုဝင်းက ဓာတုနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လျှောက်ထားရာတွင် လိုအပ်သည့်အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သန်းသန်းအေးက စားသောက်ကုန်များတွင် ဓာတုဆိုးဆေးသုံးစွဲခြင်း၏ အန္တရာယ်များအကြောင်း၊ ဓာတုပစ္စည်းများကို စည်းကမ်းတကျမသုံးစွဲလျှင် လူ၊ တိရစ္ဆာန်၊ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ပြုနိုင်၍ အန္တရာယ်ကင်းအောင် သုံးစွဲ၊ သိုလှောင်၊ စွန့်ပစ်ရမည့် နည်းလမ်းများ၏ အခြေအနေများကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ဥပဒေပါ စားသုံးသူ၏ အခွင့်အရေးများ အပြည့်အဝရရှိအောင် စီးပွားရေးလုပ်ငန်းရှင်များမှ တာဝန်နှင့်တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ပေးရန်၊ ဓာတုပစ္စည်းများကို စနစ်တကျသိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ စွန့်ပစ်ဓာတုပစ္စည်းများကို စနစ်တကျ ဆောင်ရွက်ခြင်းကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည့်အခြေအနေများကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းများ စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **ခင်မြဦး(စားသုံးသူ)ရန်ကုန်**

Vol: 18, No.24 Monday June 18 2018

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရားမဝင် သယ်ဆောင်လာသော ကုန်ပစ္စည်းများဖမ်းဆီးရမိ





မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင် ဦးစီး၍ OSS မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ကုန်သွယ်ရေးဇုန် ရှောင်ကွင်းလမ်း(ဒေသအခေါ် သဲချိုင်းလမ်း) ဘက်သို့ တရုတ်ဓာတ်မြေဩဇာနှင့် အခြားပစ္စည်းများ တင်ဆောင်ထားသော ၁၂ ဘီးယာဉ်တစ်စီး ဝင်ရောက်သွားကြောင်း သတင်းအရ ဇွန် ၇ ရက် ၁၈၃၀ နာရီတွင် သချိုင်းဇရပ်အနီး ယာဉ်အမှတ် SHN 1C-1819 (Foton) ယာဉ်အား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်မောင်းမှာယာဉ်ကို ရပ်တန့်၍ ထွက်ပြေးသွားခဲ့ကြောင်း သတင်းရရှိပါတယ်။

ယာဉ်ပေါ်မှ တရုတ်စာတန်းများ ရေးသားထားသည့် ကြံပင်တံဆိပ်ပါ တစ်အိတ် (40-Kg) ရှိ ဓာတ်မြေဩဇာ အိတ် ၇၀၀၊ ပေါင်းသတ်ဆေး ၃၀ ဖာနှင့် Gasoline Chain Saw(လွှာနှင့်ချိန်းမပါ) ၁၁ ဖာတို့အား စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်နှင့်ယာဉ်ပေါ်ပါပစ္စည်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၏ ၂၀၁၈ခုနှစ် (ဧပြီလ မှ စက်တင်ဘာလထိ) လအလိုက် ပို့ကုန်တန်ဖိုး လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၁၈၀၅ သန်း၊ သွင်းကုန်တန်ဖိုး လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၅၂၅ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ လျာထားချက်အနေဖြင့် အမေရိကန်ဒေါ်လာ ၂၃၃၀ သန်း လျာထားကြောင်း သိရှိရပါတယ်။

အဆိုပါ လျာထားချက်အပေါ် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်တင်ပို့ခြင်း၊ သွင်းကုန်တင်သွင်းခြင်း လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူ လျင်မြန်ချောမွေ့စေရေး၊ ပို့ကုန်တင်ပို့မှုများ ယခုထက် ပိုမိုတိုးတက်စေရေး၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးတို့အတွက် လစဉ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးတွင် လုပ်ငန်းရှင်များအား ချပြဆွေးနွေးပြောကြားခြင်း၊ တရားမဝင် တင်သွင်း/တင်ပို့မှုမရှိစေရေးအတွက် သတင်းရယူ၍ တားဆီးရေးလုပ်ငန်းများကို OSS ဌာနဆိုင်ရာ အဖွဲ့ဝင်များနှင့် ပူးပေါင်းတားဆီး ဆောင်ရွက်ခြင်းတို့ကို အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက် ရှိကြောင်းနှင့် အခွန်အခများ တိုးတက်ရရှိစေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။ **အေးအေးဝင်း**

# နယ်စပ်စခန်းများမှ ဆိုင်ကယ်တင်သွင်းမှုအခြေအနေ

နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဇွန် ၂ရက်မှ ၈ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၅၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၀၀၅၇ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၇၂၀ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၃၇ စီးပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၂၃ သန်း တန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၄၈၃ စီးကိုလည်း တင်သွင်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များ လျော့နည်းတင်သွင်းခဲ့သော်လည်း မြဝတီကုန်သွယ်ရေးဇုန်မှ ပိုမိုတင်သွင်းခဲ့လို့ ယခုတစ်ပတ်မှာ ပိုမိုရခြင်းဖြစ်ပါတယ်။

တင်သွင်းမှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၄ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၃၈၂ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၂၄၀၈ စီး၊ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅၈ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၇၆၃၅ စီး တင်သွင်းခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၉၁၈၀ တန်ဖိုးရှိ ဆိုင်ကယ် ၅ စီးကို ထိုင်းနိုင်ငံမှတစ်ဆင့် တင်သွင်းခဲ့ပါတယ်။ **မျိုးဇော်**

# နယ်စပ်နဲ့ ရေကြောင်းမှ ရော်ဘာပိုမိုတင်ပို့

ဇွန်လ ပထမပတ်ဖြစ်တဲ့ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၇၆ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၃၅၉၁ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-1 အမျိုးအစား ၁၆ တန်၊ RSS-3 အမျိုးအစား ၂၆၅၂တန်၊ MSR -20 အမျိုးအစား ၃၅၃ တန်တင်ပို့ခဲ့ပြီး ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၂၀၀ နဲ့ RSS-5 အမျိုးအစား တန်ချိန် ၁၂၀ တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်မှ တင်ပို့မှုများမှာ မြိတ်ကုန်သွယ်ရေးစခန်းမှ MSR-20 အမျိုးအစား တန်ချိန် ၁၅၀ နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ Rubber Latex 60 %DRC အမျိုးအစား တန်ချိန် ၁၀၀ တင်ပို့ခဲ့ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ ယခင်တစ်ပတ် ရော်ဘာတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၂၃၅ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်စျေးမှာ RSS-3အမျိုးအစား တစ်တန်လျှင် ကျပ် ၁၆ ဒသမ ၂၇၆ သိန်းရှိပြီး ယခင်တစ်ပတ်စျေးအတိုင်း အတက်အကျသိပ်မရှိကြောင်း သိရှိရပါတယ်။

ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂၅ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၃၇၄၁ တန်တင်ပို့ခဲ့ကြောင်းနဲ့ စင်ကာပူ၊ မလေးရှား၊ သီရိလင်္ကာ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယ၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၂၆၉၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၄၆ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာစျေးနှုန်း အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် မြန်မာ့ရော်ဘာ FOB စျေးလည်း အပြောင်းအလဲ သိပ်မရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ စျေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန် တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဇွန် ၂ ရက်မှ ၈ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၀ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၃၆၀ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၅၉၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၃၄ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီ ကုန်သွယ် ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန် ၈၉ တန်၊ မြိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၂၃ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ကင်းမွန်၊ မွေးပုစွန်၊ သဲကဏန်း၊ ရေဘဝဲ ၆၃၃ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၂ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်ပစ္စည်း၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့် ၆၃၈ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မျိုးဇော်**

# အိန္ဒိယနှင့် တရုတ် နယ်စပ်စခန်းများမှ ကွမ်းသီးတင်ပို့မှု ပိုမို

မြန်မာ-အိန္ဒိယ နယ်စပ်ရှိကုန် သွယ်ရေးစခန်းများမှ ဇွန်လ ၂ ရက်မှ ၈ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၈၉၀ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၃၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၅၈ တန် ပိုမို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၀၇ သန်းတန်ဖိုးရှိကွမ်းသီး ၂၄၄ တန်၊ တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၁၉၃ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၆၄၆ တန် တင်ပို့ခဲ့တယ်လို့ သိရ ပါတယ်။

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၂ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မျိုးဇော်**



# တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ဇွန် ၂ ရက်မှ ၈ ရက်အထိ ရက် သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁၇ သန်းတန်ဖိုးရှိ ပြောင်း ၈၈၄၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၈၂၃၃ တန်ကျော်၊ လွယ်ဂျယ်မှ ၅၉၄ တန်နဲ့ ချင်းရွှေဟော် မှ ၁၇ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှတန် ၁၁၆၃၀၊ လွယ်ဂျယ်မှ ၁၅၇၅ တန်ကျော်၊ ချင်းရွှေဟော်မှ ၂၆၄ တန်၊ ကန်ပိုက်တီမှတန် ၁၂၀၊ စုစုပေါင်း တန်ချိန် ၁၃၅၈၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၄၇၄၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကန်ပိုက်တီမှ ယခုတစ်ပတ်ပြောင်းတင်ပို့မှုမရှိတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ရော ယခုတစ်ပတ်မှာပါ ပြောင်းတစ်တန်လျှင် ၃၀၉၆၂၃ ကျပ်စျေးရှိကြောင်း၊ မူဆယ်သို့ပြောင်းကား ၃၄၆ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၇၇ စီး လျော့နည်းခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်း တစ်ဖက်နိုင်ငံတွင် ဆန်၊ ပြောင်းကားများ ဝင်/ထွက်သွားလာမှု အနည်းငယ်လျော့နည်းခဲ့ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မြန်မာ့ပေါ်ဆန်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ မျှော်မှန်းချက်

(ယခင်တစ်ပတ်မှအဆက်)

ထိုအချိန်က ဆန်ပိုတိုင်းဒေသကြီးမှ ဆန်လိုတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးဝင်/စီးထွက်မှုများအား မိမိတို့ဌာန(မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး)က ထိန်းကျောင်းဆောင်ရွက်ပေးခဲ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးတွင် အများအပြားစိုက်ပျိုးတဲ့ ပေါ်ဆန်းမွှေးစပါးသည် ၂၀၀၈ ခုနှစ်၌ ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း(နာဂစ်)ဒဏ်ကြောင့် ပင်လယ်ဆားငန်ရေများ ဝင်ရောက်လာကာ ရေမြေအနေအထားပျက်စီးပြောင်းလဲခဲ့ခြင်းကြောင့် ပေါ်ဆန်းမွှေး၏ အရည်အသွေးကျဆင်းခြင်းနှင့် ဈေးနှုန်းကျဆင်းခြင်းများသာမက ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးစိုက်ပျိုးမှု အားနည်းလာချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုနယ်ဘက်မှထွက်ရှိသော ပေါ်ဆန်းဘေးကြားဆန်သည် ဈေးကွက်အတွင်းသို့ ဝင်ရောက်လာခဲ့ပါတယ်။

မြောင်းမြဗဟိုခြံ(စိုက်ပျိုးရေးဌာန)တွင် ၁၉၄၄ ခုနှစ်၌ မြန်မာ့ဒေသစပါးမျိုးများအား အပင် ရွေးချယ်မွေးမြူရာတွင် မီးဒုံးအုပ်စုဝင် ပေါ်ဆန်းစပါးမျိုးထဲမှ အပင်နံပါတ် (၈) အားရွေးချယ်ပြီး မွေးမြူရေးနံပါတ်(D44-8)ဖြင့် မျိုးရွေးချယ်၍ မျိုးပွားများဖြန့်ဖြူးခဲ့ပါတယ်။ ၁၉၉၇-၁၉၉၈ ခုနှစ်ခန့်တွင် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာရှိ တောင်သူ ဦးထွန်းရီ၊ ဒေါ်ကြည်ညွန့်တို့က ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဗုံလုံကျေးရွာမှ ပေါ်ဆန်းဘေးကြား စပါးမျိုးလေးပြည် ယူဆောင်လာခဲ့ပြီး ၎င်းလယ်မြေတွင် စတင်စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ စားသုံးတဲ့ခလေ့မတူ၍ အစပိုင်းတွင် တောင်သူကြိုက်နှစ်သက်မှု နည်းပါးသော်လည်း နှစ်အနည်းငယ်ကြာမှသာ ဒေသရေမြေရာသီဥတု ကိုက်ညီမှုရှိ၍ စိုက်ပျိုးဖြစ်ထွန်းခြင်း၊ အထွက်နှုန်းသင့်တင့်ခြင်း၊ ဆန်ထွက်ကောင်းခြင်း၊ စားသုံးမှု အရသာကောင်း ခြင်း၊ ဒေသတွင်း ဘာသာရေး၊ လူမှုရေးပွဲများတွင် ပေါ်ဆန်းဘေးကြားဆန်ဖြင့် ကျွေးမွေးဧည့်ခံရာ၌ လူကြိုက်များ၍ သုံးစွဲမှုများပြားလာခြင်းတို့ကြောင့် ဒေသခံတောင်သူများစိတ်ဝင်စားမှုရှိလာကာ တောင်သူချင်းမျိုးဖလှယ်၍ စိုက်ပျိုးမှုတစ်စတစ်စများပြားလာပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏တတိယစပါးကျီတစ်ခုဖြစ်ပြီး တိုင်းအတွင်းရှိရွှေဘိုခရိုင်မှာလည်း စစ်ကိုင်းတိုင်းဒေသကြီး၏ ပထမစပါးကျီတစ်ခုအဖြစ် ရပ်တည်လျက်ရှိရာ ရွှေဘိုခရိုင်တွင် ရွှေဘို၊ ခင်ဦး၊ ဝက်လက်၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်စသည့်မြို့နယ်ခြောက်မြို့နယ်၏ သဖန်းဆိပ်ဆည်ရေသောက် လယ်ဧက ၄ ဒသမ ၄ သိန်းခန့်တွင် ရွှေဘိုပေါ်ဆန်းစပါးကိုဧကသုံးသိန်းခန့်အထိ တိုးချဲ့စိုက်ပျိုးလာခဲ့ပါတယ်။ ရွှေဘိုပေါ်ဆန်းစပါးသည် ရွှေဘိုဒေသ၏ရေမြေရာသီဥတုနှင့် ကိုက်ညီမှုရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်ထုတ်လုပ်ဖြန့်ဖြူးလာနိုင်ခြင်းတို့ကြောင့် တင်ပို့ရောင်းချသူများက ပြည်တွင်းဈေးကွက်အတွက်သာမက ပြည်ပဈေးကွက်များသို့ထိုးဖောက်ချဲ့ထွင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

ရွှေဘိုပေါ်ဆန်းစပါးစိုက်ပျိုးထုတ်လုပ်သူများကလည်း အထွက်နှုန်းနှင့်အရည်အသွေးကောင်းသော မျိုးကောင်းမျိုးသန့်စပါးများကိုသာ ရွေးချယ်စိုက်ပျိုးလာခြင်း၊ ဈေးကွက်ခိုင်မာသော စပါးမျိုးများကိုပြောင်းလဲစိုက်ပျိုးလာခြင်း၊ အဆင့်မြင့်စက်မှုလယ်ယာများဖော်ထုတ်ခြင်း၊ သိပ္ပံနည်းကျ (GAP) စနစ်ဖြင့် စိုက်ပျိုးခြင်းစသည့်နည်းလမ်းများကို လိုက်နာအကောင်အထည်ဖော်ခြင်းများဖြင့် မြန်မာ့ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ရွှေဘိုပေါ်ဆန်းမွှေးကိုဦးစားပေးစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး နှစ်အလိုက်မျိုးစေ့ထုတ်လုပ်မှုဆောင်ရွက်ခဲ့မှုအား အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း တွေ့ရှိခဲ့ရပါတယ်-

**ရွှေဘိုခရိုင် ရွှေဘိုပေါ်ဆန်း မျိုးသန့်မျိုးစေ့နှစ်အလိုက် ထုတ်လုပ်ဆောင်ရွက်ခဲ့မှုအခြေအနေ**

| စဉ် | ခုနှစ် | မျိုးစေ့ထုတ်ဧက | အထွက်နှုန်း | အထွက်တင်း |
|---|---|---|---|---|
| ၁ | ၂၀၀၈-၂၀၀၉ | ၂၆၅ | ၇၃. ၉၂ | ၁၉၅၀၂ |
| ၂ | ၂၀၀၉-၂၀၁၀ | ၈၉၁ | ၈၂. ၁၉ | ၇၃၂၇၃ |
| ၃ | ၂၀၁၀-၂၀၁၁ | ၁၂၅၆ | ၈၁. ၃၇ | ၁၀၂၁၉၈ |
| ၄ | ၂၀၁၁-၂၀၁၂ | ၇၁၇ | ၇၈. ၁၇ | ၅၆၀၄၈ |
| ၅ | ၂၀၁၂-၂၀၁၃ | ၉၇၅ | ၈၄. ၀၂ | ၈၁၉၂၀ |
| ၆ | ၂၀၁၃-၂၀၁၄ | ၁၀၉၉ | ၈၁. ၈၂ | ၈၉၉၂၀ |
| ၇ | ၂၀၁၄-၂၀၁၅ | ၁၉၂၀ | ၈၀. ၅၁ | ၁၅၄၅၈၀ |
| ၈ | ၂၀၁၅-၂၀၁၆ | ၃၂၄၅ | ၈၂. ၅၈ | ၂၆၇၉၇၂ |
| ၉ | ၂၀၁၆-၂၀၁၇ | ၄၂၅၈ | ၈၁. ၁၁ | ၃၄၅၃၆၁ |
| ၁၀ | ၂၀၁၇-၂၀၁၈ | ၆၆၀ | ၇၇. ၅၃ | ၅၉၈၅၀ |

ပေါ်ဆန်းဘေးကြားဆန်ကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် မိုးကုတ်ဒေသသို့ တင်ပို့ရောင်းချခြင်းဖြင့် ဈေးကွက်စတင်ဖြစ်ထွန်းခဲ့ပြီး ရွှေဘိုမြို့ ဆန်ကုန်သည်များက စတင်ဝယ်ယူခဲ့ကြပါတယ်။ ထိုအချိန်က စိုက်ပျိုးနေသော ပေါ်ဆန်းဘေးကြားစပါးမျိုးများမှာ မျိုးကောင်းမျိုးသန့်မဟုတ်သဖြင့် ဆန်အရည်အသွေးနိမ့်ကျခြင်း၊ ဆန်နီများပါဝင်ခြင်း၊ ဆန်စက်များမှာလည်းအဆင့်မမီခြင်းများကြောင့် ဆန်ဈေးကွက်တွင် ဈေးကောင်း မရရှိခဲ့ပါ။ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးရာသီတွင် ရွှေဘိုမြို့နယ် ချီပါမျိုးသန့်ခြံက ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနမှ ပေါ်ဆန်းဘေးကြားအဆင့်-၁ စပါးတင်း ၆၀ အားသယ်ယူ၍ မျိုးပွားခြင်း၊ သီးလုံးကျေးရွာရှိ အကျိုးဆောင်တောင်သူများနှင့် မျိုးပွားခြင်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ထွက်ရှိလာသော မျိုးစပါးပမာဏမှာ ဒေသတွင်းလုံလောက်မှုမရှိသဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးရာသီတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ သရောင်းချောင်းမျိုးသန့်ခြံမှ ပေါ်ဆန်းဘေးကြားစပါးတင်း ၁၅၀၊ ဖျာပုံမြို့နယ်၊ အောက်ကွင်းကြီးစိုက်ကွင်းမှ ပေါ်ဆန်းရင်မျိုးသန့် အဆင့်-၁ စပါး ၁၅ တင်းစသည့် စပါးမျိုးများကိုသယ်ယူ၍ အကျိုးဆောင် တောင်သူများနှင့်မျိုးစပါးထုတ်လုပ်မှု ဆက်လက်ဆောင် ရွက်ခဲ့ပါတယ်။ ၂၀၀၆-၂၀၀၇ ခုနှစ်နောက်ပိုင်းကာလများတွင် ရေဆင်းစိုက်ပျိုးရေးသုတေသနမှ မျိုးများမှာယူပြီး ရွှေဘိုချီပါမျိုးသန့်ခြံတွင် နှစ်စဉ်ပေါ်ဆန်းဘေးကြား မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

## DOCA(Domestic)

တောင်သူများအနေဖြင့်လည်း ၎င်းပေါ်ဆန်းဘေးကြား မျိုးစပါးရွေးချယ်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိစေရန် အရောင်အသွေး၊ အရွယ်အစား၊ အရင့်အမှည့်၊ အပင်အရပ်အမောင်း ညီညွတ်သည့်စပါးပင်များမှ အကြိုက်ဆုံးခေါင်နှံများကိုမျိုးယူရိတ်သိမ်း၍ နေလှန်းခြောက်သွေ့မှ သန့်စင်ထုပ်ပိုးထားရှိခြင်း၊ မိမိတို့လယ်များတွင် ၎င်းစပါးမောင်းညိုစအချိန်တွင်(၅)တောင်ခြား(၆)တောင်ခြားလိုင်းများခွဲ၍ စပါးစေ့အရောင်အဆင်းမတူညီသောအနှံများ၊ စပါးစေ့အရွယ်အစား မတူညီသောအနှံများ၊ စပါးအရင့်အမှည့်မတူညီသောအနှံများစသည်တို့ကိုပယ်ရှင်းခြင်းဖြင့် ပေါ်ဆန်းစပါးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ သီးလုံးကျေးရွာမှ ပေါ်ဆန်းဘေးကြားမျိုးစပါးသည် ရိုးရိုးစပါးဈေးနှုန်းထက် တင်း ၁၀၀ လျှင် ကျပ်သုံးသိန်းခန့် ပိုမိုရရှိနေတာကိုလေ့လာတွေ့ရှိရပါတယ်။

ရွှေဘိုမြို့နယ် သီးလုံးကျေးရွာမှ စတင်စမ်းသပ်စိုက်ပျိုးခဲ့သော ပေါ်ဆန်းဘေးကြားစပါးသည် ဒေသတွင်း တောင်သူချင်းမျိုးဖလှယ်သည့်စနစ်အရလည်းကောင်း၊ ရွှေဘိုမြို့ ချီပါမျိုးသန့်ခြံမှ မျိုးပွားဖြန့်ဖြူးသည့်စနစ်အရလည်းကောင်း ရွှေဘိုမြို့နယ်သာမက ခရိုင်အတွင်းရှိဝက်လက်၊ ရေဦး၊ ခင်ဦး၊ ဒီပဲယင်းစသည့်မြို့နယ်များအထိ စိုက်ပျိုးမှုမြေဧရိယာတိုးတက်လာပြီး ပေါ်ဆန်းဘေးကြားစပါးမျိုး ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်အဖြစ် ထင်ရှားလာကာ ၂၀၀၆-၂၀၀၇ ခုနှစ်ခန့်က မန္တလေးဈေးကွက်၌ **"ရွှေဘိုပေါ်ဆန်း"**အဖြစ် ဈေးကွက်ရရှိနေရာယူလာခဲ့ပါတယ်။

ပေါ်ဆန်းမွှေးသည် ဧရာဝတီတိုင်းဒေသကြီးတွင် ပင်လယ်ဒီရေဆုံရာ ရေချို၊ ရေငန်စပ်ဒေသ၊ မိုးရေချိန်လက်မ ၇၀ မှ၈၀ ရွာသွန်းသောဒေသတွင် စိုက်ပျိုးဖြစ်ထွန်းပြီး ရေများပါက ပင်ပွားနည်း၍ အထွက်နှုန်းကျဆင်းခြင်း၊ မှို့ကပ်ချိန်၊ ပန်းပွင့်ချိန်တွင် မိုးရွာသွန်းပါက အထွက်နှုန်းကျဆင်းခြင်းများဖြစ်နိုင်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပူအိုက်စွတ်စိုသောရာသီဥတု၌ သဲနုန်းမြေနှင့် စနယ်မြေအမျိုးအစားတို့တွင် စိုက်ပျိုးဖြစ်ထွန်းပြီး ဆည်ရေသောက်လယ်ဖြစ်ပါက ရေကိုလိုသလောက်ထိန်းညှိ၍ ပင်ပွားကိုလိုသလို ရယူနိုင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတွင် နုန်းမြေရေနက်ကွင်း၌ စိုက်ပျိုးဖြစ်ထွန်းပြီး သက်တမ်းရှည်ကောက်ကြီးစပါးမျိုးဖြစ်၍ နွေစပါးအဖြစ်စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးရာသီတွင်သာ စိုက်ပျိုးကြပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတွင်စိုက်ပျိုးသည့် ပေါ်ဆန်းစပါးမှာ မီးဒုံးအုပ်စုဝင် စပါးအမျိုးအစားဖြစ်ပြီး ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းရင်၊ ဘေးကြားလေး၊ ပေါ်ဆန်းဘေးကြား၊ တောင်ပျံအမည်ခွဲများဖြင့်စိုက်ပျိုးလျက်ရှိပြီး ပေါ်ဆန်းမွှေးမှအပ အခြားအမည်ခွဲများအား ပေါ်ဆန်းရင်အုပ်စုအတွင်း ထည့်သွင်းသတ်မှတ်ကြောင်းတွေ့ရှိရပါတယ်။

ကိုးကား။ တိုင်းဒေသကြီး/ပြည်နယ်များမှတင်ပြလာသည့် ပေါ်ဆန်းမွှေးစိုက်ပျိုးထုတ်လုပ်မှုအစီရင်ခံစာများမှ စိစစ်ရေးသားတင်ပြပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## ယခုရက်ပိုင်းအတွင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်တွင် သရက်သီးဈေးကောင်းရ

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံ အနှံ့အပြား၌ မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်သို့ သရက်သီး အဝင်ကျဲသွားပြီး အိတ်စပို့သရက်သီးများ ဈေးကောင်းရလာကြောင်း သိရပါတယ်။ မိုးအဆက်မပြတ်ရွာနေ၍ သရက်သီးဆွတ်ခူးနိုင်မှုမရှိ၍ သရက်သီးကား အဝင်ကျဲသွားရကြောင်း သိရပါတယ်။

သရက်သီးကား အဝင်ကျဲသွားခြင်းကြောင့် အဝယ်များပြီး အဝင်နည်းနေသည့်အတွက် ဈေးကောင်းရလာခြင်းဖြစ်ကြောင်းသိရပါတယ်။ အသီးကုန်စည်ဒိုင်သို့အဝင်အများဆုံး မန္တလေးရင်ကွဲ၊ ဟသ်ာ၊ စိန်တလုံး၊ မယ်သီ သရက်သီးအမျိုးအစားများအနက် လက်ရှိတွင်ဟသ်ာမှာ ဈေး အကောင်းဆုံး ရရှိနေပါတယ်။ ယခင်က ဟသ်ာ ၁၅ ကီလိုတစ်ခြင်းလျှင် ယွမ် ၄၀ နှင့် ယွမ် ၅၀ ကြားရရှိရာမှ ယခုဆိုလျှင် ၈၂ ယွမ်အထိရရှိနေပြီး အသီး သန့်၊ အသီးလှသော ဟသ်ာအမျိုးအစားမှာ ယခင်က ယွမ် ၈၀ လောက်သာရရှိသော်လည်း ယခုဆိုလျှင် ၁၀၃ ယွမ်အထိ ရရှိနေကြောင်း သိရပါတယ်။ စိန်တလုံးမှာ အသီးတုံးသွားသလောက်ရှိနေပြီး ဟသ်ာလောက် ဈေးကောင်းမရသော်လည်း ၁၅ ကီလိုတစ်ခြင်းလျှင် ယွမ် ၈၀ လောက် ရနေကြောင်း သိရပါတယ်။ မိုးထိခဲ့သော စိန်တလုံးအသီးမှာ ယွမ် ၅၀ လောက်သာရရှိပြီး အချို့ စိန်တလုံးအသီးမှာ ယွမ် ၄၀ လောက်သာရရှိသဖြင့် အသီးပိုင်ရှင်မှ အသီးဒိုင်၌ မရောင်းတော့ဘဲ ကားဖြင့်ပြန်သယ်၍ ဈေး၌ချရောင်းနေကြောင်းကိုလည်း သိရပါတယ်။ မယ်သီအသီးမှာ ၁၅ ကီလိုတစ်ခြင်းလျှင် ယခင်ကယွမ် ၆၀ လောက်ရရှိရာကနေ ယခုဆိုလျှင် ယွမ် ၇၀ နှင့် ယွမ် ၈၀ ကြားရရှိပါတယ်။ အစက်အပျောက်ပါသော၊ အကွက်ပါသော တစ်နည်းအားဖြင့် အရေပြားပေါ်တွင် ပွေးကွက်လို၊ ညှင်းကွက်လိုပါသော အမျိုးအစားကိုမူ မဝယ်ယူကြောင်း သိရပါတယ်။ ရင်ကွဲအသီးမှာ အဝင်အများဆုံးဖြစ်သော်လည်း ဈေးကောင်းမရဘဲ ယခင်ဈေးနှုန်းအတိုင်းသာ ယွမ် ၂၀ နှင့် ယွမ် ၃၀ အကြားသာရရှိနေပြီး အလှဆုံးအသီးမှသာ ယွမ် ၄၀ အထိသာရရှိကြောင်း သိရပါတယ်။ **SWM**

စာမျက်နှာ (၈) သို့လော သို့လော ပဲစင်းငုံ…… မှအဆက်

သို့ရာတွင် တောင်သူများအနေဖြင့် ပဲစင်းငုံအစား မည်သည့်သီးနှံကို စိုက်ပျိုးသင့်သည်၊ မည်သည့်အတိုင်းအတာအထိ စိုက်ပျိုးရမည်၊ မည်သည့်နည်းစနစ်ဖြင့်စိုက်ပျိုးရမည်၊ မည်သည့်ဈေးကွက်ကို တင်ပို့ရောင်းချရမည်ဆိုသည်များကိုလည်း တောင်သူများနှင့် ဆွေးနွေးချက်များအပေါ် အခြေခံ၍ ဖြည့်ဆည်းပေးရမည့်အချက်များကိုလည်း တွေ့ရှိနေရပါသည်။

အဆိုပါပဲစင်းငုံများသည် ပြည်တွင်းတွင်စားသုံးမှု အလွန်နည်းပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်လည်း အလွန်နည်းပါးပါသည်။ ပဲစင်းငုံသီးနှံအနေဖြင့် အိန္ဒိယနိုင်ငံ၏ ဝယ်ယူလိုမှုပမာဏအပေါ် မူတည်ပြီး ကြော်ငြာချက်နှင့် ပဲစိုက်တောင်သူများ၏ ပြောကြားချက်များ၊ ကုန်သည်များ၏ သုံးသပ်ချက်များအရ ပြည်ပသို့ တင်ပို့ရန်အတွက်သာ အဓိကရည်ရွယ်၍ စိုက်ပျိုးကြခြင်းဖြစ်ပါသည်။ ပြည်ပသို့တင်ပို့ရန်ဆိုသော်ငြားလည်း အဓိကတင်ပို့နေသော နိုင်ငံမှာ အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းသာဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ ပဲစင်းငုံဈေးကွက်သည် အိန္ဒိယနိုင်ငံ၏ ဈေးကွက်ကိုသာမှီခိုနေရသည့်အနေအထားဖြစ်ပါသည်။ အိန္ဒိယနိုင်ငံမှ ပဲစင်းငုံဝယ်ယူမှု ကန့်သတ်ခဲ့သည့်အတွက် ပြည်တွင်းတွင်တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ခွဲခြမ်းထုပ်များထုပ်၍ရောင်းချလာခြင်း၊ ပဲကြာဆန်လုပ်ငန်းများတွင်အသုံးပြုလာခြင်းနှင့် ပြည်တွင်းပဲစားသုံးမှုမြှင့်တင်နိုင်ရေးအတွက် အသိပညာပေး နှိုးဆော်မှု များကြောင့် ပဲစင်းငုံစားသုံးမှုအနည်းငယ်ပိုလာသော်လည်း အဓိကအားဖြင့် ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်မှုသည် အိန္ဒိယနိုင်ငံ၏ ဈေးကွက်ကိုသာ မှီခိုနေရခြင်းကြောင့် အလွန်သတိထား စိုက်ပျိုးသင့်သောသီးနှံတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# FERRARI

FOOD+WINE



Retail opened from Monday to Friday
9.00 am to 5.00 pm
Room N. J1 N.45/D, Kabaraye Pagoda Road,
9 Ward, Mayangone Township, Yangon.

Orders from Monday and
Deliveries from Wednesday
thitsar@finefoodsmyanmar.com

"Passion is what we share"



# WT LOGISTICS CO., LTD.

**Integrated Solutions Provider**

**OUR SERVICES**

WE HAVE WIDE NETWORK OF OFFICES IN ALL MAJOR LOCATIONS TO HELP YOU WITH THE SERVICES WE OFFER

**AIR FREIGHT**

AIR

- Door to Door Services.
- Consolidation.
- Dangerous Goods Handling.
- Personal Goods.
- Documentations.

**SEA FREIGHT**

SEA

- Door to Door Services.
- (LCL) Less Than Container Load.
- (FCL) Full Container Load.
- Reefer Cargo.
- Project Cargo.
- Documentations.

**ROAD FREIGHT ( Border Trade )**

LAND

- From Thailand & China.
- Door to Door Services.
- (LTL) Less Than Trucks Load.
- (FTL) Full Trucks Load.
- Trailer.
- Box Trucks.
- Dangerous Goods Handling.

**CUSTOMS CLEARANCE**

- In-depth working knowledge of Customs regulations.
- Quarantine rules.
- Consumer protection.
- Legal regulations.
- Interantional Legislation.

**PROJECT HANDLING**



- Project Forwarding Services to EPC ( Engineering, Procurement & Construction Companies )
- Large industrials Goods, Heavy & Over-Size
- Customized Project Handling & Transportation
- Project Consulation( Planning, Initial ,Operation Stags By Qualified Logistics Expers )

CONTACT US

+95 (9) 515 8435, +95 (9) 78 515 8435

simon@wtlogisticsglobal.com

No.91/105,Room (E2),Ground Floor,Min Ye' Kyaw Swar Road, (9) Q/T, Lanmadaw Tsp,Yangon,Myanmar



# Royal Material Co.,Ltd.

Quality Brand သုံးစွဲသူများအတွက်
နိုင်ငံတကာ အရည်အသွေးမီ ကိုရီးယားနိုင်ငံထုတ်
အိမ်တွင်းအလှဆင်ပစ္စည်းများအရောင်းပြခန်း
နှင့်အိမ်တွင်းအလှဆင်လုပ်ငန်း

ISO 9001:2015 Cert. No. 761212

- အဆင့်မြင့် ခိုင်ခံ့သပ်ရပ်သော အလူမီနီယမ်နှင့်ဆက်စပ်ပစ္စည်းများ
- ကြမ်းခင်းနှင့်နံရံသုံးဆန်းသစ်သော Vinyl ပြားများ
- နံရံအလှဆင် Wall Leather လိပ်များ
- အလင်းရောင်ထိုးဖောက်နိုင်သော Acrylic ပြားများ
- လုံခြုံရေးစိတ်ချရသော Main Doors (Temperate Glass Door)
- အိပ်ခန်းနှင့် သန့်စင်ခန်းသုံးတံခါး (ABS Doors)
- လှပခိုင်ခံ့သောအလူမီနီယမ်ဇကာကွက်များ (Aluminium Grille)
- နံရံနှင့်မျက်နှာကျက်အလှဆင်(Space Wall)
- အရည်အသွေးမြင့်မားသော TopSeal (Prime-X) Silicone Sealant






Survey ဆင်း၍ အတိုင်းအတာအခမဲ့တွက်ချက်ပေးပါသည်။
အမှတ် (၃၁၂-၃၁၈)၊အနော်ရထာလမ်း၊ (၃)လမ်းထိပ်၊ (KBZ Bank ဘေး)၊
လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-0979700 6070~71~72, 09 44312 6052။
Website :www.royalmaterial.com, Email :info.royalmaterial@gmail.com




Mermaid Fish Sauce

MERMAID®

# Myanmar Golden Star Co.,Ltd

## ရေသူမ ငံပြာရည်



**Special** (750ml)

**Premium** (၃ ပိဿာ) (750ml) (500ml) (350ml)

NO.125, Kamaryut High Court Street, Kamaryut Township Yangon, Myanmar
Tel : (959)250585410, (959)250585796
Email : mgs.sndc.myanmar@gmail.com
Web : www.mgsgroup.net

# တစေ့တစောင်း ပဲအကြောင်း

**တတိုင်းမွှေး (DOCA)**

ပဲ. . . ပဲ. . . ပဲ. . . ငယ်ငယ်ကတည်းက စားခဲ့ရသောပဲ၊ ယခုအထိလည်း ကြိုက်နှစ်သက်လို့ စားနေဆဲပါ။ ထိုပဲများစွာထဲမှ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းကို အိန္ဒိယနိုင်ငံမှ အဝယ်လျှော့ချမှုကြောင့် ပြည်တွင်းတွင် ပဲလောက ဂယက်ထရိုက်ပွက်လောညံခဲ့ရပါတယ်. . . ပဲကို တခြားနိုင်ငံမှ မဝယ်ရင် ကိုယ့်တိုင်းပြည်ထဲမှာ စားဖို့ အကျင့်မရှိကြလို့ ယခုလို ပဲဂယက်ထခဲ့ခြင်းဖြစ်ပါ တယ်။ ဒီလိုမဖြစ်ကြရအောင် အစီအမံကလေးများ ရေးဆွဲပြီး ငယ်စဉ်ကျောင်းသားကလေးငယ်အရွယ်မှစ၍ ပဲကိုစတင် စားသုံးတတ်ကြစေရန် ဆောင်ရွက်ထားကြရင်ဖြင့် ပဲအတွက် ရင်လေးစရာလိုမည်မထင်ပါ။

ပဲသည် ရှေးမြန်မာဘုရင်များလက်ထက်ကတည်းကပင် စားသုံးခဲ့မှုရှိခဲ့ကြောင်း၊ ပဲနှင့်ပတ်သက်ပြီး စာချိုးကလေးတစ်ခုကိုပင် မှတ်သားကြားနာဖူးခဲ့ပါသည်။ "ပဲကလေးကဆိမ့် လိုက်တာ၊ အရသာဟာထူး၊ ညအခါကိုယ်တော်သုံးတယ် လေပုန်းကမြူး"။ အဆိုပါ စာချိုးကလေးအရ ပဲစားသုံးမှုကြောင့် ခန္ဓာကိုယ်အတွင်း ပုန်းအောင်းနေသော လေဆိုး၊ လေပုပ်များ ပြင်ပသို့ရှောရှောရှူရှူထွက်သွားမှုကြောင့် ခန္ဓာ ကိုယ်ကျန်းမာရေးအတွက် ကောင်းမွန်မှုကိုရည်ရွယ်ကာ စာချိုးခဲ့ခြင်းဖြစ်မည်ထင်ပါသည်။

ပဲစားသုံးမှုကြောင့် ပရိုတိန်းဓာတ်ကြွယ်ဝမှု၊ ကြံ့ခိုင် သန်စွမ်းမှု၊ အာဟာရဓာတ်ပြည့်စုံစွာရရှိမှု၊ ကျန်းမာရေး ကောင်းမွန်စေသော အကျိုးကျေးဇူးများကို ဧကန်ခံစားကြရမည်ဖြစ်ပြီး အသားဈေးကြီးမြင့်မှုကြောင့် ဝယ်မစားနိုင်ပါက အသားဓာတ်လိုအပ်မှုကို ဖြည့်စွက်နိုင်ရန် အထောက်အကူဖြစ်နိုင်ပါသည်။

ကျွန်ုပ်တို့နိုင်ငံသည် ရေမြေသဘာဝအနေအထားအရ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံ၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများဖြစ်ကြပြီး စိုက်ရေး၊ ပျိုးရေး လုပ်ငန်းကို အခြေခံလုပ်ကိုင်ကြသဖြင့် ဆန်စပါး၊ ပဲမျိုးစုံ၊ အခြားသီးနှံများ၊ ရတနာတန်းဝင်အပင်များ စိုက်ပျိုးကြခြင်းဖြင့် ဝင်ငွေရရှိကြခြင်း၊ ထွက်ရှိသီးနှံများ ပြည်တွင်းတွင် လုံလောက်စွာစားသုံးကြပြီး ပိုလျှံသောသီးနှံများအား ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံအတွက်လိုအပ်သော ပြည်ပဝင်ငွေရှာဖွေခြင်းလုပ်ငန်းများ လုပ်ကိုင်ကြလျက်ရှိနေကြပါသည်။ ဒါကြောင့်လည်း အခြေခံလူတန်းစားများ စိုက်ပျိုးထားသော သီးနှံများဝယ်ယူသူမရှိက လုံးဝကိုအခက်အခဲများ ကြုံတွေ့ဖြစ်ပေါ်ကြပါသည်။ ထိုအခက်အခဲကို ကျော်လွှားနိုင်ရန် ပြည်ပဈေးကွက် ခိုင်မာမှုရှိရန် အရေးကြီးလှသလို ထွက်ရှိသောသီးနှံများကို ပြည်တွင်းစားသုံးမှု အလေ့အကျင့်ရှိနေရန်လိုအပ်ပြီး အထူးအားဖြင့် ယခုစိုက်ပျိုးထွက်ရှိလာပြီး တင်ပို့ရန်အခက်အခဲရှိနေသော ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းကို ပြည်တွင်းစားသုံးမှု တိုးတက်လာစေရေးအတွက် အလေးထားဆောင်ရွက်ကြရန်လိုပြီဖြစ်ပါသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းအနေဖြင့် ပြည်တွင်းပဲစားသုံးမှုမြှင့်တင်ရေး ပညာပေးရန်၊ ပဲသုံးမျိုး၏ အာဟာရဓာတ်ပါဝင်မှု၊ ကျန်းမာရေးအတွက် အထောက်အကူပြုမှုတို့ကို ပြည်သူများ ကျယ်ပြန့်စွာသိရှိစေရန်၊ ချက်ပြုတ်နည်းစနစ်များ ပြန့်ပွားစေရန်အတွက် 'ပြည်တွင်းပဲစားသုံးသည့် အလေ့အထကောင်းများ တိုးမြှင့်ရေးပဲစားသုံးမှု မြှင့်တင်ပွဲ'ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးတွင် ပဲစတုဒီသာဖြင့် ညှော်ခံကျွေးမွေးခြင်းများကို ပြုလုပ်ခဲ့ပြီး ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းတို့တွင်ပါဝင်သော အာဟာရဓာတ်များ ကျန်းမာရေးအထောက်အကူပြုမှုအခြေအနေများနှင့်ပတ်သက်၍ ကျန်းမာရေးပညာရှင်မှ ဆွေးနွေးပြောကြားခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ သင်တန်းကျောင်းများသို့ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ပဲလှူဒါန်းခြင်း၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့်ဧည့်သည်တော်များ လူဦးရေ ၃၀၀ ခန့်အား ပဲထမင်း၊ ပဲဟင်းများဖြင့် တည်ခင်းဧည့်ခံခြင်းများဖြင့် ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ပါသည်။

ထို့အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ပဲစားသုံးမှု မြှင့်တင်ရေးအတွက် သာဝတ္ထိမြို့ စမတောင်တော်တွင် မိဘမဲ့ကလေးများ နှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာဧည့်သည်တော်များအား ပဲထမင်း၊ ပဲကြာဆန်ကြော်၊ မတ်ပဲဘယာကြော်၊ ပဲမျိုးစုံဟင်းများဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခြင်းကို ပြုလုပ်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင်လည်း ပဲစားသုံးမှုမြှင့်တင်ပွဲများ ပြုလုပ်ခဲ့ကြပါသည်။ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ စီမံချက်များ ရေးဆွဲတင်ပြထားပြီး ခွင့်ပြုပါက ကျင်းပပြုလုပ်သွားကြမှာဖြစ်ပါသည်။

မိမိတို့မိသားစုအတွင်း ပဲစင်းငုံကို တစ်ပတ်လျှင်သုံးကြိမ် ချက်ပြုတ်စားသောက်ခဲ့သည်မှာ ငယ်စဉ်ကပင် ဖြစ်၍ မိသားစုအတွင်း ဆိုးဝါးသော ကျန်းမာရေးချို့ယွင်းမှုမရှိကြပါ၊ ရံဖန်ရံခါဖျားနာမှုသာဖြစ်ပေါ်တတ်ပြီး ခန္ဓာကိုယ်ကြံ့ခိုင်ခြင်း၊ ကျန်းမာခြင်းကို ယခုအချိန်ထိ ရရှိခံစားနေကြရမှုမှာ ပဲကြောင့် ရရှိမှုအကျိုးရလဒ်ဟု ထင်မြင်မိပါသည်။ အပြင်စာမစား၊ ထမင်းနှင့်ဟင်းကိုသာ အမြဲစားသုံးမှုကြောင့် ကျန်းမာရေး ကောင်းကြသည်သာပင်။ 'အာရောဂျံ ပရမံလာဘံ' ဆိုသော စကားအတိုင်း ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်၍ ကျန်းမာရေးဂရုစိုက်လိုသူတိုင်း အာဟာရကို ရွေးချယ်စားသောက်တတ်ကြရန် အရေးကြီးပါသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်၍ တိုင်းပြည်အတွက် အားကိုးနိုင်လောက်သော အုတ်တစ်ချပ် သဲတစ်ပွင့် ဖြစ်စေနိုင်ရေး အာဟာရဖြစ်သော ပဲကိုစားသုံးပေးခြင်းဖြင့် တိုင်းပြည်အတွင်း ပိုလျှံနေသော ပဲများအသုံးပြုရာရောက်မည်ဖြစ်ပါသည်။

ပဲလောက၊ ပဲစိုက်ပျိုးမှုကို ဝယ်လိုအားပေါ်အခြေခံ၍ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးကြပြီး ရောင်းဝယ်မှုအနေအထားတွင်လည်း သစ္စာ၊ သီလ၊ သမာဓိပြည့်စုံစွာဖြင့် ရောင်းဝယ်ကြရင်းဖြင့် ပဲမျိုးစုံမျက်နှာပွင့်လန်းစွာ ရောင်းချရနိုင်မည်ဖြစ်သည်ဟု ထင်မြင်မိပြီး ပဲများကိုတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရန်ကြိုးစားနိုင်ကြရန် အရေးကြီးနေပြီဖြစ်ပါသည်။ ပဲကြာဆန်၊ ပဲနို့ရည်၊ ပဲမုန့်အမျိုးမျိုး၊ အရည်အသွေးမြင့် ပဲနှင့်ဆက်စပ်သော ပဲဆန္ဒင်းမကင်း၊ ပဲပူတင်း၊ မုန့်၊ ထမင်း၊ ဟင်း၊ အခြားသောစားသောက်စရာမျိုးစုံဖြင့် ကျန်းမာရေးဖြည့်စွက်စာများ ပြုလုပ်ထုတ်လုပ်ရောင်းချစားသုံးကြခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော မြန်မာလူမျိုးများဖြစ်လာနိုင်မည်ဟု ရေရှည်ကို မျှော်တွေးပြီး 'တစေ့တစောင်းပဲအကြောင်း'လေ့လာမိသမျှ ရေးချတင်ပြမိပါသည်။

❑

---

# မြန်မာနိုင်ငံမှ သိုး/ဆိတ်များ ဈေးကွက်ထိုးဖောက်၍ နိုင်ငံတကာသို့တင်ပို့နိုင်ရေး မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သိုး/ဆိတ် မွေးမြူစားသုံးမှုနှင့် တင်ပို့ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား လေ့လာခြင်း

**သီတာကျော်**

**ယခင်တစ်ပတ်မှအဆက်**

**မလေးရှားနိုင်ငံ၏ မွေးမြူရေး ထုတ်ကုန်များနှင့် စားသုံးမှုဈေးကွက် လိုအပ်ချက်**

မလေးရှားလူမျိုးများအတွက် မွေးမြူရေးလုပ်ငန်းမှာ အလွန်အရေးပါလျက်ရှိပါကြောင်း၊ မလေးရှားနိုင်ငံ၏ စားသုံးသူဦးရေမှာ အလွန်များပြား လာသောကြောင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းများမှာလည်းလိုအပ်လျက်ရှိကြောင်း၊ အထူးသဖြင့် သိုးသားနှင့် အမဲသားများကို ပြည်ပနိုင်ငံများဖြစ်သော ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံ စသောနိုင်ငံများမှ တင်သွင်းနေမှုအား မှီခို အားထားနေရကြောင်း၊ မလေးရှားနိုင်ငံသည် ဒေသတွင်းဈေးကွက်တွင် အသားထုတ်လုပ်နိုင်မှုမှာ အနည်းဆုံး ၅၀ ရာခိုင်နှုန်းခန့် လိုအပ်လျက်ရှိကြောင်း၊ တိရစ္ဆာန်များအတွက် အစာကုန်ကြမ်းများအား အဓိကအားဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းလျက်ရှိကြောင်းနှင့် ပါဝင်သော ကုန်ကြမ်းမှာ အဓိကအားဖြင့် ပြောင်းဖူးဖြစ်ပြီး ၎င်းကုန်ကြမ်းများအား Thailand၊ Argentina နှင့် Brazil နိုင်ငံတို့မှ တင်သွင်းလျက်ရှိပါကြောင်း စာတမ်းဖော်ပြချက်များအရ လေ့လာတွေ့ရှိရပါသည်။

**ထိုင်းနိုင်ငံတွင် ဆိတ်၊ သိုး စားသုံးမှုနှင့် မွေးမြူထုတ်လုပ်သည့် လုပ်ငန်းစဉ်များ**

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင်ထိုင်းနိုင်ငံတွင် ဆိတ်၊ သိုးများကို ထိုင်းနိုင်ငံတောင်ပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် မွေးမြူခဲ့ကြပါသည်။ ယခင်က လယ်ယာစိုက်ပျိုးသော တောင်သူလယ်သမားများမှ ၎င်းတို့၏ လယ်ယာများတွင် ဒေသတွင်း စားသုံးရန်အတွက် တစ်နိုင်တစ်ပိုင် မွေးမြူခဲ့ကြပြီး ယခုအခါ မွေးမြူရေးခြံများဖြင့် စနစ်တကျ မွေးမြူလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထိုင်းနိုင်ငံရှိ ဆိတ်၊ သိုးစားသုံးသူများမှာ ထိုင်းမူစလင်များနှင့် ထိုင်း နိုင်ငံသို့လာရောက် လည်ပတ်သည့် နိုင်ငံခြားသားဧည့်သည်များသာ အများဆုံး ဖြစ်ကြပါသည်။ ထိုင်းနိုင်ငံမှ ဆိတ်၊သိုးများကို မလေးရှားနိုင်ငံသို့အဓိက တင်ပို့ရောင်းချလေ့ရှိပြီး ယခင်နှစ်များထက် ဆိတ်၊ သိုး အသားတင်ပို့မှုနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိသောကြောင့် ထိုင်းနိုင်ငံတောင်ပိုင်းတွင် တိုးချဲ့မွေးမြူလျက်ရှိရာ ၂၀၁၅ ခုနှစ်တွင် ဆိတ်ကောင်ရေ ၂၇၁၇၃၀ ကောင်နှင့် ဆိတ်မွေးမြူရေးခြံပေါင်း ၃၆၁၉၆ ခြံရှိလာသည်ကို လေ့လာတွေ့ရှိရပါသည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဆိတ်၊ သိုးအများဆုံး မွေးမြူသော ပြည်နယ်များမှာ Chumporn, Ranong, Phuket, Phang Nga, Surat Thani , Krabin နှင့် Nakorn Si Thammarat တို့ဖြစ်ပါသည်။ ဆိတ်၊သိုး မွေးမြူရေး ခြံများ၏ စာရင်းဇယားများ၊ မွေးမြူရေးခြံနှင့် ဆက်စပ်သော သတင်းအချက်အလက်များ၊ မွေးမြူရေးခြံများကို ထိန်းသိမ်းသည့် အုပ်ချုပ်မှုစနစ်များ၊ မွေးမြူရေးခြံတွင် ဖြစ်ပေါ်လေ့ရှိသော ပြဿနာများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ယင်းပြဿနာများကို ဖြေရှင်းခြင်း၊ မွေးမြူရေးခြံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ စီမံခန့်ခွဲမှုများ ပြုလုပ်ခြင်း၊ လိုအပ်သော data များ စနစ်တကျ ပြုစုထိန်းသိမ်းခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းများကို စနစ်တကျပြုလုပ်ဆောင်ရွက်နေသည်ကို လည်း လေ့လာတွေ့ရှိရပါသည်။

ထို့ပြင် ဆိတ်မွေးမြူသည့် အကောင်အရေအတွက်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်တို့ကိုလည်း စာရင်းဇယားများ ပြုလုပ်ထားရှိသည်ကို လေ့လာတွေ့ရှိရသဖြင့် နှစ်စဉ်ထုတ်လုပ်မှုနှင့် ကုန်ကျစရိတ်တို့ကို တွက်ချက်ခန့်မှန်းနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုင်းနိုင်ငံတွင် ဆိတ်၊ သိုးများကို အသားစားမှုအတွက် မွေးမြူရုံသာမက နို့ထွက်ပစ္စည်း ထုတ်လုပ်ရန်အတွက်လည်း မွေးမြူကြကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**ထိုင်းနိုင်ငံ၏ သိုး/ဆိတ် မွေးမြူရေး လုပ်ငန်းများအတွက် ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ**

သို့သော် ဆိတ်၊ သိုးများမှ နို့ထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းမှာ များစွာတွင်ကျယ်ခြင်း မရှိသေးကြောင်း၊ အသားအတွက် ဆိတ် ၁၉ ကောင်မွေးမြူလျှင် နို့ထွက်ပစ္စည်း ထုတ်လုပ်ရန်အတွက် တစ်ကောင်နှုန်းသာ မွေးမြူကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ စစ်တမ်းများအရ ထိုင်းနိုင်ငံတောင်ပိုင်းတွင် ၂၀၁၄ ခုနှစ်ထက် ၂၀၁၅ ခုနှစ်တွင် ဆိတ်မွေးမြူသည့်နှုန်း ၁၇ဒသမ၃ ရာခိုင်နှုန်းအထိ တိုးတက် မွေးမြူလာကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဆိတ်၊ သိုး အများဆုံး မွေးမြူသော ပြည်နယ် ၇ ခုတွင် ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံတောင်ပိုင်း၏ ပြည်နယ်အလိုက် ဆိတ်သားထုတ်လုပ်ဖြန့်ဖြူးမှုစာရင်းကို အောက်ဖော်ပြပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

**Table 1.** Distribution of meat goats by provinces in the upper southern Thailand in 2015

| Provinces | Numbers (heads) male | female | total | No of farm | Mean (head/farm) |
|---|---|---|---|---|---|
| Chumporn | 1,008.3 | 2,117.5 | 3,125.8 | 274 | 11.4 |
| Krabi | 3,052.8 | 6,105.6 | 9,158.4 | 678 | 13.5 |
| Nakorn Si Thamarat | 6,830.7 | 11,612.3 | 18,443.0 | 1,213 | 15.2 |
| Phuket | 374.5 | 674.9 | 1,049.9 | 109 | 9.6 |
| Phang Nga | 2,122.9 | 5,094.9 | 7,217.9 | 538 | 13.4 |
| Ranong | 1,113.5 | 2,338.4 | 3,451.9 | 282 | 12.2 |
| Surat Thani | 1,429.3 | 3,287.3 | 4,716.6 | 457 | 10.3 |
| Total | 15,427.4 | 31,736.3 | 47,163.7 | 3,856 | 12.2 |

ဆက်လက်ဖော်ပြပါမည်။

# မြန်မာ့အထည်ချုပ်လုပ်ငန်းက လုပ်မှုစီးပွားဘဝများကို ကောင်းစွာမြှင့်တင်ပေးနေသည်

မောင်လွင်ပြင်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အစ ၂၀၁၈ ဧပြီလမှမေလကုန်အထိ နှစ်လနီးပါးအတွင်း ပြည်ပသို့ လက်ခစားစနစ် CMP ဖြင့် ချုပ်ပြီးအထည်များ တင်ပို့မှု အမေရိကန်ဒေါ်လာ ၄၈၂ သန်းကျော်ရရှိထားပြီဖြစ်သည်။ ယင်းပမာဏသည် ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၃၈ သန်းကျော်ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်က ဇွန်လပထမပတ်အတွင်းက ပြောကြားသည်။ မြန်မာနိုင်ငံသည် ယခုငါးနှစ်တာအတွင်း အထည်ချုပ်နှင့်ဖိနပ်ထုတ်လုပ်သည့် လုပ်ငန်းများက ပို့ကုန်သုံးဆခန့် တိုးမြင့်လာကြောင်းလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပခဲ့သည့် Myanmar Buyer's Forum -Stakeholders Conference တွင် ပြောကြားခဲ့သည်။

အထည်ချုပ်ကဏ္ဍ တိုးတက်လာသည်နှင့် အမျှ စက်ရုံများတွင် တာဝန်ယူမှု၊ လုံခြုံမှုနှင့်နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အလေ့အကျင့်များနှင့်အညီ လုပ်ဆောင်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ လွန်ခဲ့သော ငါးနှစ်အတွင်း အထည်ချုပ်နှင့်ဖိနပ်စက်ရုံများ ၂၅၀ ခန့် တည်ထောင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ၂၀၁၂ ခုနှစ်တွင် အထည်ချုပ်နှင့်ဖိနပ်တင်ပို့ကုန်မှာ အမေရိကန်ဒေါ်လာတစ်သန်းခန့်ရှိခဲ့ရာက ၂၀၁၇ ခုနှစ်တွင် ပို့ကုန်စာရင်းများအရ အမေရိကန်ဒေါ်လာသုံးသန်းကျော်အထိ တင်ပို့နိုင်ခဲ့ရာ ငါးနှစ်တာကာလအတွင်း ပို့ကုန်သည်သုံးဆခန့် တိုးတက်မြင့်မားလာသည်ကို တွေ့ရကြောင်း စသည်ဖြင့် ဒုတိယဝန်ကြီး ဦးအောင်ထူးက အဆိုပါဖိုရမ်တွင်ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ လက်ခစား CMP စနစ် အထည်ချုပ်လုပ်ငန်းများသည် ဖွံ့ဖြိုးလာသည့် အခြေအနေတွင်ရှိနေပြီး ပြည်ပနိုင်ငံများက အော်ဒါမှာယူမှုလည်း မြင့်တက်နေသည်ဟု သိရသည်။ အထူးသဖြင့် အီးယူဥရောပသမဂ္ဂနိုင်ငံများနှင့်ဂျပန်နိုင်ငံတို့က အများဆုံးဖြစ်နေကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။ ယင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ကလည်း ယခုလို ပြောကြားထားသည်။ "အထည်ချုပ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေက ဝင်လာနေပါတယ်။ စက်ရုံအလုပ်ရုံတွေမှာ အော်ဒါမှာယူမှု အခြေအနေအရဆိုရင် ၂၀၁၇ ခုနှစ်မှာ ဂျပန်ကို အီးယူက ကျော်တက်သွားတယ်။ ဒါပေမယ့် ဂျပန်ကလည်း လျော့မသွားဘူး။ ဂျပန်လည်းဆက်တက်နေတယ်။ အီးယူကတော့ ထိပ်ဆုံးက အော်ဒါမှာနေတယ်"ဟု ဆိုသည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ အထည်ချုပ်တင်ပို့မှုအမေရိကန်ဒေါ်လာ ၂ဒသမ ၇ သန်းနီးပါးရရှိခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံသည် အထည်လုပ်ငန်းတင်ပို့မှုတွင် လက်ခစား အထည်ချုပ်လုပ်ရသည့် CMP (Cutting, Making, Pacting) ဖြစ်၍ တင်ပို့မှုတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းသာရရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ချုပ်ခ ၁၀ ရာခိုင်နှုန်းသာရရှိခြင်းနှင့်ပတ်သက်ပြီး အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ကပင် ယခုလိုရှင်းပြပြောဆိုထားသည်။ "အဲဒါက မြန်မာနိုင်ငံက ချုပ်ခကို ဝင်ငွေအနေနဲ့ရတာပါ။ ဒါကပျမ်းမျှအနေနဲ့ပြောကြတာ။ တချို့ဆို ရှစ်ရာခိုင်နှုန်းလောက်ပဲ ရတဲ့သူတွေရှိတယ်။ တချို့ဆို ၁၂ ရာခိုင်နှုန်းအထိ ရတဲ့သူတွေလည်းရှိတယ်။ High Value Price ဆိုနည်းနည်းပိုရတာပေ့ါ။ အရည်အသွေးကောင်းပြီး အသေအချာချုပ်ထားတာဆိုရင်တော့ ၁၂ ရာခိုင်နှုန်းလောက်ရတယ်။ အရမ်းပေါပေါလောလောကြီးနဲ့ သိန်းနဲ့ချီပြီး အပ်ထားပြီး ချုပ်ခ အရမ်းနည်းတဲ့အထည်တွေကျတော့ ရှစ်ရာခိုင်နှုန်းလောက်ပဲရတယ်။ ဒါကြောင့်မို့ ပျမ်း မျှ ၁၀ ရာခိုင်နှုန်းလို့ ပြောတာပါ"ဟု ဆိုသည်။ မြန်မာ့အထည်ချုပ်လုပ်ငန်းမှ ချုပ်ပြီးအထည်တင်ပို့မှုကိုလေ့လာကြည့်သည်။ မြန်မာ့အထည်ချုပ်လုပ်ငန်းသည် ၂၀၁၀ ပြည့်နှစ်က စပြီးဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။ ယင်းသို့ဖွံ့ဖြိုးလာခြင်းနှင့်အတူ အထည်ချုပ်လုပ်ငန်းတွင် အလုပ်အကိုင်အခွင့်အလမ်းများလည်း တစ်စတစ်စဖန်တီးပေးလာနိုင်ခဲ့သည်။ အလုပ်သမား အခွင့်အရေးဆိုင်ရာပြဿနာအချို့လည်းရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အထည်ချုပ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၃၇ သန်းရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိ မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာတစ်ဘီလီယံနီးပါးအထိ ရောက်ရှိလာသည်။ လာမည့် ၂၀၂၀ ပြည့်နှစ်အရောက်ဆိုလျှင် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံမှ ၁၀ ဘီလီယံအထိရောက်ရှိနိုင်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက ခန့်မှန်းထားသည်။ အထည်ချုပ်လုပ်ငန်းတွင်



အလုပ်အကိုင်ပေးနိုင်မှုလည်း ၁ ဒသမ ၅ သန်းအထိရှိလာနိုင်သည်ဟုဆိုသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းသည် ၂၀၀၃ ခုနှစ် စီးပွားရေးပိတ်ဆို့မှုများ မကျရောက်မီကာလများက အတန်အသင့် ဖွံ့ဖြိုးမှုရှိခဲ့သည်။ ပြည်တွင်း၌လည်း အလုပ်အကိုင်ပေါင်း သုံးသိန်းကျော်အထိ နေရာပေးနိုင်ခဲ့သည်။ သို့သော် စီးပွားရေး အရေးယူပိတ်ဆို့မှုများရှိလာသည့်အခါ တစ်နှစ်အတွင်း အထည်ချုပ်နှင့် အခြားစက်ရုံပေါင်း ၁၀၀ ကျော် ပိတ်သိမ်းသွားကြပြီး အလုပ်သမားငါးသောင်းကျော်သည်လည်း အလုပ်အကိုင်ဆုံးရှုံးခဲ့ရသည်။ ထို့နောက် မြန်မာနိုင်ငံအား ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်ခဲ့သည့် ၂၀၁၀-၂၀၁၁ ခုနှစ်ကစပြီး မြန်မာ့အထည်ချုပ်လုပ်ငန်းများ ပြန်လည်ဆန်းသစ်ဖွံ့ဖြိုးလာခဲ့သည်။ မြန်မာနိုင်ငံသည် လက်ရှိတွင်အထည်အလိပ်မှအဝတ်အထည်ဖြစ်သည်အထိ ချုပ်လုပ်ထုပ်ပိုးကာ နိုင်ငံခြားသို့တင်ပို့သည့် Cut-Make-Pact (CMP) စနစ်ဖြင့်သာ ထုတ်လုပ်နေသေးသည်။ နောင်အနာဂတ်တွင် Free on Board (FOB) ဖြင့်ဆက်လက်တင်ပို့နိုင်ရန် ကြိုးပမ်းသွားမည်ဟု သက်ဆိုင်ရာအသင်းက ဆိုသည်။ လောလောဆယ်အဓိက တင်ပို့နေသည့် ဈေးကွက်မှာ ဥရောပသမဂ္ဂနိုင်ငံများဖြစ်သည်။ ၂၀၁၆ ခုနှစ်စာရင်းများအရ အီးယူသို့တင်ပို့ခဲ့သည့် တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၉၅၀ အထိရှိပြီး စုစုပေါင်းအထည်ချုပ်ပို့ကုန်တန်ဖိုး၏ ၄၅ ရာခိုင်နှုန်းအထိရှိသည်။ အီးယူ၏နောက်တွင် ဂျပန်နိုင်ငံက ၃၁ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့မှုမှာ ၁၆ ရာခိုင်နှုန်းဖြင့် တတိယလိုက်သည်။

နိုင်ငံတကာ သုတေသနအဖွဲ့များ စုပေါင်းကောက်ယူထားသည့်စစ်တမ်းအရ အထည်ချုပ်လုပ်ငန်းအများစုသည် ရန်ကုန်မြို့ဝန်းကျင်၌သာ တည်ရှိနေကြသည်။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ စာရင်းများအရ အထည်ချုပ်စက်ရုံပေါင်း ၂၀၀ ကျော်သည် ရန်ကုန်မြို့ဝန်းကျင်တွင်တည်ရှိနေသည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ လုပ်သားအများစုသည် နေရပ်စွန့်ခွာကာ လာရောက်လုပ်ကိုင်နေကြရသည့် အခြေအနေတွင်ရှိနေသည်။ အထည်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့်လုပ်သားများ၏ ၉၄ ရာခိုင်နှုန်းကျော်သည် အမျိုးသမီးများဖြစ်ကြသည်။ အများစုမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့မှ လာရောက်လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ထို့ပြင် ၎င်းအမျိုးသမီးလုပ်သားအများစုသည် ပိတ်စညှပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် အခြားသော လုပ်ငန်းများထက် စက်ချုပ်လုပ်ငန်းတွင်သာ အဓိကလုပ်ကိုင်ကြသူများဖြစ်နေသည်။ ၎င်းတို့၏ အသက်အရွယ်ကို လေ့လာကြည့်သည့်အခါ အသက် ၂၅ နှစ်အောက် အမျိုးသမီးငယ်များက အများစုဖြစ်နေပြီး အမျိုးသမီး အလုပ်သမထု၏ ၉၀ ရာခိုင်နှုန်းကျော်သည်လည်း နိုင်ငံခြားသားပိုင်စက်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်နေသည်။ အများစုသည်လည်း အတန်းပညာအနေဖြင့် ဘွဲ့ရရှိအောင် ပညာသင်ကြားခွင့်မရခဲ့ကြသူများဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ကထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးသုံးသပ်ချက်အရ ၂၀၁၆ ခုနှစ်တွင် အဝတ်အထည်တင်ပို့မှုအများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး အဝတ်အထည်တင်ပို့မှုအမေရိကန်ဒေါ်လာ ၁၆၁ ဘီလီယံဖိုးရှိသည်။ ယင်းပမာဏသည် ကမ္ဘာ့တစ်ဝန်းတင်ပို့မှု၏ ၃၆ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်ဟု ဖော်ပြထားသည်။ ထို့နောက် တရုတ်နိုင်ငံနောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိသည်။ အဝတ်အထည် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံဖြင့် ဒုတိယလိုက်သည်။ ဗီယက်နမ်နိုင်ငံက တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံဖြင့် တတိယလိုက်သည်။ ယင်းနောက် အိန္ဒိယနိုင်ငံက အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံ၊ ဟောင်ကောင်က အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ၊ အင်ဒိုနီးရှားက အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ၊ ကမ္ဘောဒီးယားက အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ အသီးသီးတင်ပို့ထားနိုင်ကြောင်း တွေ့ရှိရသည်။ တစ်ဆက်တည်းတင်ပြရလျှင် ဗီယက်နမ်နိုင်ငံသည် အဝတ်အထည်လုပ်ငန်းက ဝင်ငွေတိုးလာသဖြင့် ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံကျော်အထိ ရရှိခဲ့သည်ဟုလည်း သိရပါကြောင်း တင်ပြလိုက်ရပါသည်။

## Commerce ကာတွန်း




## ချင်းပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကျင်းပ၍ ကွင်းဆင်းစစ်ဆေး



ချင်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မေလအတွင်း၌ ကန်ပက်လက်မြို့နယ် လှေ့စုံအပေါ်ကျေးရွာနှင့် လှေ့စုံအောက်ကျေးရွာ၌ လည်းကောင်း၊ တီးတိန်မြို့နယ် ခိုင်ကမ်းမြို့နှင့် တွန်းဇံမြို့၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကျင်းပခဲ့ပြီး ထန်တလန်မြို့နယ် ကြောင်ထီယားကျေးရွာနှင့် ကူချကျေးရွာတွင် ကျေးရွာနေ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ရွေးချယ်ဝယ်ယူစားသောက်တတ်လာစေရန် အသိပညာပေး ဆွေးနွေးဟောပြောခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေအကြောင်း ရှင်းလင်းဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ကန်ပက်လက်မြို့နယ် တာဝန်ခံဝန်ထမ်းနှင့် အခြားမိတ်ဖက်ဌာနဆိုင်ရာအဖွဲ့များပူးပေါင်း၍ မြို့ပေါ်ရှိကုန်စုံဆိုင်၊ ဈေးဆိုင်များအားစစ်ဆေးခြင်း၊ တီးတိန်မြို့နယ်တာဝန်ခံဝန်ထမ်းနှစ်ဦးနှင့် အခြားမိတ်ဖက်ဌာနဆိုင်ရာအဖွဲ့များပူးပေါင်း၍ တီးတိန် မြို့နယ် ခိုင်ကမ်းမြို့ မြို့ပေါ်ကုန်စုံဆိုင်များ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခြင်း၊ ချင်းပြည်နယ်ဦးစီးမှူးက ဟားခါးမြို့ပေါ်ရှိ Dingdi (Purified Drinking Water) သောက်ရေသန့်စက်ရုံကို အဖွဲ့နှင့် သွားရောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ကီးဟုန်း**

# ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီရုံးတွင် အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကင်မလင်းကျွန်း ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်းယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှု ကော်မတီရုံးတွင် ဇွန် ၁၃ ရက်က ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဝန်ဆောင်မှုနှင့် ပတ်သက်၍ အသိပညာပေး ဟောပြော ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ အမှတ် ၁၃ ယာဉ်ထိန်းတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူးရုံး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပုဂ္ဂလိက မော်တော်ယာဉ် လုပ်ငန်းသုံးယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်လွင်၊ ဧရာဝတီတိုင်းအတွင်း ပြေးဆွဲနေသော မော်တော်ယာဉ်လိုင်းမှ ဒရိုင်ဘာနှင့် ယာဉ်နောက်လိုက်များ တက်ရောက်ခဲ့ပါသည်။



အမှတ်(၁၃) ယာဉ်ထိန်း တပ်ဖွဲ့မှ ဒုရဲမှူး ထွန်းနိုင်အောင်က ယာဉ်မောင်းများအနေနှင့် ဘေးအန္တရာယ် ကင်းရှင်းစွာ ဥပဒေနှင့်အညီ မောင်းနှင်ရန်၊ ယာဉ်မောင်းနေစဉ် ဖုန်းသုံးစွဲမှု မပြုရန်၊ ယာဉ်ပိုင်ရှင် ယာဉ်မောင်းများသာမက ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိစေရေး မော်တော်ယာဉ်ကြံ့ခိုင်မှု ပုံမှန်စစ်ဆေးပြီး ယာဉ်မှတ်ပုံတင် လုပ်ငန်းလိုင်စင်များလည်း ပြည့်စုံမှု ရှိစေရန် လိုအပ်ကြောင်း၊ ထိုင်ခုံခါးပတ်ပတ်ခြင်းဖြင့် အသက်ဆုံးရှုံးမှုကို ၅၀ ရာခိုင်နှုန်း၊ ၇၅ ရာခိုင်နှုန်းခန့် လျှော့နည်းနိုင်ပြီး ၁၁ လပိုင်းလောက်ရောက်လျှင် အရေးယူမှုများ ပြုလုပ်မှာဖြစ်ကြောင်း၊ ယာဉ်တိုင်းခါးပတ်၊ မီးသတ်ဆေးဗူးအားလုံး ပြည့်စုံစွာ ထားရှိရန်၊ ယာဉ်နောက်လိုက်များမှလည်း ခရီးသည် အတင်/အချ၊ ကုန်အတင်/အချအတွက် အန္တရာယ် ကင်းအောင် ဆောင်ရွက်ရသည့်နေရာတွင် အဓိကကျကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ အန္တရာယ်ကင်းစွာ မောင်းနှင်ရေးတို့နှင့် ပတ်သက်၍ အသေးစိတ် ဟောပြောခဲ့ပါသည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမိုက်ကယ်မှ မော်တော်ယာဉ်လိုင်းများ ဘေးအန္တရာယ် ကင်းရှင်းစေရေး ဝန်ခံကတိပြုထားသော ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ခရီးသည်များ အပြည့်အဝရရှိရေး ပြည်သူများ ရွေးချယ်ပိုင်ခွင့် ရရှိရေး၊ စားသုံးသူ အခွင့်အရေး (၈) ချက်၏ ရပိုင်ခွင့်၊ နစ်နာဆုံးရှုံးမှုများအပေါ် တိုင်ကြားနိုင်ရန် စားသုံးသူရေးရာဦးစီးဌာန CICC ရုံးများမှ ဆောင်ရွက်နေကြောင်း စသည့် ကုန်စည်/ဝန်ဆောင်မှုနှင့် ပတ်သက်၍ အသိပညာ ဗဟုသုတများကို ဟောပြော၍ ယာဉ်ထိန်းတပ်ဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာနမှ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူတို့မှ ပြန်လည် ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရပါသည်။

**စောမိုက်ကယ်**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မတ်(ခ်)တူး (၂၀၀၃) | F | ၂၄၅ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အစ်ဆန် (၂၀၀၁) | D | ၁၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ရက်တစ် (၂၀၁၀) | K | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဟွန်ဒါဖစ် (၂၀၀၈) | F | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဟွန်ဒါဖစ် ရှပ်တဲလ် (၂၀၁၂) | M | ၂၃၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | တိုယိုတာ(ရာဂျစ်) (၂၀၁၅) | စတီ | ၂၂၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ဗစ်ဇ် (၂၀၁၁) | ယာယီ | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ကလူဂျာ (၂၀၀၃) | G | ၃၆၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀ ) | | ၁၀၃ သိန်း | |

# ရန်ကုန်ကားဈေးကွက်ပြန်လည်အေးစက်နေ

ရန်ကုန်မြို့ကားဈေးကွက်၏ ဇွန်လလယ်ပိုင်းခန့် အခြေအနေမှာ မေလကုန်၊ ဇွန်လဆန်းကာလက အရောင်းအဝယ်ရှိခဲ့သည့် ရန်ကုန်လိုင်စင်ကားလေးများလည်း ယခုအချိန်တွင် အရောင်းအဝယ် ပြန်အေးသွားကြောင်း သိရသည်။

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း ပြီးခဲ့သည့်လမှစတင်၍ ကြားသိရသော သတင်းများအရ ရန်ကုန်လိုင်စင် (သို့မဟုတ်) ရန်ကုန်ကိုတာခွဲတမ်းသတ်မှတ်ထုတ်ပြန်ပေးမည်ဆိုသည့်အကြောင်း အချက်အရ ရန်ကုန်လိုင်စင်ကားများ ဈေးတန်း ပြန်မာနေပြီး ယင်းနှင့်ဆက်နွယ်၍ နယ်လိုင်စင်ကားများ သတ်မှတ်ချက်အတွင်း တစ်နှစ်အတွင်း ခွင့်ပြုပေးရန် မဖြစ်နိုင်သေးစသည့် သတင်းများကြောင့်လည်း နယ်လိုင်စင်ကားများ ထုတ်ရောင်းလာမှုရှိသလို စလစ်ကပ်ကားအချို့ အရောင်းအဝယ်လည်း ယခင်လက ရှိခဲ့သည်။

ယခုလတ်တလော ရန်ကုန်ဈေးကွက်တွင်သာမက မန္တလေးဈေးကွက်တွင်လည်း ယင်းရန်ကုန်လိုင်စင်သတင်းနှင့်ဆက်နွယ်၍ ဈေးကွက်အေးနေပြီး မန္တလေးမြို့မှသာ သွားလာနိုင်သည်။ မူဆယ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ လုပ်ငန်းသုံးမော်တော်ယာဉ်တင်သွင်းခွင့်ပြုမည့်သတင်းများအရ လူအများမှာ ဈေးကွက်စောင့်ကြည့်နေကြခြင်းကြောင့် အရောင်းအဝယ် ထင်သလောက်မဖြစ်တော့ဘဲ အမှန်တကယ် အသုံးလိုအပ်သည့်သူများသာ သိန်း ၁၅၀ ဝန်းကျင်ကားလေးများ အဝယ်ရှိကြောင်း သိရသည်။

ရန်ကုန်လိုင်စင် (သို့မဟုတ်) ရန်ကုန်ကိုတာခွဲတမ်းမှာလည်း တရားဝင် ခွင့်မပြုသေးသဖြင့် ဝယ်ရန် ရည်ရွယ်သူ အများစုမှာလည်း ဈေးကွက်ဆက်လက် ကျဆင်းနိုင်မလားဆိုသည့် အထင်များနှင့် စောင့်ဆိုင်းနေကြပုံပေါ်ပြီး ယင်းအချိန်တွင် ဈေးတန်းများ ထပ်မံကျဆင်းနိုင်သည်ဟု ယူဆသူများကလည်း နယ်လိုင်စင်ကားများ ထုတ်ရောင်းသူများရှိသလို ရန်ကုန်လိုင်စင် အမှန်တကယ် အသက်ဝင်လာပါကလည်း တင်သွင်းရမည့်ယာဉ်များမှာ မူဝါဒအရ ဘယ်မောင်းများသာဖြစ်သဖြင့် ညာမောင်းကားများ ရှားပါးလာကာ ဈေးတက်နိုင်မည့် အယူအဆဖြင့် သိန်း ၁၀၀ ကျော် ၁၅၀ ဝန်းကျင်ကားလေးများ ဝယ်ယူမှုရှိကြောင်း၊ သို့ရာတွင် လက်ရှိအခြေအနေမှာမူ ကားလေးများသာမက စလစ်ကပ်ကားများလည်း ဈေးကွက် ပြန်အေးနေကြောင်း၊ ဈေးအမာနှင့် အေးနေခြင်းဖြစ်ကြောင်း ဝါရင့်ယာဉ် ဝယ်ရောင်းများက ပြောသည်။

**SN**

# အိန္ဒိယအရှေ့မြောက်ဒေသနှင့် မြန်မာနိုင်ငံ စီးပွားရေးတည်ဆောက်ခြင်း ဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ မဏိပူရပြည်နယ် ကုန်သည်ကြီးများအသင်းတို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲကို ဇွန် ၁၃ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်ရှိ မန္တလေးတိုင်း ဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် အိန္ဒိယ နိုင်ငံအရှေ့မြောက်ဒေသ မဏိပူရပြည်နယ် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌက စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှု မြှင့်တင်ရေးအတွက် လာရောက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားပြီး၊ အိန္ဒိယလုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးခဲ့သည်။ ထို့နောက် မန္တလေးမြို့ ရုံးစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်က နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် စီးပွားရေး ဆက်ဆံမှု တိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်း ရှင်များနှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ စီးပွားရေး လုပ်ငန်းရှင်များသည် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေး၊ အထည်အလိပ်နှင့် လက်မှုနည်းပညာနှင့် ပညာရေးကဏ္ဍများ ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၂၈သန်းရှိခဲ့ရာ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၁၈ ဘီလီယံသို့ တိုးတက်ရောက်ရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ သန်း ၉၀ကျော် စီးဝင်ခဲ့သည်။ အိန္ဒိယကုမ္ပဏီ ၂၅ ခုမှ အမေရိကန် ဒေါ်လာ ၇၄၀ ဒသမ ၆၄ မီလီယံ ကျော် ရင်းနှီးမြှုပ်နှံထားသည်။ အိန္ဒိယသည် မြန်မာနိုင်ငံ၏ ပဉ္စမမြောက် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

# ဧရာဝတီတိုင်းဒေသကြီး၏ မြန်မာ့လက်မှုရိုးရာ ပြည်တွင်း/ပြည်ပ ဈေးကွက်ဝင်ပုသိမ်ထီးဈေးကွက်

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လက်မှုရိုးရာ ပြည်တွင်း/ ပြည်ပ ဈေးကွက်ဝင် ပုသိမ်ထီးမှာ ဈေးကွက်တွင် ပုံမှန်ရောင်းချမှုရှိပြီး ချောင်းသာ/ ငွေဆောင်ကမ်းခြေဒေသသို့ လာရောက်လည်ပတ်သော ဧည့်ခရီးသွားများမှာလည်း လာရောက်လေ့လာ ဝယ်ယူလျက်ရှိကြောင်း ပုသိမ်ထီးဈေးကွက်မှ သိရသည်။

ပုသိမ်ထီးဈေးကွက်မှာ ဒေသတွင်း ပြည်တွင်း/ပြည်ပ ခရီးသွားများ လာရောက်ဝယ်ယူမှုနှင့် အော်ဒါမှာယူသူများကိုလည်း ပို့ပေးကြောင်း၊ ထီးတစ်ချောင်းလုံးကို ဝါး၊ သစ်၊ ပိတ်စများနှင့် လက်ဖြင့် ပြုလုပ်၍လက်မှုရိုးရာ စစ်စစ်ဖြစ်သည့်အပြင် ထီးပေါ်တွင် ရေးဆွဲထားသော ဆေးကနုတ်ပန်းချီကိုလည်း ကြိုက်နှစ်သက်ပြီး အာရှထက် ဥရောပသားများက ပို၍နှစ်သက်စွာ တန် ဖိုးထားဝယ်ယူလျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်တွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုဂံညောင်ဦး မြို့များမှ အမှာစာဖြင့် အော်ဒါ ပြုလုပ်ပေးရပြီး ထီးဈေးနှုန်းမှာ ၄ လက်မ ကျပ် ၂၀၀၀၊ ၈ လက်မ ကျပ် ၃၀၀၀၊ ၁၀ လက်မခွဲ ကျပ် ၃၅၀၀၊ ၁၄ လက်မကျပ် ၄၅၀၀ နှင့် ဈေးကွက်တွင် အရောင်းအဝယ်သွက်၍ ဥရောပနှင့် အနောက်နိုင်ငံများအကြိုက် ထီးအရောင်မှာ အနီ၊ အဝါ၊ အပြာ၊ လိမ္မော်နှင့် မေလနောက်ဆုံးပတ် ပြည်ပသံရုံးမှ အသေး ၁၀ လက်မခွဲ၊ ၁၄ လက်မ၊ ၁၅ လက်မ၊ ၁၈ လက်မ၊ ထီးဆိုဒ်အကြီး ၃ ပေ၊ ၄ ပေ၊ ၅ ပေ အရွယ်များကို မှာယူ၍ ပို့ပေးရကြောင်း ပုသိမ် မြို့တောရကျောင်းလမ်း ရွှေစာထီးလုပ်ငန်းရှင် ဦးမင်းနိုင်က ပြောပါသည်။

**ရောမြေ(ပုသိမ်)**

# ထောပတ်သီးစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာဆရာဖြစ် သင်တန်းဖွင့်လှစ်

တောင်ကြီးမြို့၊ အရှေ့ မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇ Trade Center ခန်းမတွင် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ ရောင်းချသူများ အသင်းမှကြီးမှူး၍ ထောပတ်သီးဆပ်ပြာ ထုတ်လုပ်ခြင်း နည်းပညာ သင်တန်း ကို မေ ၃ ရက်နှင့် ၄ ရက်က ဖွင့်လှစ်ပို့ချခဲ့ပါသည်။

သင်တန်း ပထမနေ့တွင် ဦးကျော်စိုးမင်းနှင့် ဦးကျော်ကျော်မျိုးတို့က ထောပတ်သီးဆပ်ပြာ ပြုလုပ်ရာတွင် ပါဝင်သည့် ကုန်ပစ္စည်း အမယ်များ၊ ထည့်သွင်းပြုလုပ်ရမည့် အချိုးအစားများနှင့် ထောပတ်ဆပ်ပြာ ပြုလုပ်ပုံ အဆင့်ဆင့်ကို ပစ္စည်းကိရိယာ စုံစုံလင်လင်ဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပြသခဲ့ပါသည်။ သင်တန်း ဒုတိယနေ့တွင်မူ သဘာဝ သစ်သီးသစ်ဖုများ ဖြင့်ပြုလုပ်သော ဆပ်ပြာပြုလုပ်နည်းကို လက်တွေ့ သင်ကြားပြသခဲ့ပြီး သင်တန်းသူ / သားများ သိလိုသော အချက်အလက်များ၊ သင်တန်းဆရာများ၏ အတွေ့အကြုံနှင့် ဈေးကွက်အခြေအနေများအကြောင်းကို ပါဝါပွိုင့်များ၊ ဗီဒီယိုများဖြင့် ပြည့်ပြည့်စုံစုံသင်ကြားပြသခဲ့ကြောင်း သိရပါသည်။ အဆိုပါ သင်တန်းသို့ ထောပတ်စိုက် တောင်သူများ၊ ဆပ်ပြာလုပ်ငန်းလုပ်ကိုင်လိုသူများနှင့် စိတ်ပါဝင်စားသူ သင်တန်းသား/သူ ၄၈ ဦး တက်ရောက်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**ထူး (တောင်ကြီး)**



# အမျိုးသားပို့ကုန်မဟာဗျူဟာ ဆီထွက်သီးနှံ ပို့ကုန်ဝင်ငွေ တိုးတက်ရေး ပုံမှန်အစည်းအဝေး မကွေးတွင်ကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ရုံးခန်းမတွင် ဇွန် ၁၃ ရက်က အမျိုးသားပို့ကုန် မဟာဗျူဟာ ဆီထွက်သီးနှံ စီမံကိန်းတိုင်းဒေသကြီး ကော်မတီ ပုံမှန်အစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ဆီထွက် သီးနှံမြေပဲ၊ နှမ်းများ၏ တန်ဖိုးကွင်းဆက်ဖြစ်သော အစားအစာ ဘေးကင်းရေးနှင့် အပင် ပိုးမွှား ကင်းရှင်းရေး သတ်မှတ်ချက်များ လိုက်နာခြင်းဖြင့် ပို့ကုန်ဝင်ငွေ တိုးတက်ရေးစီမံကိန်း အထောက်အကူပြု လုပ်ငန်းများကို တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက ရှင်းလင်း ဆွေးနွေးခဲ့သည်။

၎င်း ပုံမှန်အစည်းအဝေးသို့ တိုင်းဒေသကြီး ဦးစီးမှူး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဦးစီးမှူး စီမံကိန်း အထောက်အကူပြု တိုင်းအဆင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဝင်းမောင်(မကွေး)**

# ဖျာပုံမြို့နယ် ရွှေရောင်းဝယ်ရေး အသင်းဖွဲ့စည်းနိုင်ရေးအတွက် ရွှေဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ဖျာပုံခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဒုတိယ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံတို့သည် ဖျာပုံမြို့နယ် ရွှေရောင်းဝယ်ရေးအသင်း ဖွဲ့စည်း နိုင်ရေးအတွက် ဇွန် ၉ ရက်က ခရိုင်ဦးစီးမှူး ရုံးခန်းတွင် ရွှေ ဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က ဖျာပုံမြို့နယ်တွင် ကုန်သည်များနှင့် စက်မှုလက်မှု စီးပွားရေး လုပ်ငန်းအသင်း ၁၅ သင်းရှိပြီး ဖျာပုံခရိုင်အနေဖြင့် ၃၅ သင်းရှိပါကြောင်း၊ ဖျာပုံမြို့နယ် ရွှေရောင်းဝယ်ရေး လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရန် ကျန်ရှိနေပါကြောင်း၊ အသင်း ဖွဲ့စည်းမည်ဆိုလျှင် ဖွဲ့စည်းပုံ၊ သင်းဖွဲ့ စည်းမျဉ်းစည်းကမ်းရေးဆွဲပြီး ဖွဲ့စည်းရန် လိုအပ်ပါကြောင်း၊ အသင်းအနေ ဖြင့် အလုပ်အမှုဆောင်များ ရွေးချယ်ရာတွင် ဆန္ဒမဲပေး၍လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး အဆိုပြုခြင်း၊ ထောက်ခံခြင်းဖြင့်လည်းကောင်း အများသဘောဆန္ဒအတိုင်း ရွေးချယ်နိုင်ပါကြောင်း၊ ထိုသို့ရွေးချယ်မှုပြုရာတွင် ရွှေလုပ်ငန်းရှင်များအားလုံး ဖိတ်ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ စီမံကိန်း ဦးစီးဌာန ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုစီးပွားရေး လုပ်ငန်းရှင် (PDCCI) ဥက္ကဋ္ဌနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့မှ ကြီးကြပ်ကူညီပံ့ပိုးပေးမည် ဖြစ်ပါကြောင်း ပြောကြားပါသည်။

ထို့နောက် ရွှေရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက အသင်း ဖွဲ့စည်း နိုင်ရေးအတွက် ရက်သတ်မှတ်ရွေးချယ်ပြီး ပြန်လည် တင်ပြမည်ဖြစ်ပါကြောင်း၊ ဝိုင်းဝန်းကူညီပံ့ပိုးပေးမည့် ဌာနဆိုင်ရာများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ရွှေရောင်းဝယ်ရေးအသင်း ဖွဲ့စည်းရေး အတွက် မဖြစ်မနေ ဖွဲ့စည်း နိုင်ရန် ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသွားပါသည်။

ဖျာပုံမြို့နယ် ရွှေရောင်းဝယ်ရေး လုပ်ငန်းရှင်များ အသင်း အား ဇူလိုင်လ ပထမပတ်အတွင်း တရားဝင် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့နှင့် ချုံချင်းမြို့တွင် Belt &Road Brand Expo ကုန်စည်ပြပွဲ ကျင်းပပြုလုပ်မည်

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ Shanghai Exhibition Center တွင် Belt & Road Brand Expo ကို ၂၀၁၈ ခုနှစ် ဇွန် ၂၉ ရက်မှ ဇူလိုင် ၁ ရက်အထိလည်းကောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ချုံချင်းမြို့ Chongqing International Expo Center တွင် "Belt & Road Brand Expo"ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက်မှ ၈ ရက် အထိလည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသော စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး လေ့လာသိရှိလိုပါက www.brbexpo.com သို့ ဝင်ရောက် ကြည့်ရှုနိုင်ကြောင်းနှင့် စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေး ဌာနခွဲ ဖုန်း-၀၆၇-၄၃၀၄၄၆, ၄၃၀၄၄၇၊ ဖက်စ် ၀၆၇၄၃၀၁၂၈၊ E-mail: moctradefair@gmail.com သို့ လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့) ဖုန်း ၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆုမွန်သိန်း(TD)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၈-၆-၂၀၁၈ မှ ၂၄-၆-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အပေါင်းအသင်းပေါ်သစ္စာရှိစွာဖြင့် စကားများရန်ဖြစ်ခြင်းမရှိ၊ အေးဆေးနေလိုသည့်သဘောရှိနေလိမ့်မည်။ စီးပွားရေးလုပ်ငန်းများတွင် ကြေးနီ၊ ရွှေတို့နှင့်ပတ်သက်၍ ကံကောင်းလိမ့်မည်။ ပညာရေး သင့်တင့်မှုရှိနေမည်။ အချစ်ရေးတွင် သူချစ်ကိုယ်ချစ်ရသူနှင့် ကြုံဆုံလိမ့်မည်။ အိမ်ထောင်ရေး ကံကောင်းနေပါသည်။ ကျန်းမာရေးအနေဖြင့် အပူကြီးသောရောဂါ၊ ဆေးမှား၊ အစာမှားခြင်းကြောင့်ဖြစ်သော ဝေဒနာများခံစားရတတ်ပါသည်။

**ယတြာ။ ။ရွှေရောင်၊ ကြေးနီရောင်သုံးပါ။**




**တနင်္လာသားသမီးများအတွက်** တစ်ကိုယ်တည်းလုပ်ကိုင်ရသောလုပ်ငန်းကိုပိုမိုအားရလိမ့်မည်။ လယ်ယာကိုင်းကျွန်းလုပ်ငန်း၊ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းတို့ကို လုပ်ကိုင်ခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုရှိလိမ့်မည်။ ပညာရေးတွင် သိပ္ပံပညာထူးချွန်မည်။ အချစ်ရေး စိတ်အနှောင့်အယှက်ဖြစ်ရမှု များရှိတတ်သည်။ အိမ်ထောင်ရေးတွင်လည်း စိတ်တိုင်းကျမှုမရှိ ဖြစ်နေမည်။ ကျန်းမာရေးအနေဖြင့် အအေးမိသောရောဂါ၊ ငှက်ဖျားရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။အဖြူရောင်ပုလဲကိုသုံးပါ။**



**အင်္ဂါသားသမီးများအတွက်** စိတ်နေစိတ်ထားမြင့်မြတ်မှုရှိမည်။ စီးပွားရေးတွင် မြေနှင့်ပတ်သက် သောလုပ်ငန်း၊ ရွှေတွင်းတူးသောလုပ်ငန်းတို့အကျိုးပေးတတ်ပါသည်။ ပညာရေးထက်မြက်မှုရှိမည်။ အချစ်ရေးတွင် အလေးထားမှုအားနည်းလိမ့်မည်။ အိမ်ထောင်ရေး အဆင်ပြေနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် စိတ်နှလုံးထိခိုက်ခြင်း၊ ကိုယ်အင်္ဂါအထက်ပိုင်းတွင် ဖြစ် သောဝေဒနာများဖြစ်တတ်ပါသည်။

**ယတြာ။ ။ပျားရည်သောက်သုံးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဘာသာတရားကိုင်းရှိုင်းခြင်းဖြင့် စိတ်နှလုံးအေးချမ်းနေမည်။ စီးပွားရေးတွင် မြေဆီ၊ မြေသြဇာတို့နှင့်ပတ်သက်သော အကျိုးဖြစ်ထွန်းမှုရှိ၍ ဝင်ငွေကောင်းလိမ့်မည်။ ပညာရေးတွင်ထိုးထွင်းဉာဏ်အား ကောင်းမွန်နေသည်။ အချစ်ရေးတွင် ပဋိပက္ခများရှိနေတတ်ပါသည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းရောဂါ၊ သည်းခြေ၊ လေ၊ သလိပ်တို့ကြောင့်ဖြစ်သောရောဂါ ဖြစ်တတ်ပါသည်။ **ယတြာ။ ။စိမ်းသောအရောင်ကိုသုံးပါ။**



**ကြာသပတေးသားသမီးများအတွက်** ဉာဏ်ပညာရှိပြီး ရဲဝံ့စွာ ပစ္စည်းဥစ္စာတို့ကို အဆက်မပြတ်ရှာဖွေတတ်သည်။ စီးပွားရေးတွင် ဝေဒကျမ်း၊ သျှတ္တရကျမ်း၊ ဓမ္မသတ်ကျမ်းတို့ကိုထုတ်နုတ်၍ စီးပွားဖြစ်လုပ်ကိုင်ပါကအောင်မြင်မှုရရှိလိမ့်မည်။ ပညာဉာဏ်အရည် အချင်းကောင်းရှိသည်။ အချစ်ရေး၊ အိမ်ထောင်ရေးအပေါ်စိတ်ဝင်စားမှုအားနည်းနေတတ်သည့်ကာလဖြစ်နေမည်။ ကျန်းမာရေးအနေဖြင့် မူးဝေခြင်း၊ နားရောဂါ၊ အစိုးရိမ်လွန်၍ဖြစ်သော မေ့တတ်သည့်ရောဂါတို့ခံစားရတတ်ပါသည်။

**ယတြာ။ ။ဝါရွှေသောအရောင်အဆင်းကိုသုံးပါ။**



**သောကြာသားသမီးများအတွက်** လက်ဝတ်ရတနာစုဆောင်းခြင်းဝါသနာရှိလိမ့်မည်။ စီးပွားရေးတွင် ရေမွှေးလုပ်ငန်း၊ ပန်းအလှပြင်လုပ်ငန်း၊ လက်ထပ်ခြင်းနှင့်အခြားမင်္ဂလာအခမ်းအနားပြင်သည့်လုပ်ငန်းများမှ ကောင်းကျိုးရရှိမည်ဖြစ်သည်။ ပညာရေးကံကောင်းသည်။ အချစ်ရေးတွင် ဝိုင်းဝိုင်းလည်၍ချစ်သူပေါ်များနေမည်။ အိမ်ထောင်ရေး ကံသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် လေ၊ သလိပ်ရောဂါကြီးစိုးတတ်ပါသည်။ **ယတြာ။ ။နံ့သာရောင်ကိုသုံးပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် လက်အောက်ငယ်သားများစွာသုံး၍ လုပ်ကိုင်သောစီးပွားရေးလုပ်ငန်းဖြင့်အကျိုးဖြစ်ထွန်းမည်။ ဆန်စက်၊ ဆီစက်၊ ဆီကုန်သည်လုပ်ငန်းများ၊ ပွဲရုံလုပ်ငန်းများအကျိုးပေးမည်။ ပညာရေးသင့်တင့်မည်။ အချစ်ရေးတွင်ဖွဲ့ကြိုးနေတတ်မည်။ အိမ်ထောင်ရေးသုခ ခံစားရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ပင်ပန်းမောဟိုက်သောရောဂါ၊ ခါးကိုက်ရောဂါ၊ အူရောင်ရောဂါတို့ဖြစ်တတ်ပါသည်။ **ယတြာ။ ။အရောင်ရင့်ကိုသုံးပါ။**

# လားရှိုးမြို့တွင် စိုက်ပျိုး အောင်မြင်လျက်ရှိသော ကောက်ရိုးမှိုအကြောင်း တစေ့တစောင်း

**ဖြိုးဝေနလင်း(လားရှိုး)**

စိုက်ပျိုးရေး လုပ်ငန်းများတွင် ရက်တိုတိုနှင့် ဝင်ငွေရသော သီးနှံများ ပင်လျှင် အချိန်တစ်လ၊ တစ်လခွဲ အတွင်းမှသာ ဝင်ငွေပြန်လည် ရရှိနိုင်ခြင်းဖြစ်သည်။ သို့ရာတွင် မှိုစိုက်ပျိုးရေး လုပ်ငန်းသည် စတင်ပြီး ၁၀ ရက်မှ ၁၅ ရက်ခန့်အတွင်း စတင်ဝင်ငွေရရှိပြီး ၃ ရက်မှ ၅ ရက်ခန့် မှိုခူးပြီးပါက အရင်းကြေကာ နောက်ပိုင်း ဝင်ငွေအားလုံးသည် အမြတ်များသာဖြစ်သည်။ လုပ်ငန်းကျွမ်းကျင်လေလေ အမြတ်များလေလေဖြစ်ပြီး ကုန်ကြမ်း ပေါများသောကြောင့် အရှုံးမပေါ်သော လုပ်ငန်းမျိုးလည်း ဖြစ် သည်။

မှိုစိုက်ပျိုးရေးသည် မြို့ပေါ်သာမက ကျေးလက်ဒေသများမှ လူတိုင်း စိုက်ပျိုးလုပ်ကိုင်သင့်သော စီးပွားရေးလုပ်ငန်းဖြစ်သည်။ ယခုအခါ လားရှိုးမြို့နယ်တွင် မှိုစိုက်ပျိုးခြင်းကို အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နေကြသူများ ရှိနေပြီ ဖြစ်သည်။ ကောက်ရိုးမှို စိုက်ပျိုးရာတွင် ဂျပ်စက္ကူကို အသုံးပြုသည့် အတွက် ဂျပ်စက္ကူမှာမြို့ရော ကျေးလက်ပါ အလွယ်တကူ ဝယ်ယူနိုင်သည့်အပြင် ပစ္စည်းထည့်သော ဂျပ်ပုံးခွံ အစုတ်အပြဲများ၊ ပုံနှိပ်တိုက်များမှရသော ဖြတ်စက္ကူများ၊ သတင်းစာစက္ကူ ဆေးလိပ်ဗူးခွံများ စသည်ဖြင့် လွယ်ကူစွာရယူနိုင်သည်။ မှိုစိုက်ပျိုးရာတွင် အောက်ပါနည်းစနစ်နှင့် ပစ္စည်းများအား စုဆောင်း၍ စိုက်ပျိုးနိုင်ပါသည်။

မှိုဘောင်စိုက်ပျိုးရန် ချိုင့်ဘောင်စိုက်နည်းနှင့် ကုန်းဘောင်စိုက်နည်းဟူ၍ နှစ်မျိုးရှိသည်။ ဆောင်းတွင်းပိုင်းတွင် အလျား ၇ ပေ၊ အနံ ၃ ပေနှင့် အနက် ၄ လက်မခန့် ချိုင့်ဘောင်နှင့် စိုက်ပျိုးရပါမည်။ မိုးတွင်းပိုင်းတွင် မြေသားပေါ်၌ စိုက်ပျိုးပြီး ဘေးရေနုတ်မြောင်း ပါရှိရမည်။

### လိုအပ်သောပစ္စည်းများစုဆောင်းခြင်း

ဂျပ်စက္ကူ ၁၀ ပိဿာ၊ မှိုမျိုးစေ့ ၅ ထုပ်၊ ပလတ်စတစ် ၅ ကိုက်နှင့် နွားချေးအခြောက်(သို့မဟုတ်)အစို ၁၀ တင်း တို့ကို စုဆောင်းရပါမည်။

နွားချေး ၇ တင်းကို စိုက်မည့်နေရာတွင်ဖြန့်ခင်းပြီး ၎င်း နွားချေးပေါ်တွင် ရေစိမ်၍ စုတ်ဖြဲထားသော ဂျပ်စက္ကူကို ခင်း၍ အပုံကျစ်လျစ်သွားစေရန်အတွက် မျက်နှာပြင်ကိုလက်နှင့် ဖိပေးရပါမည်။ ခြေမွထားသော မှိုမျိုး ၅ ထုပ်ကို ဂျပ်စက္ကူ ပေါ်သို့ နေရာအနှံ့ ကြဲချ၍ ဂျပ်စက္ကူနှင့် မှိုများကို မမြင်ရအောင်နွားချေး ၂ တင်းခွဲခန့် ဖုံးအုပ်ပေးရပါမည်။ ရေ ၅ ဂါလံ ဝင်ဆံ့သော ပုံးဖြင့် ၃ပုံးမှ ၅ ပုံးခန့် လောင်းပေးရပါမည်။ မြေပြင်နှင့်ခေါင်အမြင့် ၁ပေခွဲထား၍ မှိုပုံပေါ်တွင် ခေါင်တန်းလုပ်ပြီး အိမ်ခေါင်မိုးကဲ့သို့ ပလတ်စတစ်အလုံဖုံးအုပ်ရပါမည်။ ပလတ်စတစ်အုပ်ရာတွင် ဘေးဘက်ရေမြောင်းငယ်ပါ ရော၍ အုပ်ပေးရမည်ဖြစ်ပြီး ပလတ်စတစ်အပေါ်တွင် ကောက်ရိုး၊ သက်ကယ်၊ ဓနိတစ်မျိုးမျိုးအုပ်ရပါမည်။

စတင်စိုက်ပျိုးပြီး ၅ ရက်မြောက်တွင် မှိုပုံမျက်နှာပြင် တစ်ပြင်လုံးသည် သေးငယ်သော မှိုသန္ဓေလေးများအဖြစ် ဆန်ကွဲစေ့သဏ္ဍာန် ပြောင်းလဲလာသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ မှိုသန္ဓေစတင်မြင်ရသည့်ရက်၌ အုပ်ထားသော ပလတ်စတစ်ကို ၅ မိနစ်မှ ၁၀ မိနစ်ခန့် ဖွင့်ပြီး လေအသစ်ပေးရပါမည်။ ဘောင်ခြောက်ပါကရေ ၅ ဂါလံဝင်ပုံး ၃ပုံး၊ ၄ပုံးခန့် လောင်းပေးရမည်ဖြစ်ပြီး မှိုသန္ဓေသားမြင်ရပြီး ၄ ရက်၊ ၅ ရက်မြောက်တွင် ခူးဆွတ်နိုင်သော မှိုငုံကြီးများ အဆင့်သို့ ရောက်ပါမည်။ ၃ ရက်မှ ၅ရက် ခူးပြီးသောအခါ ကြီးသောဥများ ကုန်သွား၍ ဆန်ကွဲစေ့သဏ္ဍာန် မှိုသန္ဓေလေးများ ကျန်ရှိပါက ၎င်းသန္ဓေသားများကို ဆက်လက်ကြီးထွားရန် ရေ၅ ဂါလံပုံးဖြင့် ၃ပုံးမှ ၅ ပုံးခန့် ရေဖြန်းခရားအား အသုံးပြု၍ ဖြန်းပေးရမည်ဖြစ်ပြီး မှိုသက်တမ်း တစ်လအတွင်း အလျား ၇ ပေ၊ အနံ ၃ ပေအရွယ်ရှိ မှိုတစ်ဘောင်မှ မှို ၅ ပိဿာမှ ၁၀ ပိဿာ အတွင်း ထွက်ရှိနိုင်ကြောင်း သိရပါသည်။

လားရှိုးမြို့မှ စိုက်ပျိုးရောင်းချသူ တောင်သူများ၏ ပြောပြချက်အရ “ကျွန်တော်တို့ တောင်ပေါ်ဒေသတွေမှာ မိုးများပြီး ရာသီဥတု အေးပေမယ့် ကောက်ရိုးမှို စိုက်ရတာ အဆင်ပြေပါတယ်။ စိုက်ပျိုးတဲ့ နည်းစနစ်မှန်ဖို့ အရေးကြီးတယ်။ ကောက်ရိုးမှိုဟာ အခြားသီးနှံတွေလို အကြာကြီး စိုက်ပျိုးရတာ မဟုတ်ပါဘူး။ စိုက်ပျိုးတဲ့ နည်းစနစ်မှန်မယ်ဆိုရင် ရက်တိုတိုအတွင်းမှာ မှိုထွက်ကောင်းပြီး ပြန်လည် ရောင်းချရမှာဖြစ်ပါတယ်”ဟု သိရပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး စီမံကိန်းတွင် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မှိုမွေးမြူစိုက်ပျိုးခြင်းကို ဆောင်ရွက်နိုင်ရန်၊ မိသားစု ဝင်ငွေတိုးနိုင်သော စီးပွားဖြစ်လုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် မှိုစိုက်ပျိုးရေးလုပ်ငန်းအား ရေးသားတင်ပြလိုက်ရပါသည်။

❑

# မကွေးတိုင်းဒေသကြီးအတွင်း သီးနှံဧက ခြောက်သောင်းကျော် ရေနစ်မြုပ်

မကွေးတိုင်းအတွင်း မြို့နယ်(၁၂)မြို့နယ်မှ စိုက်ပျိုးသီးနှံဧက ၆၃၀၀၀ ကျော် ရေနစ်မြုပ်လျက်ရှိကြောင်း စိုက်ပျိုးရေး ဦးစီးဌာန၏ ဇွန်လ ၁၄ ရက် နံနက်ပိုင်း မှတ်တမ်းများအရ သိရှိရပါသည်။ အမယ်စုံသီးနှံဧကပေါင်း ၄၅၀၀၀၀ ကျော်ရှိသည့်အနက်မှ ဧက ၆၀၀၀၀ ကျော် ရေနစ်မြုပ်နေခြင်းဖြစ်ပြီး ၎င်းဧကအနက်မှ စပါး ၄၆၆၀ ဒသမ ၄၉ ဧက၊ နှမ်း ၅၀၂၆၁ ဒသမ ၉၈ ဧက၊ မြေပဲ ၆၃၁ ဧက၊ ပဲတီစိမ်း ၅၂၉၆ ဒသမ ၅ ဧကနှင့် အခြားအမယ်သီးနှံပေါင်း ၂၃၄၂ ဒသမ ၀၃ ဧကတို့ ရေနစ်မြုပ်နေခြင်းဖြစ်ကြောင်း သိရပါသည်။ ရေနစ်မြုပ်သွားသည့် စိုက်ပျိုးဧကများတွင် စကမြေပဲ၊ ဝါ၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း စသည့်သီးနှံ(၄)မျိုးဖြင့် အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရန်နှင့် အစားထိုးသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရန် တောင်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် မကွေးတိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သည့် ပံ့ပိုးမှုများ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့အပြင် ဇွန်လ ၉ ရက်မှ ၁၄ ရက်ထိ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ သရက်-ကံမ-ပြည်-ရန်ကုန် လမ်းမပေါ်ရှိ အများပြည်သူသွားလာအသုံးပြုနေသည့် မင်းတုန်းချောင်း ကူးရေနံ့သာ (ဗေလီ)တံတားသည် ဇွန် ၁၂ ရက် နံနက်ပိုင်း (၁း၀၀)နာရီခန့်တွင် မင်းတုန်းချောင်းရေ တိုက်စားမှု ကြောင့် မျောပါဆုံးရှုံးခဲ့ရကြောင်း၊ ဇွန် ၁၄ ရက်တွင် ၎င်းရေနံ့သာတံတား ပြန်လည်တည်ဆောက်ရန် လိုအပ်သော ပစ္စည်းများနှင့် ပညာရှင်လုပ်သား ၄၅ ဦးတို့ဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ၎င်းမင်းတုန်းချောင်းရေ ပြည့်လျှံမှုကြောင့် ကံမမြို့နယ်၊ ကျေးရွာအုပ်စု ၁၉ စု၊ ကျေးရွာ ၃၃ ရွာ၊ အိမ်ခြေ ၁၈၆၆၊ အိမ်ထောင်စု ၁၉၆၅ မှ လူဦးရေ ၇၁၃၂ ဦး ရေဘေးသင့်ခဲ့ရပြီး လူနေအိမ်(၁၀)လုံး ကြိုတင် ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ရကြောင်း သိရှိရသည်။

ရေဘေးသင့်ရာသို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများမှ မြို့နယ်ခံဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်တွေ့ဆုံကာ တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများနှင့် ထောက်ပံ့နိုင်ရေးဆွေးနွေးခဲ့ပြီး ဆန်ဖိုးထောက်ပံ့ငွေများပေးခြင်း၊ ဖျက်သိမ်းနေအိမ်များအတွက် တစ်လုံးလျှင် ငွေကျပ်တစ်သိန်းနှုန်း ထောက်ပံ့ကြေးများပေးခဲ့ကြောင်း၊ ဇွန် ၁၅ ရက်တွင် မိုးရွာသွန်းခြင်း မရှိတော့သည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကြီးအုံကြီးဝရေလှောင်တမံ၊ မုန်းတမံတို့တွင် ရေများကျသွားသော်လည်း လာမည့်ဝါဆိုလပြည့်တွင် ယခုကဲ့သို့ မုန်တိုင်းမိုးများရှိပါက အန္တရာယ်ကြုံတွေ့လာနိုင်သည့်အတွက် ဧရာဝတီမြစ်ကမ်းဘေးနှင့် မုန်းချောင်းတစ်လျှောက် ကျေးရွာနေပြည်သူများအား သတိဖြင့် သွားလာနေထိုင်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိပါသည်။

**နိုင်းချိုင် (DOCA)**

# တတိယအကြိမ်မြောက် Myanmar Insight 2018 ကို လာမည့်ဇူလိုင်လတွင် ကျင်းပမည်

ထိုင်း၊ မြန်မာ နှစ်နိုင်ငံကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးမြှင့်တင်နိုင်ရန်အတွက် Myanmar Insight 2018 ဟောပြောပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲကို မြန်မာနိုင်ငံ ထိုင်းသံရုံး(ရန်ကုန်)နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ အသင်း (TBAM)တို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေးတည်ဆောက်ခြင်းနှစ် ၇၀ ပြည့် အထိမ်းအမှတ်ပွဲ နှင့် အတူကျင်းပမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံက ရင်းနှီးမြှုပ်နှံဖို့အတွက် အခွင့်အလမ်းတွေအများကြီးရှိတယ်။ TBAM အဖွဲ့ဝင်တွေကလည်း ဆွေးနွေးပွဲတွေ တက်ရောက်နေပါပြီ။ ဒါပေမဲ့ ဘယ်ကဏ္ဍကိုရင်းနှီးမြှုပ်နှံမယ်ဆိုတာက တိုင်းဒေသကြီးနဲ့ ပြည်နယ်ရဲ့ ဦးစားပေးတဲ့အပေါ် မှာလည်း မူတည်တယ်။ နောက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေကိုလည်း ဒီပွဲကို တက်ရောက်ဖို့ ဖိတ်ခေါ် ချင်ပါတယ်” ဟု ထိုင်းသံအမတ်ကြီး Jukr Boon-Long's ကပြောသည်။

အဆိုပါဟောပြောပွဲကို လာမည့် ဇူလိုင်လ ၂၀ ရက်တွင် ဘန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်ပြီး ခေါင်းစဉ်လေးခုဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဟောပြောပွဲကိုလည်း မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအသီးသီးမှ ပေါင်းစပ်ထားသည့် လုပ်ငန်းရှင်များနှင့် ထိုင်းဘဏ်များမှ ပါဝင်ကူညီထားပြီး လူဦးရေ ငါးရာခန့် တက်ရောက်ရန် ခန့်မှန်းထားကြောင်း သိရသည်။

ဟောပြောပွဲကို ရည်ရွယ်ချက်နှစ်ခုဖြင့် ဟောပြောသွားမည်ဖြစ်ပြီး ဟောပြောပွဲနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက tbamoffice@gmail.com သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# ပြည်တွင်းရှိလူငယ်များအတွက် တယ်လီနောအမ်ဘီအေ ပညာသင်ဆု ပေးအပ်သွားမည်

ပြည်တွင်းရှိလူငယ်များအတွက် ဆက်သွယ်ရေးနှင့် အိုင်စီတီအထူးပြု စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ဘီအေ) ပညာသင်ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပညာသင်ဆုကို တယ်လီနောမြန်မာနှင့် Myanmar Metropolitan College တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍနှင့် နိုင်ငံ၏စီးပွားရေးအခြေအနေများ၊ လက်တွေ့နှင့် နောက်ဆုံးပေါ် အသိပညာ၊ အတတ်ပညာများကို မြန်မာကျောင်းသားများ သင်ယူနိုင်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

“ပညာရေးဆိုတာ ကမ္ဘာကိုပြောင်းလဲနိုင်တဲ့ စွမ်းအားအကြီးမားဆုံး လက်နက်ဖြစ်ပါတယ်။ အဲဒါကြောင့် ပညာရေးကဏ္ဍမှာ ခိုင်မာတဲ့အထောက်အပံ့တွေရစေဖို့နဲ့ မရှိမဖြစ်လိုအပ်တဲ့ အသိပညာတွေ၊ အတတ်ပညာတွေကို လက်လှမ်းမီနိုင်ဖို့ဒီပညာသင်ဆုက အထောက်အကူဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ ဒီပညာသင်ဆုကတစ်ဆင့်အရည်အသွေးပြည့်ဝတဲ့သူတွေကို မွေးထုတ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒါကြောင့် ဒီပညာသင်ဆုကိုလျှောက်ထားကြဖို့ လေးလေးနက်နက် တိုက်တွန်းလိုက်ပါတယ်”ဟု တယ်လီနောမြန်မာ၏ ဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ် ကယ်ရိုလိုင်း ယဉ်ယဉ်ဌေးက ပြောသည်။

ပညာသင်ဆုရရှိသူများသည် တယ်လီနောမှ အကြီးတန်းကျွမ်းကျင်ပညာရှင်များ၏ ပြန်လည် သင်ကြားပြသမှုများကိုပါ တက်ရောက်နိုင်မည်ဖြစ်သည့်အတွက် မဟာဗျူဟာကျ အိုင်တီ စီမံခန့်ခွဲမှုဆိုင်ရာ အမ်ဘီအေဘွဲ့အပြင် နိုင်ငံခြားတက္ကသိုလ် အသိအမှတ်ပြု အမ်ဘီအေဘွဲ့လက်မှတ်ကိုပါ ရရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမ်ဘီအေပညာသင်ဆုကို တက္ကသိုလ်တွင် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်ခဲ့ပြီး အိုင်တီပညာကို ရေရှည်နည်းလမ်းအဖြစ် အသုံးချကာ စီးပွားရေးလုပ်ငန်း သို့မဟုတ် လူမှုရေးလုပ်ငန်း သို့မဟုတ် အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ တည်ထောင်ရာတွင် ပါဝင်လိုစိတ်ပြင်းပြသူ၊ ပညာရေး အထောက်အပံ့လိုအပ်သူ မြန်မာနိုင်ငံသားမည်သူမဆို လျှောက်ထားနိုင်ကြောင်း၊ သင်တန်းကို ယခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်ထားမည်ဖြစ်ပြီး ဇွန်လ ၁၈ ရက်မှ ဇူလိုင်လ ၇ ရက်နေ့အတွင်း အွန်လိုင်းမှ တစ်ဆင့် လျှောက်ထားနိုင်ကြောင်း၊ ပညာသင်ဆုလျှောက်ထားရမည့်လင့်ခ်မှာ https://goo.gl/AQGLCS ဖြစ်ကြောင်း သိရသည်။

# ပညာရေး သင်ကြားရေး အထောက်အကူပြု အက်ပလီကေးရှင်းနှင့် ဖလက်ရှ်ကတ်စီးရီးများကို 360ed မှ မိတ်ဆက်

ပြည်တွင်းပညာရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် 360 ed အနေဖြင့် ဆန်းသစ်သောနည်းပညာများ အသုံးပြုထားသည့် စာသင်ကြားမှု အထောက်အကူပြု ဓာတ်သင်ပုန်း မိုဘိုင်းလ်အက်ပလီကေးရှင်းနှင့် ဖလက်ရှ်ကတ်စီးရီးများကို စတင် မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါအက်ပလီကေးရှင်းသည် Augmented Reality (သုံးဖက်မြင် ပုံရိပ်ရောင်) နည်းပညာအသစ်ကို အသုံးပြုထားပြီး လက်ရှိစာသင်ကြားမှုစနစ်ကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းသားများ၏ ကိုယ်တိုင် လေ့လာသင်ယူမှုများကိုလည်း ထိရောက်စေမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်သင်ပုန်း အက်ပလီကေးရှင်း စီးရီးတွင် ၅ နှစ်နှင့် ၆ နှစ်အရွယ် ကလေးငယ်များအတွက် အင်္ဂလိပ်စာ အက္ခရာများနှင့် အထက်တန်းကျောင်းသားများအတွက် ဓာတ်သင်ပုန်းဓာတုဗေဒနှင့် ဓာတ်သင်ပုန်းဇီဝဗေဒတို့ ပါဝင်ကြောင်း၊ အက်ပလီကေးရှင်းနှင့် ဖလက်ရှ်ကတ်ကို တွဲသုံးခြင်းဖြင့် ကလေးများ၏ အသိပညာ၊ အမြင်အာရုံ တိုးတက်မှုရရှိမည့်အပြင် အထက်တန်းကျောင်းသားများအတွက်လည်း သင်ခန်းစာလေ့လာရာတွင် ပိုမိုရှင်းလင်းလွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်သင်ပုန်း အက်ပလီကေးရှင်းနှင့် ဖလက်ရှ်ကတ်ဈေးနှုန်းများကို ဓာတ်သင်ပုန်းAlphabet အတွက် ၉၅၀၀ ကျပ်၊ ဓာတ်သင်ပုန်း ဇီဝဗေဒနှင့် ဓာတုဗေဒအတွက် ၁၄၅၀၀ ကျပ်စီ သတ်မှတ်ထားပြီး နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း ကတ်တလောက်ထဲတွင် အပြည့်အစုံဖော်ပြထားကြောင်း သိရသည်။

အဆိုပါ ဖလက်ရှ်ကတ်များကို မြန်မာတစ်နိုင်ငံလုံးရှိ စီးတီးမတ်များ၊ စာအုပ်ဆိုင်များနှင့် လူကြီးမင်းဖုန်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး အက်ပလီကေးရှင်း installation နှင့်တကွ Activate ပြုလုပ်ခြင်းတို့ကိုပါ တစ်ပါတည်းပြုလုပ်နိုင်ကြောင်း သိရသည်။

# SMIDB ဘဏ်မှ နိုင်ငံ့ဝန်ထမ်းများအား လစာ၏ ၅ဆ ချေးငွေထုတ်ချေးမည့် အစီအစဉ် စက်တင်ဘာလတွင် စတင်မည်

SMIDB ဘဏ်မှ နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေ ၅ ဆထုတ်ချေးပေးမည့်အစီအစဉ်ကို လာမည့်စက်တင်ဘာလတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ချေးငွေထုတ်ချေးရာတွင် နိုင်ငံပိုင်ငွေ မဟုတ်ဘဲ ပြည်သူများ အပ်နှံထားသည့်ငွေများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး ယခင်ကလစာ၏ ၃ ဆ ထုတ်ချေးရာမှ ယခုအခါ ၅ ဆသို့ တိုးမြှင့်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

“ထုတ်ချေးပေးမယ့်ငွေတွေက ပြည်သူတွေ အပ်နှံထားတဲ့ငွေတွေပါပဲ။ ပြည်သူတွေအပ်ထားတဲ့ ငွေဖြစ်တဲ့အတွက် ပုံမှန်ပြန်လည်ပေးဆပ်ဖို့တော့ လိုပါတယ်။ ချေးငွေယူတဲ့သူက ပြန်မဆပ်နိုင်ရင် ချေးငွေယူဖို့ အာမခံပေးထားတဲ့သူက ဆပ်ပေးရမှာပါ။ တကယ်လို့ မဆပ်ခဲ့ရင် တရားဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမှာပါ”ဟု SMIDB ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချေးငွေလျှောက်ထားရန်အတွက် လိုအပ်ချက်များမှာ ချေးငွေလျှောက်လွှာ၊ ဌာနမှအကြီးအကဲနှစ်ဦး၏ ထောက်ခံစာ၊ ငွေချေးမည့်ကာယကံရှင်၏ ရပ်ကွက်ထောက်ခံစာ၊ အိမ်ထောင်စုစာရင်း၊ ငွေချေးသူအတွက် အာမခံပေးမည့်သူနှစ်ဦး၊ အာမခံပေးမည့်သူနှစ်ဦး၏ ဝန်ထမ်းကတ်များလိုအပ်ကြောင်း သိရသည်။

ချေးငွေကာလကို ၁ နှစ်သတ်မှတ်ထားပြီ အတိုး နှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ချေးငွေလစာ ၅ ဆအတွက် ကျပ် ၁၀၀ ဘီလီယံ လျာထားပြီး လူဦးရေနှင့် ပမာဏအလိုက် အခြေခံလစာ ၁၂၀၀၀၀ ပေါ် မူတည်၍ တွက်ချက်သွားမည်ဖြစ်ကြောင်း




သိရသည်။

ချေးငွေလျှောက်ထားလိုသူများအနေဖြင့် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (SMIDB)တွင် နိုင်ငံ့ဝန်ထမ်း ချေးငွေလျှောက်လွှာကို ရယူနိုင်ပြီး SMIDB ဘဏ်အနေဖြင့်လည်း ရုံးဌာနများသို့ သွားရောက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချောစု - စုစည်းတင်ပြသည်။

# ပြည်သူအများစု ခေတ်မီငွေကြေးဆိုင်ရာ ဗဟုသုတများ လိုအပ်နေဆဲဖြစ်

မြန်မာပြည်သူတွေအနေဖြင့် နိုင်ငံ၏ ဘဏ်စနစ်အပေါ် ယုံကြည်မှုရှိသော်လည်း ခေတ်မီငွေကြေးစီမံမှုဆိုင်ရာ ဗဟုသုတများရရှိနိုင်ရန် လိုအပ်ဆဲဖြစ်ကြောင်း ဇွန် ၁၃ ရက်က ထုတ်ဝေသော 'ရေရှည်တည်တံ့သောတိုးတက်မှုအတွက် ငွေကြေးဆိုင်ရာပညာရေး'စစ်တမ်းအရ သိရသည်။

ယခုစစ်တမ်းတွင် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေး ဦးတည်ချက်၊ အလုပ်အကိုင်အခွင့်အရေးများနှင့် ငွေကြေးဆိုင်ရာ လုံခြုံစိတ်ချရမှုများအတွက် အလားအလာကောင်းများကို ဖော်ညွှန်းပြသထားသော်လည်းစစ်တမ်းဖြေဆိုသူ ၃၆ ရာခိုင်နှုန်းကသာ ဘဏ်လုပ်ငန်းဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို နားလည်သည်ဟုဆိုခဲ့ပြီး အများစုမှာ ငွေကြေးဆိုင်ရာ စီမံနိုင်ခဲ့နိုင်သည့် စွမ်းရည်မရှိသေးကြောင်း သိရသည်။

"မြန်မာပြည်သူတွေကို ငွေကြေးနဲ့သက်ဆိုင်တဲ့ ဗဟုသုတတွေ တိုးမြှင့်ပေးဖို့ လိုအပ်နေဆဲဖြစ်တာ ဒီလေ့လာမှုစစ်တမ်းက ပြသနေပါတယ်။ ပြည်သူတွေရဲ့ကိုယ်ရေးကိုယ်တာငွေကြေးစီမံနိုင်ခဲ့နိုင်ဖို့ လိုအပ်နေတဲ့ အသိပညာ၊ သတင်းအချက်အလက်တွေအတွက် ဘဏ္ဍာရေးကဏ္ဍနဲ့ မြန်မာအာဏာပိုင်အဖွဲ့အစည်းတွေ ပူးပေါင်းလုပ်ဆောင်ဖို့ အချိန်ကျရောက်နေပါပြီ"ဟု ယခုစစ်တမ်းကို ပြုစုခဲ့သည့် Visa Myanmar ကုမ္ပဏီ အကြီးအကဲဖြစ်သူ Mr.Planell ကဆိုသည်။

ငွေလွှဲခြင်း၊ ရွှေနှင့် အိမ်ခြံမြေရင်း နှီးမြှုပ်နှံခြင်း အစရှိသည့် ရှေးရိုးလေ့ ငွေကြေးဆိုင်ရာ လုပ်ဆောင်မှုများကို သိရှိနားလည်ကြသော်လည်း ဘဏ်စာရင်း၊ အီလက်ထရောနစ်ငွေပေးချေမှု၊ အာမခံထားရှိခြင်း အစရှိသော ဘဏ္ဍာရေးလုပ်ဆောင်မှုအပေါ် ပိုမိုသိရှိနားလည်ရန် လိုအပ်နေသေးကြောင်း ယခု စစ်တမ်းတွင် ဖော်ပြထားသည်။

ရေရှည်တည်တံ့သော တိုးတက်မှုအတွက် ငွေကြေးဆိုင်ရာ ပညာရေးစစ်တမ်းကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်နှင့် မကွေး မြို့ရှိ လူဦးရေ ၁၀၄၄ ဦးကို တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ■



## MPT ၏ ဘောလုံးစတား APP သုံးစွဲသူများအတွက် ကားအသစ်တစ်စီး ကံထူးနိုင်မည့်အစီအစဉ်စတင်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) က ဘောလုံးစတား Application အသုံးပြုသူဘောလုံးချစ်သူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် KIA Picanto 2018 မော်ဒယ်လ်ကားသစ် ကံထူးနိုင်မည့်အစီအစဉ်ကို ဇွန် ၁၂ ရက်တွင် စတင်လိုက်ကြောင်း သတင်းရရှိသည်။

"MPT ဘောလုံးချစ်သူတွေအနေနဲ့ နိုင်ငံတကာဘောလုံးအသင်းတွေ၊ ကစားသမားတွေအကြောင်းတွေကို ဘောလုံးစတားမှာ ဖတ်ရှုခံစားရင်း KIA ကားအသစ်ပိုင်ဆိုင်မယ့် အခွင့်အရေးကိုရနိုင်မှာဖြစ်ပါတယ်"ဟု MPT-KSGM Joint Operations ၏ စီးပွားရေးရာဌာနကြီးမှူးအရာရှိချုပ်ဖြစ်သူ Mr.Reizo Umeda ကပြောသည်။

ဘောလုံးစတားဝန်ဆောင်မှုကို စတင်အသုံးပြုသူများအတွက် တစ်ပတ်တာအခမဲ့သုံးစွဲခွင့်ကို ပေးအပ်သွားမည်ဖြစ်ပြီး ရက်သတ္တပတ်ကျော်လွန်ပါက တစ်ရက်လျှင် ၁၀၅ ကျပ်နှုန်းကျသင့်မည်ဖြစ်ကြောင်း၊ ယခုပရိုမိုးရှင်း အစီအစဉ်အတွင်း ပါဝင်လိုသော သုံးစွဲသူများအနေဖြင့် ပရိုမိုးရှင်းကာလဖြစ်သော ဇွန်လ ၁၂ ရက်မှ ဩဂုတ်လ ၁၂ ရက်အတွင်း တစ်ရက်တာဝန်ဆောင်မှုကို အနည်းဆုံး ၂၀ ကြိမ် (သို့မဟုတ်) တစ်ပတ်တာဝန်ဆောင်မှုကို အနည်းဆုံး ၃ ကြိမ် (သို့မဟုတ်) စုစုပေါင်း ၂၀ ရက်စာ ဝန်ဆောင်မှုအား ရယူ၍ ပါဝင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

"ဘောလုံးစတားကို သုံးစွဲသူတွေအတွက် လွယ်လွယ်ကူကူသုံးနိုင်တဲ့ ပလက်ဖောင်းတစ်ခုအဖြစ် MPT နဲ့ ပူးပေါင်းပြီး ဖန်တီးထားပါတယ်။ ပရိုမိုးရှင်း အစီအစဉ်ကနေတစ်ဆင့် မိုဘိုင်းလ်ဖုန်းပေါ်မှာတင် ကမ္ဘာ့ဘောလုံးသတင်းတွေကို ထူးထူးခြားခြားဘယ်လိုဖော်ပြထားလဲဆိုတာကို သုံးစွဲသူတွေလေ့လာနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ကံထူးရှင်ကိုလည်း လွတ်လပ်သောပုဂ္ဂလိကစာရင်းစစ်အဖွဲ့ကတစ်ဆင့် ဩဂုတ်လကုန်မှာ သတင်းထုတ်ပြန်ပေးသွားမှာပါ" ဟု ဘောလုံးစတားအက်ပလီကေးရှင်းကို ဖန်တီးထားသည့် ထွဋ်ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဦးဝေဖြိုးထွဋ်ကပြောသည်။

ဘောလုံးစတားအက်ပလီကေးရှင်းကို ဒေတာသုံးစွဲရန်မလိုအပ်ဘဲ လိုတရ (http://bs.lotayamm.com/)တွင် ဒေါင်းလုတ်ရယူနိုင်မည်ဖြစ်ပြီး ၈၁၈၁ သို့ DL ဟု SMS ပေးပို့ခြင်းဖြင့်လည်း ဒေါင်းလုတ်လင့်ခ်ကို ရယူနိုင်မည် ဖြစ်ကြောင်းသိရသည်။

## Samsung Galaxy J4 နှင့် J6 စမတ်ဖုန်းများအား မြန်မာနိုင်ငံတွင် တရားဝင်မိတ်ဆက်

Samsung Myanmar မှ Galaxy မျိုးဆက်သစ်စမတ်ဖုန်းများဖြစ်သော Galaxy J4 နှင့် Galaxy J6 အား ဇွန် ၉ ရက်က ရန်ကုန်မြို့ရှိ The One Entertainment Park ၌ ကျင်းပခဲ့သော J Music Festival တွင် တရားဝင် စတင်မိတ်ဆက်ခဲ့သည်။

"အခုနောက်ဆုံးထွက်ရှိလာတဲ့ Galaxy J Series စမတ်ဖုန်းတွေဟာ ဆိုရင် ယနေ့ခေတ်လူငယ်လေးတွေ အတွက် အဓိကဦးစားပေးထုတ်လုပ်ထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မူပိုင် Super AMOLED မျက်နှာပြင်နည်းပညာနဲ့အတူ သုံးစွဲသူတွေအတွက် ပြိုင်ဘက်ကင်းပြီး တကယ့်ကိုကောင်းမွန်တဲ့ ဖျော်ဖြေရေးဆိုင်ရာ ကြည့်ရှုမှုအတွေ့အကြုံကို ပေးစွမ်းနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု Samsung Myanmar ၏ Head of IT and Mobile ဖြစ်သူကိုဇာနည်ဝင်းထက်က ပြောသည်။

Galaxy J4 နှင့် Galaxy J6 စမတ်ဖုန်းသစ်များအား မြန်မာနိုင်ငံတစ်ဝန်းရှိ Samsung အရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် Galaxy J4 အား ကျပ် ၂၃၉၀၀၀ ကျပ်၊ Galaxy J6 အား ကျပ် ၃၁၅၀၀၀ ဖြင့် အနက်ရောင်၊ ရွှေရောင်နှင့် ခရမ်းရောင်တို့ကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Samsung Myanmar နှင့် Telenor Myanmar တို့ပူးပေါင်းပြီး အပိုထပ်ဆောင်းဒေတာများအား ဝယ်ယူအားပေးသူများသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"Galaxy J4 နဲ့ Galaxy J6 ဝယ်ယူသုံးစွဲသူတွေအနေနဲ့ လစဉ် ၃၀၀၀ ကျပ် သို့မဟုတ် ကျပ် ၅၀၀၀ သို့မဟုတ် ကျပ် ၁၀၀၀၀ ဖုန်းငွေဖြည့်တိုင်း လက်ဆောင်အနေဖြင့် 500MB သို့မဟုတ် 1Gb သို့မဟုတ် 2Gb ကို တစ်နှစ်တိတိ ရရှိနိုင်မှာဖြစ်ပါတယ်"ဟု Telenor Myanmar ၏ Head Of Device Mr. Colin Tan က ပြောသည်။

Galaxy J4 နှင့် Galaxy J6 စမတ်ဖုန်းသစ်များအပြင် အခြားသော Samsung စမတ်ဖုန်းများအား အရစ်ကျငွေပေးချေစနစ်ဖြင့် အလွယ်တကူဝယ်ယူနိုင်စေရန် Samsung Myanmar နှင့် မြန်မာနိုင်ငံသားဘဏ်တို့ ပူးပေါင်းစီစဉ်ပေးထားပြီး လစဉ်အရစ်ကျငွေပေးချေစနစ်ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ■

## အောင်လအန်ဆန်က ဝမ်းမစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ရန် Ken Hasegawa ယှဉ်ပြိုင်မည်

ကိုယ်ခံပညာအားကစားပွဲများ ဦးစီးကျင်းပလျက်ရှိသော ဝမ်းချန်ပီယံရှစ် One Championship သည် ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်းကြီး၌ ကျင်းပသွားမည့် One: Spirit of A Warrior ပြိုင်ပွဲကြီးအတွက် တွဲဆိုင်းများကို ထုတ်ပြန်လိုက်သည်။

အဆိုပါပြိုင်ပွဲတွင် အဓိကပွဲစဉ်အနေဖြင့် ဝိတ်တန်းနှစ်ခုကမ္ဘာ့ချန်ပီယံ မြန်မာ့စပါးအုံးခေါ် အောင်လအန်ဆန်သည် ဝမ်းမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆက်လက်ကာကွယ်ရန် ဂျပန်နိုင်ငံမှ Ken Hasegawa နှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရပြီး အခြားတွဲဆိုင်း ခုနစ်ဆိုင်းလည်း ပါဝင်ကြောင်း သိရသည်။

ဝမ်းချန်ပီယံရှစ် (One Championship)၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Chatri Sityodtong က "ရန်ကုန်မှာ နာမည်ကြီးတွေတွေ့ကြမယ့် ဒီပွဲကိုကြည့်ဖို့ ကျွန်တော် မြန်မာနိုင်ငံကို သွားချင်နေပါပြီ။ မြန်မာ ပရိသတ်တွေရဲ့ စိတ်အားထက်သန်မှုတွေကို တွေ့ရတဲ့အတွက် အခုတစ်ခါလည်း သိုင်းပေါင်းစုံ ကိုယ်ခံပညာသမိုင်းမှာ မမေ့နိုင်ဖွယ်ရာမှတ်တိုင်တစ်ခု ထားခဲ့နိုင်မယ့် ပွဲမျိုးတွေကို စီစဉ်ထားပေးပါတယ်။ မြန်မာပရိသတ်တွေရဲ့ သူရဲကောင်း အောင်လအန်ဆန်ဟာ အဓိကပွဲစဉ်ကြီးအတွက် ဂျပန်နိုင်ငံက Ken Hasegawa နဲ့ ယှဉ်ပြိုင်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုစိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ ပွဲကြီးအပြင် တခြားပွဲစဉ်တွေအတွက်လည်း သိုင်းပေါင်းစုံ ကိုယ်ခံပညာလောကထဲက ထိတ်ထိတ်ကြဲ ကစားသမားတွေကို ထည့်သွင်းပေးထားပါတယ်" ဟု ပြောသည်။

One: Spirit of A Warrior ပွဲ လက်မှတ်အတွက် www.onefc.com ဝက်ဘ်ဆိုက်ဒ်တွင် ဝင်ရောက် ဝယ်ယူနိုင်ကြောင်း သိရသည်။ ■

## COLGATE-PALMOLIVE မှ ၂၀၁၈ ခုနှစ်ပညာသင်ဆုများ ထောက်ပံ့ပေးမည်

Colgate-Palmolive Myanmar သည် မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်မည့် ၂၀၁၈ ခုနှစ် ပညာသင်ဆုထောက်ပံ့ရေး အစီအစဉ်ကို ဇွန် ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယခုပညာသင်ဆုအစီအစဉ်တွင် ပထမဆု ကျပ်သိန်း ၆၀ဆု သုံးဆု၊ ဒုတိယဆု ကျပ်သိန်း ၃၀ဆု ငါးဆု နှင့် တတိယဆု ကျပ် ၃သိန်းဆု ၂၅၀ဆု ပါဝင်ပြီး Colgate Double Cool Stripe 160g (သို့မဟုတ်) Colgate Super Strong 165g (သို့မဟုတ်) Colgate Super Strong 70g (သို့မဟုတ်) Colgate Super Flexi သွားတိုက်တံ ဝယ်ယူသူများအနေဖြင့် ဘူးအခွံအတွင်းဘက်ရှိ ဂဏန်း ၉ လုံးပါသော ကုတ်နံပါတ်ကို ဖုန်းနံပါတ် ၀၉၉၆၉၆၉၆၂၀၀ သို့ SMS ပေးပို့ခြင်းဖြင့် ပညာသင်ဆု ရရှိသောငွေပမာဏကို သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အဓိကရည်မှန်းချက်က လူတန်းစားအသီးသီးနှင့် ကောင်းကျိုးစီးပွားများကို ခွဲဝေခံစားခြင်းဖြင့်လည်းကောင်း၊ ကုမ္ပဏီနှင့်အတူ လူမှုဝန်းကျင်တစ်ခုလုံး တိုးတက်စေနိုင်သည့်အခွင့်အရေးများကို ရှာဖွေခြင်းဖြင့်လည်းကောင်း ဈေးကွက်အတွင်းနေရာရရှိရန် ဖြစ်ပါတယ်။ လူတိုင်းကောင်းမွန်သော အနာဂတ်ကိုပိုင်ဆိုင်သင့်တယ်လို့ယုံကြည်ပါတယ်။ ကံစမ်းမဲကာလကို ၂၀၁၈ ခုနှစ် ဇွန်၁ရက်မှ ဩဂုတ် ၃၁ ရက်အထိ သတ်မှတ်ထားပါတယ်"ဟု Indochina Colgate ၏ အထွေထွေမန်နေဂျာ Mr.Kunal Chadha က ပြောသည်။ Colgate-Palmolive Myanmar သည် ၂၀၁၇ ခုနှစ်ကလည်း ကျပ်သိန်း ၈၀၀ ကို ပညာသင်ထောက်ပံ့ရေးငွေကြေးဆုအဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းထိုက်အောင်
စုစည်းတင်ပြသည်။




| မြို့ | ၁၈-၆-၂၀၁၈(တနင်္လာ) | ၁၉-၆-၂၀၁၈(အင်္ဂါ) | ၂၀-၆-၂၀၁၈(ဗုဒ္ဓဟူး) | ၂၁-၆-၂၀၁၈(ကြာသပတေး) | ၂၂-၆-၂၀၁၈(သောကြာ) |
|---|---|---|---|---|---|
| နေပြည်တော် | ၉၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၅၀% ၃၀°C/၈၆°F |
| ရန်ကုန်မြို့ | ၁၀၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၉၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | ၄၀% ၃၄°C/၉၃°F | ၂၀% ၃၃°C/၉၂°F | ၄၀% ၃၃°C/၉၁°F | ၃၀% ၃၃°C/၉၂°F | ၂၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၈°C/၈၃°F | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F |
| လားရှိုး | ၉၀% ၂၈°C/၈၂°F | ၁၀၀% ၂၇°C/၈၀°F | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၉°F |
| ကျိုင်းတုံ | ၈၀% ၃၀°C/၈၆°F | ၁၀၀% ၂၉°C/၈၄°F | ၉၀% ၂၉°C/၈၄°F | ၉၀% ၂၈°C/၈၃°F | ၉၀% ၂၇°C/၈၀°F |
| လွိုင်ကော် | ၄၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၂၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၅၀% ၃၅°C/၉၅°F | ၆၀% ၂၁°C/၆၉°F | ၅၀% ၂၀°C/၆၈°F | ၅၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F |
| မော်လမြိုင် | ၁၀၀% ၂၈°C/၈၂°F | ၁၀၀% ၂၇°C/၈၃°F | ၉၀% ၂၉°C/၈၄°F | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| ဘားအံ | ၉၀% ၂၈°C/၈၃°F | ၉၀% ၂၈°C/၈၃°F | ၉၀% ၂၉°C/၈၅°F | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| တောင်ငူ | ၁၀၀% ၃၁°C/၈၈°F | ၉၀% ၃၁°C/၈၇°F | ၉၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၇၀% ၂၉°C/၈၅°F |
| မုံရွာ | ၁၀၀% ၃၄°C/၉၃°F | ၉၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၂°F | ၄၀% ၃၂°C/၉၀°F |
| ပုသိမ် | ၅၀% ၃၅°C/၉၅°F | ၈၀% ၂၁°C/၆၉°F | ၈၀% ၂၀°C/၆၈°F | ၈၀% ၂၄°C/၇၅°F | ၆၀% ၂၅°C/၇၇°F |
| မြိတ် | ၁၀၀% ၂၈°C/၈၂°F | ၁၀၀% ၂၈°C/၈၂°F | ၁၀၀% ၂၉°C/၈၂°F | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၅°F |
| စစ်ကွေ | ၄၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၁၀၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၅°F | ၈၀% ၃၀°C/၈၅°F |
| မကွေး | ၂၀% ၃၄°C/၉၄°F | ၈၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၂°F | ၁၀% ၃၂°C/၉၀°F |
| ဖလမ်း | ၅၀% ၂၆°C/၇၉°F | ၆၀% ၂၆°C/၇၉°F | ၅၀% ၂၆°C/၇၉°F | ၉၀% ၂၆°C/၇၀°F | ၈၀% ၂၆°C/၇၀°F |

# အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူသုံးဦး သေဆုံး

အိန္ဒိယနိုင်ငံတောင်ပိုင်း ပြည်နယ်တစ်ခုဖြစ်သော ကေရာလတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်မြေပြိုပြီး ရုတ်တရက် ရေလျှံမှုကြောင့် ဇွန် ၁၄ ရက်က အနည်းဆုံး ကလေးသုံးဦး သေဆုံးကာ လူအများအပြား ပျောက်ဆုံးနေကြောင်း အရာရှိများ၏ပြောကြားချက်ကို ဆင်ဗှာသတင်းတွင်ဖော်ပြသည်။

"ဒေသတွင်းမှာရှိတဲ့ အိမ်ငါးလုံးက လုံးဝပျက်စီးသွားပါတယ်။ ဒါကြောင့် ဒေသခံတွေရဲ့ ဘေးအန္တရာယ် လုံခြုံရေးအတွက် စိုးရိမ်မှုတွေရှိနေပါတယ်။ ဒ့ါအပြင် မိုးဒဏ်ခံရတဲ့ နယ်မြေထဲမှာ မိသားစုသုံးစုပိတ်မိနေပါတယ်"ဟု ကိုဇီကိုဒဲခရိုင်တွင် တာဝန်ကျသူအရာရှိတစ်ဦးကပြောသည်။

အသေးစိတ် အချက်အလက်များကို ကောက်ယူနေဆဲဖြစ်ကြောင်းနှင့် အတည်ပြုချက်များရယူပြီးသောအခါ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အရာရှိများကပြောသည်။

မြေပြိုရာဒေသနှင့် ရုတ်တရက် ရေလွှမ်းမိုးရာဒေသတို့တွင် လူ ၁၀ ဦး ပျောက်ဆုံးနေကြောင်း ဒေသန္တရမီဒီယာတို့က ပြောသည်။ သည်းထန်သော မိုးများက ကေရာလဒေသ၏မြောက်ပိုင်းတွင်ရွာသွန်းခဲ့ပြီး မြေပြိုခြင်းနှင့် နေအိမ်ပျက်စီးမှုများဖြစ်ပွားခဲ့သည်။ မိုးကြောင့်ထိခိုက်ခံရသည့် ဒေသများတွင် မာလာပူရမ်၊ ဝါယာနတ်၊ ကန်နူရာ၊ ကော့တာယမ်နှင့် အလာပူဇာတို့ပါဝင်သည်။ မိုးဒဏ်ခံရသောခရိုင်များတွင် ကြိုတင်ကာကွယ်မှုအဖြစ် ကျောင်းများကိုပိတ်ထားသည်။

ပြည်နယ်အတွင်းသို့ အနောက်တောင်မုတ်သုံမိုးသည် မေ ၂၉ ရက်မှ စတင်ဝင်ရောက်ခဲ့သည်။ ထိုနေ့မှစ၍ သေဆုံးသူအရေအတွက်မှာ ၂၄ ဦးအထိ ရှိခဲ့သည်။ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် ဆက်နွယ်နေသော ဒေသန္တရအစိုးရအရာရှိများသည် ကိုဇီကိုဒဲတွင် ဖြစ်ပေါ်နေသော အခြေအနေကို ကိုင်တွယ်ဖြေရှင်းရန် အိန္ဒိယအမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့မှ အကူအညီများကို ထပ်မံတောင်းခံထားသည်။

မိုးဒဏ်ခံရသော ခရိုင်များတွင် နေထိုင်ကြသောပြည်သူများအတွက် အာဏာပိုင်တို့က ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည်။ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အဆက်မပြတ်ဆောင်ရွက်နေရကြောင်း အရာရှိများကပြောသည်။ **စံမီအောင်**

# အပူပိုင်းလေဖိအားနည်းရပ်ဝန်း ဖိလစ်ပိုင်နိုင်ငံ အနောက်မြောက်ပိုင်းဒေသသို့စတင်ဝင်ရောက်မည်

ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသစောင့်ကြည့်ရေး အေဂျင်စီဖြစ်သော PAGASA သည် ဖိလစ်ပိုင်နိုင်ငံလေဖိအားနည်းရပ်ဝန်းဒေသဖြစ်သည့် အနောက်မြောက်ပိုင်းဒေသသို့ ဝင်ရောက်လာတော့မည့် အပူပိုင်း လေဖိအားနည်းရပ်ဝန်းကို စောင့်ကြည့်လျက်ရှိကြောင်း rappler.com သတင်းတွင် ဇွန် ၁၄ ရက်ကဖော်ပြသည်။

အပူပိုင်းလေဖိအားနည်းရပ်ဝန်းသည် ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ဇွန် ၁၄ ရက်ညနေပိုင်းသို့မဟုတ် ၁၅ ရက်နံနက်ပိုင်းတွင် ဝင်ရောက်လာနိုင်ကြောင်း မိုးလေဝသစောင့်ကြည့်ရေးအေဂျင်စီ မှ ကျွမ်းကျင်ပညာရှင် အိုဘက်ဘာဒရီနာက ပြောသည်။ ယခုအပူပိုင်းမုန်တိုင်းကို ဒေသခံတို့က အီစတာ (Easter) ဟု အမည်ပေးထားပြီး ၂၀၁၈ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ပဉ္စမအကြိမ်မြောက်ဝင်ရောက်မည့် အပူပိုင်းမုန်တိုင်းဖြစ်သည်။

ယခုအခါ အပူပိုင်းလေဖိအားနည်းရပ်ဝန်းသည် ဘာတိန်းပြည်နယ်ကက်စကိုဒေသ၏ အနောက် အနောက်မြောက် ၃၃၅ ကီလိုမီတာအကွာသို့ ရောက်ရှိနေပြီး ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသစောင့်ကြည့်လေ့လာရေး အေဂျင်စီတည်ရှိရာ အရှေ့၊ အရှေ့မြောက်ပိုင်းဒေသသို့ တစ်နာရီ ၁၅ ကီလိုမီတာနှုန်းဖြင့် ချဉ်းကပ်လျက်ရှိသည်။ မိုးလေဝသစောင့်ကြည့်ရေး ဌာနအနီးသို့ ရောက်ရှိချိန်တွင် လေတိုက်ခတ်နှုန်းမှာ အမြင့်ဆုံးတစ်နာရီ ၅၅ ကီလိုမီတာနှုန်းရှိပြီး လေတိုက်ခတ်နှုန်းပြင်းထန်လာပါက တစ်နာရီကို ၆၅ ကီလိုမီတာနှုန်းရှိနိုင်သည်။

အပူပိုင်းမုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည့်လက္ခဏာမတွေ့ရသော်လည်း အနောက်တောင်မုတ်သုံလေကိုပိုမိုအားကောင်းလာစေပြီး ယခုရက်သတ္တပတ်ကုန်အထိ မိုးရွာသွန်းစေမည်ဟု ခန့်မှန်းထားသည်။ အနောက်တောင်မုတ်သုံလေကြောင့် မက်ထရိုမနီလာ၊ အီလိုကော့ကော်ဒီလာရာ အုပ်ချုပ်ရေးဒေသ၊ ဘာဘူယန်ကျွန်းစု၊ တာလက်၊ ပမ်ပန်ဂါ၊ ဘူလာကန်၊ ကာဗိုက်စသည့်ဒေသတို့တွင် မိုးအသင့်အတင့်မှ မိုးသည်းထန်စွာရွာသွန်းမည်ဟုခန့်မှန်းထားသည်။

ဤဒေသတွင် နေထိုင်သူများအား ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုအန္တရာယ်များအတွက် သတိပေးချက်ထုတ်ပြန်ထားသည်။

**စံမီအောင်**

# သထုံခရိုင်အတွင်း စားသုံးသူအသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် စိုက်ပျိုးရေးသုံး ဓာတုဆေးသုံးစွဲမှုအခြေအနေ မေးမြန်းခြင်းများ ဆောင်ရွက်

မွန်ပြည်နယ် သထုံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲအား ဇွန် ၇ ရက်တွင် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာနခရိုင်ဦးစီးမှူးက အဖွင့်အမှာစကား ပြောကြားပြီးနောက် ဒုတိယဦးစီးမှူး ဦးအောင်ကျော်မင်းက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာသိ ကောင်းစရာများခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပေါင်မြို့နယ်တာဝန်ခံ ဦးအောင်မျိုးဦးက ဘေးဥပဒ်အန္တရာယ်ရှိသော အစားအသောက်နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်သူဇာအောင်က ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ရရှိစေရန်အတွက် စာများများဖတ်ကြရန် စာဖတ်ရှိန်မြှင့်တင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါသည်။



ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗဟုသုတစာအုပ်များ၊ ဂျာနယ်များ၊ စာစောင်များ ဖြန့်ဝေပေးခဲ့ကာ ပညာပေး ပိုစတာများ၊ ဆုရခါတ်ပုံပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများသည် ဟောပြောပွဲ တက်ရောက်လာသူများမှ လယ်ယာထွက်ကုန်စိုက်ပျိုးရေး တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးသုံးဓာတုဆေးသုံးစွဲမှုအခြေအနေများအား စာရင်းကောက်ယူမေးမြန်းခဲ့ကြောင်း သတင်းရရှိပါသည်။ **အောင်ကျော် (သထုံ)**

# မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးမှ မကွေးမြို့ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်းရှိ သင်တန်းသားများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းပို့ချ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပျက် အသိပညာပေးလျက်ရှိရာ ဇွန် ၅ ရက်တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေး သင်တန်းကျောင်း (မကွေး)သို့ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် ဝန်ထမ်းလေးဦးတို့က သင်ခန်းစာများ ပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းတွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံနှင့် ဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ပေါ်ပေါက်လာပုံ၊ စာသုံးသူတို့၏ အခွင့်အရေး (၈)ချက်၊ ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းထားသော စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းနှင့် ဥပဒေပါ အချက်အလက်များ၊ ဥပဒေအရ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိကြောင်း၊ ထိုကော်မတီအောက်တွင် တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် စားသုံးသူများ ကုန်စည်၊ ဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များတွင် နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် CICC ရုံးများကို တိုင်း/ခရိုင်များတွင် ဖွဲ့စည်းထားရှိရာ ၄၈ ခုရှိပြီဖြစ်ကြောင်း၊ တိုင်ကြားမှုတိုင်းကိုလည်း အောင်မြင်အောင် ဖြေရှင်းနိုင်ခဲ့ပါကြောင်း၊ သကြ်န်ကာလ ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဖြေရှင်းနိုင်ခဲ့မှုအခြေအနေများ၊ တောင်တွင်းကြီးမြို့ မဟာထူးချွန် ကိုယ်ပိုင် အထက်တန်းကျောင်းသို့ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အသိပညာပေးနိုင်ခဲ့မှု အခြေအနေများ၊ 4TV ရုပ်သံလိုင်း ရုတ်တရက် ရပ်ဆိုင်းခဲ့မှုအပေါ် စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုများအား Forver Group နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၌ တွေ့ဆုံဆွေးနွေးမှုအရ စက်အသစ်များလဲလှယ်ပေးနိုင်ခဲ့မှု အခြေအနေများနှင့်ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် လျှော်ဖြူအသင်းအဖွဲ့၊ ငှက်ပျောစိုက်ပျိုး ထုတ်လုပ်တင်ပို့သူများအသင်း၊ သိုး၊ ဆိတ်မွေးမြူရေးအသင်းအဖွဲ့မှ တစ်ဆင့် မွေးမြူရေးဇုန်ထိ တိုးတက်အောင် ဖွဲ့စည်းနိုင်ရေးဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသော စစ်မှုထမ်းဟောင်း သင်တန်းသားများမှ သိလိုသမျှမေးမြန်းမှုများကို ပြန်လည်ဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လက်ကမ်းစာစောင်များ၊ ဝန်ဆောင်မှုဆိုင်ရာ လက်ကမ်းစာစောင်များကို ဝေငှခဲ့ပါသည်။ အဆိုပါသင်တန်းကျောင်းသို့ သင်တန်းသားစုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# ဒူဘိုင်းနိုင်ငံတွင် စားသုံးသူတိုင်ကြားမှုများကို ဖြေရှင်းပေးနိုင်မည့် New Smart Service စတင်ဆောင်ရွက်

ဒူဘိုင်းနိုင်ငံတွင် စားသုံးသူတိုင်ကြားမှုများကို ဖြေရှင်းပေးနိုင်ရန် New Smart Service ကို စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနလက်အောက်ရှိ The Commercial Compliance & Consumer Protection (CCCP) သည် New Smart Service ကို အင်္ဂလိပ်နှင့် အာရပ်ဘာသာစကား (၂) မျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းအရ စားသုံးသူများမှ တိုင်ကြားမှုများကို နားလည်သိရှိနိုင်ရန် တိုက်ရိုက် ဆွေးနွေးစေခြင်း၊ စုစည်းထားသောသတင်းအချက်အလက်များကို ဖြန့်ဖြူးပေးခြင်း၊ ကိန်းဂဏန်း သတင်းအချက်အလက်များကို ဆန်းစစ်လေ့လာခြင်းနှင့် ဥပဒေ၊ မူဝါဒများအပေါ် အခြေခံ၍ စားသုံးသူတိုင်ကြားမှုများကို လျင်မြန်စွာဖြေရှင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဝန်ဆောင်မှုလုပ်ငန်းအရ စားသုံးသူများသည် Android နှင့် iOS မိုဘိုင်းလ်ဖုန်းများမှ တစ်ဆင့်ဖြစ်စေ၊ ဒူဘိုင်းစားသုံးသူကာကွယ်ရေး Website ဖြစ်သော (www.consumerrights. ae) မှတစ်ဆင့်ဖြစ်စေ ဒူဘိုင်းစားသုံးသူ Application ကို Download ရယူနိုင်မည်ဖြစ်ပါသည်။ CCCP ၏ Chief Executive Officer ဖြစ်သူ Mr. Mohammed Ali Rashid Lootah က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနအနေဖြင့် စားသုံးသူတိုင်ကြားမှုများကို Artificial Intelligence အပေါ် အခြေခံ၍ ဖြေရှင်းပေးနိုင်သော ဝန်ဆောင်မှုပေးအပ်သည့် ပထမဆုံးသောအစိုးရအဖွဲ့အစည်းဖြစ်သဖြင့် ဂုဏ်ယူမိကြောင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းသစ်အရ ပြည်တွင်းဈေးကွက်တွင် စားသုံးသူများ၏ယုံကြည်မှုကို တိုးတက်စေပြီး စားသုံးသူများ၏အငြင်းပွားမှုများကို လျင်မြန်ထိရောက်စွာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

New Smart Service သည် စားသုံးသူတိုင်ကြားမှုကို လက်ခံပြီးနောက် အချိန်အနည်းငယ်အတွင်း သတင်းအချက်အလက်များကို စုစည်းနိုင်ရန် မေးခွန်းများကို မေးမြန်းမည်ဖြစ်ပြီး စားသုံးသူသည် CCCP မှ တိုင်ကြားမှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဖော်ပြထားသည့် စာကို လက်ခံရရှိမည်ဖြစ်ပြီး လက်လီရောင်းချသူမှာလည်း CCCP မှ ၎င်းထံသို့ အမှုကိစ္စကိုဖြေရှင်းရန် ပေးပို့ထားသည့် ညွှန်ကြားချက်ကို လက်ခံရရှိမည်ဖြစ်သည်။ စားသုံးသူသည် စာအားသက်ဆိုင်ရာလက်လီရောင်းချသူသို့ ပြသနိုင်မည်ဖြစ်သည်။ Mr. Lootah မှ ပြောကြားရာတွင် ကုမ္ပဏီ သို့မဟုတ် ကုန်သည်သည် စာလက်ခံရရှိပြီးနောက် ၇ ရက်အတွင်း လိုအပ်သောအရေးယူ ဆောင်ရွက်မှုကို လုပ်ဆောင်ပေးရမည်ဖြစ်ပြီး ကုန်သည်မှ လိုက်နာဆောင်ရွက်ခြင်းမရှိပါက စားသုံးသူသည် Smart Service သို့ တူညီသောအချက်အလက်များကို အသိပေးထုတ်ပြန်ကြေညာမည်ဖြစ်ကာ CCCP သည် ကုန်သည်အား ဒဏ်ငွေချမှတ်ခြင်းအပါအဝင် လိုအပ်သောအရေးယူဆောင်ရွက်မှုကို လုပ်ဆောင်မည်ဖြစ်သည်။ Smart Service ၏ရည်ရွယ်ချက်မှာ ကုန်သည်နှင့် စားသုံးသူအကြား ဆက်ဆံရေးကို ထိန်းညှိပေးရန်၊ စားသုံးသူများနှင့် ဆက်သွယ်ဆောင်ရွက်မှုကို တိုးတက်စေရန်၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များကို အလေးဂရုပြုမှုတိုးတက်စေရန်နှင့် သင့်လျော်ကောင်းမွန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်တို့ဖြစ်ကြောင်းလည်း စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဦးစီးဌာန၊ စားသုံးသူကာကွယ်ရေးဌာနခွဲ၏ ညွှန်ကြားရေးမှူး Mr.Ahmed Al Zaabi က ပြောကြားခဲ့ပါသည်။ **မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ (နေပြည်တော်)**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၂)တွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့(၂၈)ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၈ ရက်က ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဧရာဝတီ တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဌေးဝင်း၊ ဒု ဥက္ကဋ္ဌ ဦးကြည်အောင်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူထွေး၊ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်၊ ဒုတိယတိုင်းဦးစီးမှူးနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ စားသုံးသူ ကိုယ်စားလှယ်၊ စီးပွားရေး လုပ်ငန်းရှင် ကိုယ်စားလှယ်၊ ဥပဒေပညာရှင် ဖိတ်ကြားထားသော ဌာနများမှ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဌေးဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က (၂၇) ကြိမ်မြောက် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ သိရှိနိုင်ရန်နှင့် မှတ်တမ်းတင်ရန် (၂၈) ကြိမ်မြောက် အစည်းအဝေးတွင် ဗဟိုကော်မတီသို့ တင်ပြရန် (၁၀) ချက်၊ အတည်ပြုရန် (၆) ချက်၊ ဆွေးနွေးမည့်အချက်များနှင့် ဆုံးဖြတ်ရန်အချက်များအား ရှင်းလင်းပြီး တက်ရောက်လာသူများကလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး (ပုသိမ်)**

# ရှမ်းပြည်နယ် လွိုင်လင်ခရိုင်တွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ မှန်ကန်စွာသုံးစွဲတတ်ရေးပညာပေး

ရှမ်းပြည်နယ် လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်မြို့၊ ပင်လုံမြို့၊ နမ့်စန်မြို့များတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးများ မှန်ကန်စွာ သုံးစွဲတတ်ရေး အအုံပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို မေ ၂၉ ရက်နှင့် ၃၀ ရက်က ပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါ အသိပညာပေးဟောပြောဆွေးနွေးမှု သင်တန်းကို ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလဲ့နှင့်စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင် ဦးဆောင်ပါဝင်သော အဖွဲ့ဝင် ၆ ဦးတို့မှ လွိုင်လင်မြို့ မြို့လယ်ဓမ္မာရုံတွင် တက်ရောက်သူ ၇၇ ဦးအား လည်းကောင်း၊ ပင်လုံမြို့ ဝမ်လုံကျေးရွာတွင် တက်ရောက်သူ ၅၂ ဦးအား လည်းကောင်း၊ နမ့်စန်မြို့ စိုက်ပျိုးရေးခန်းမတွင် တက်ရောက်သူ ၆၂ ဦးအားလည်းကောင်း၊ စုစုပေါင်း ၁၉၁ ဦးကို အသိ



ပညာပေး ဟောပြောဆွေးနွေးခဲ့ကြပါတယ်။ ထို့ပြင် တက်ရောက်လာသူများမှ သိရှိလိုသည်များကိုလည်း ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့်ပေါင်းသတ်ဆေးများ မှန်ကန်စွာ သုံးစွဲတတ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။ **စောမောင် (တောင်ကြီး)**

# တောင်သူများနှင့် သီးနှံသိုလှောင်ရောင်းချသူများအား ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ မှိုသတ်ဆေးများ မှန်ကန်စွာ သုံးစွဲတတ်စေရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းစိုးနှင့် ဝန်ထမ်းများသည် ကျိုင်းတုံခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ သီးနှံသိုလှောင် ရောင်းချသူနှင့် စားသုံးသူ (သုံးစွဲသူ)များ၊ ရပ်မိရပ်ဖ အင်အား ၂၀၀ ခန့်အား ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ မှိုသတ်ဆေးများ စနစ်တကျ မှန်ကန်စွာ သုံးစွဲတတ်စေရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့်ဆက်စပ် ဥပဒေများ အကြောင်း အသိပညာပေး လုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများဖြင့် ပူးပေါင်း၍ ဇွန် ၈ ရက်က အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါသည်။

အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၈ ရက်တွင် ကျိုင်းတုံမြို့ ရပ်ကွက်(၁) အခါဗုဒ္ဓကျောင်းတွင် ဆောင်ရွက်ခဲ့ကြရာ ခရိုင်ဦးစီးမှူး (ဦးစီးအရာရှိ)က စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ စားသုံးမှုအပိုင်းတွင်သာမက သီးနှံဓာတုဆေးများ ဝယ်ယူသုံးစွဲမှု အပိုင်းတွင်လည်း မှန်ကန်စွာ ရွေးချယ်အသုံးပြုတတ်စေရန် စိစစ်ဆောင်ရွက်ရမည့်အချက်များ၊ ရောင်းချဖြန့်ဖြူးသူများမှ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ စိတ်ကျေနပ်မှု မရှိပါက တိုင်ကြားနိုင်ပြီး ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနိုင်မည့်အချက်များ၊ အရည်အသွေးကောင်း သီးနှံများအား ပြည်သူလူထုမှ ဝယ်ယူစားသုံးကြခြင်းဖြင့် အစားအစာမှတစ်ဆင့် ဖြစ်ပွားတတ်သော ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ပေးနိုင်မည့် ကိစ္စများကို ရှင်းလင်းဆွေးနွေးကာ အငယ်တန်းစာရေး ဒေါ်မိုးသက်ကျော်က ပိုးသတ်ဆေးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးခဲ့သည်။

ဆက်လက်၍ သက်ဆိုင်ရာဌာနများမှလည်း ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပူးပေါင်း အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

**လှစိုး (ကျိုင်းတုံ)**

# မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၃/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၃/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုဇွန် ၇ ရက်က မွန်ပြည် နယ်စားသုံးသူရေးရာဦးစီးဌာနပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် မော်လမြိုင်ခရိုင်အတွင်းရှိ လုပ်ငန်းဆောင်ရွက်ချက်များတွင် အားသာချက်၊ အားနည်းချက်များကို တွေ့ရှိရကြောင်း၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် အကြံဉာဏ်များပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်နွဲ့မူဆွေဦးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း မော်လမြိုင်ခရိုင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်နှင့် လျာထားချက်အပေါ် ဆောင်ရွက်ပြီးစီး မှု၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ယခုအစည်းအဝေးတွင် ဆုံးဖြတ်ရမည့် အချက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများမှ CICC သို့ တိုင်ကြားလာသည့် သက်ဆိုင်ရာထောက်ခံချက်များမရရှိဘဲ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသောသောက်ရေသန့်ကိစ္စအား ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

အစည်းအဝေးသို့ မော်လမြိုင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်၊ အတွင်းရေးမှူး၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များစုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မိုးမိုး(မွန်)**



# လားရှိုးမြို့တွင် ကျောင်းမုန့်ဈေးသည်များအား အစားအသောက်နှင့် ပတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိ

ရှမ်းပြည်နယ် (မြောက်ပိုင်း) စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူး ဦးဇော်မင်းသန်းနှင့် အဖွဲ့သည် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ ထွန်းလှဖြူ၊ ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာနီနီထွန်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒေါ်ဟန်နီချို၊ ဒေါ်ခိုင်စန္ဒာ၊ ပညာရေးဌာနမှ ဆရာ/ဆရာမများ၊ သတင်းမီဒီယာများတို့နှင့် ပူးပေါင်း၍ ဇွန် ၉ ရက်တွင် လားရှိုးမြို့ အထက(၆)ရှိ ကျောင်းခန်းမတွင် လားရှိုးမြို့ပေါ်ရှိ စာသင်ကျောင်း ၁၉၀ ကျောင်းများမှ ကျောင်းမုန့်ဈေးရောင်းချသူ ၂၇၇ ဦးတို့အား ကျောင်းမုန့်ဈေးသည်များ လိုက်နာရမည့် စည်းကမ်းချက်များ၊ ရောင်းချခြင်း မပြုရမည့် အစားအသောက်/မုန့်တို့နှင့် ပတ်သက်၍ အသီးသီး အသိပညာပေး ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။ ထိုသို့ ဆွေးနွေးရာတွင် ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက ကျောင်းမုန့်ဈေး ရောင်းသည့်အခါ ကျန်းမာရေးနှင့် ညီညွတ်မည့် မုန့်များသာ ရောင်းချရန်၊ ကျောင်းမုန့် ဈေးတန်းများတွင်ရောင်းချနေသည့် အစားအစာများအား တစ်ခါသုံး လက်အိတ်များ အသုံးပြုရန်၊ ပိုးမွှားများမဝင်အောင် အဖုံးအကာများဖြင့် ကာကွယ်ထားရှိရန်၊ အာမခံချက်မရှိသည့် တစ်ဖက်နိုင်ငံမှ အသင့်ထုပ်ပိုးထားသော အစားအစာများ မရောင်းချရန်နှင့်ကျောင်းသူကျောင်းသားများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် အစားအစာများ၊ ကျန်းမာရေး ထောက်ခံချက်မရှိသည့် မုန့်များ၊ ထုတ်လုပ်ရက်/ ကုန်ဆုံးရက် မပါဝင်သည့် အစားအစာများ၊ ရက်လွန်/ မှိုတက်နေသည့် အစားအစာများ မရောင်းချရန်နှင့် စည်းကမ်း လိုက်နာမှု ရှိ/မရှိ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချနေမှုများအား အပတ်စဉ် ရှောင်တခင် စစ်ဆေးသွားမည်ဖြစ်ကြောင်းတို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

# ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ တောင်ဥက္ကလာပမြို့နယ် ပဒေသာဈေးနှင့် မြင်သာဈေးများတွင် အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်

ရန်ကုန် အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် ဇွန် ၁၃ ရက်နှင့် ၁၄ ရက်များတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာဈေးနှင့် မြင်သာဈေးများတွင် အသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြေင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဟောပြောပွဲများတွင် အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နွယ်ဇင်ဝင်းနှင့် ဒုတိယ ကြီးကြပ်ရေးမှူး ဦးမောင်မောင်သောင်းတို့က စားသုံးသူရေးရာဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းတာဝန်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက် လာပုံ၊ စားသုံးသူများ၏ အကျိုးစီးပွားကိုပိုမိုကာကွယ်ပေးနိုင်ရန်အတွက် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း) အသစ်ကိုလည်း ပြည်သူသို့ချပြပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်အဆင့်ဆင့်သို့ တင်ပြထားပြီး ဖြစ်ကြောင်း၊ ဆေးဝါးများ ဝယ်ယူသုံးစွဲရာတွင်လည်း ဂရုပြု သုံးစွဲစေလိုကြောင်း၊ Social Media များမှ ရောင်းချနေသော ကုန်ပစ္စည်းများ၏ လုံခြုံစိတ်ချရမှု အားနည်းခြင်း၊ Multi Level Marketing ဆင့်ပွား ကွန်ရက် ချိတ်ဆက်စီးပွားရေးစနစ်အပေါ် စားသုံးသူပြည်သူများ စဉ်းစားချင့်ချိန်၍ ရွေးချယ်သင့်ကြောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုရာတွင် စားသုံးသူပြည်သူများ နစ်နာမှုရှိခဲ့လျှင် တိုင်ကြားနိုင်သည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး ဌာန( CICC) ရုံးခန်း ဖွင့်လှစ်ထားရှိမှု အခြေအနေ၊ တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ တိုင်ကြားရာတွင် လိုအပ်သော အထောက်အထားများကို ဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဈေးဌာနတာဝန်ရှိသူများသည် ဈေးများအတွင်းရှိ ဈေးဆိုင်များအား ကျန်းမာရေးနှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တားမြစ်ပိတ်ပင်ထားသော စားသောက်ကုန်များ၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းများနှင့် ဆိုးဆေးပါဝင်သော၊ သက်တမ်းကုန်လွန်သော အစားအသောက်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။ **လှိုင်ထွဋ်**




## နေမာကို ပြန်လည်ခေါ်ယူရန် ဘာစီလိုနာအသင်း ဆက်သွယ်မှုများပြုလုပ်

ဘာစီလိုနာအသင်းသည် ၎င်းတို့၏ ကစားသမားဟောင်း နေမာကိုပြန်လည်ခေါ်ယူနိုင်ရေးအတွက် ဆက်သွယ်ကမ်းလှမ်းမှုပြုလုပ်လာကြောင်း ပီအက်စ်ဂျီအသင်းဘက်မှ ထုတ်ဖော်ပြောကြားလာခဲ့သည်။

နေမာသည် ပြီးခဲ့သည့်ရာသီအပြောင်းအရွှေ့ကာလက ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပေါင် ၁၉၈ သန်းဖြင့် ပြောင်းရွှေ့သွားသူဖြစ်ပြီး ယခုတစ်နှစ်အကြာတွင် ဘာစီလိုနာအသင်းက ပြန်လည်ခေါ်ယူရန် ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နေမာကို ဘာစီလိုနာအသင်း၏ အဓိကပြိုင်ဘက် ရီးရဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူနိုင်ရေးအတွက် အပြင်းအထန်ကြိုးပမ်းမှုများရှိနေချိန်တွင် ဘာစီလိုနာအသင်း၏ အဆိုပါကစားသမားအား ဆက်သွယ်မှုသတင်းက ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

နေမာသည် ဘရာဇီးအသင်းအတွက် အရေးပါသည့် တိုက်စစ်မှူးတစ်ဦးဖြစ်သလို ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုရရန် ရေပန်းစားနေသူဖြစ်သည်။ နေမာသည် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့စက အသင်းရှိတိုက်စစ်မှူး ကာဗာနီနှင့် အဆင်မပြေမှုများရှိခဲ့သော်လည်း နောက်ပိုင်းတွင် ကာဗာနီ၏ သဘောထားပျော့ပြောင်းမှုနှင့်အတူ နှစ်ဦးနှစ်ဖက်အဆင်ပြေမှုများ ရှိလာခဲ့သည်။

နေမာသည် ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ခြင်းဖြင့် ရောက်ရှိခဲ့သူတစ်ဦးဖြစ်ပြီး ပြိုင်ပွဲများတွင် အသင်းမှရရှိသည့် အလွတ်တည်ကန်ဘောများနှင့် ပင်နယ်တီကန်ခွင့်တို့ကို ရယူလိုခဲ့ရာမှ ကာဗာနီနှင့် အချင်းများပြီး အဆင်မပြေမှုများ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ယင်းအချိန်မှ နေမာသည် ပီအက်စ်ဂျီအသင်းတွင် ပျော်ရွှင်မှုမရှိဟု ပြောဆိုမှုများရှိလာခဲ့သော်လည်း နောက်ပိုင်းတွင် ပီအက်စ်ဂျီအသင်းမှာသာ ပျော်ရွှင်လျက်ရှိကြောင်း ပြန်လည်ပြောဆိုခဲ့သည်။

လက်ရှိအချိန်တွင် နေမာသည် ဘရာဇီးအသင်းနှင့်အတူ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ကစားလျက်ရှိပြီး ၎င်း၏အနာဂတ်ကို ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

## ဘောလုံးလောက သတင်းတိုများ

**- ရီးရဲလ်မက်ဒရစ်အသင်းသည် ရိုးမားဂိုးသမား အလက်စ်ဆင်ကို ယူရို သန်း ၅၀ ဖြင့်ခေါ်ယူရန် အလွတ်သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။**

- ချဲလ်ဆီးအသင်းသည် အသင်းမှ နည်းပြ ကွန်တီထွက်ခွာသွားပါက ပြန်လည်အစားထိုးရန်အတွက် ဝါရင့်နည်းပြတစ်ဦးဖြစ်သူ ဆာရီကို ဆက်သွယ်ကမ်းလှမ်းမှုများ ပြုလုပ်ထားကြောင်း သိရသည်။

**- ဒေါ့မွန် ကွင်းလယ်ကစားသမား ဂေါ့တ်ဇီက အင်္ဂလန်ပရီးမီးယားလိဂ်တွင် ကစားလိုကြောင်း ထုတ်ဖော်ပြောကြားလာခဲ့သည်။ ၎င်းကို အင်္ဂလန်ပရီးမီးယားလိဂ်အသင်းများဖြစ်သည့် အာဆင်နယ်၊ အဲဗာတန်၊ ဝက်စ်ဟမ်း၊ လက်စတာနှင့် နယူးကာဆယ်အသင်းတို့ ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။**

## အက်သလက်တီကိုတွင်သာ ဆက်နေရန် ဂရက်ဇ်မန်း ဆုံးဖြတ်

အက်သလက်တီကို တိုက်စစ်မှူး ဂရက်ဇ်မန်းသည် လာမည့်ရာသီတွင် အသင်းပြောင်းတော့မည် မဟုတ်ဘဲ အက်သလက်တီကိုအသင်းတွင်သာ ဆက်လက်ကစားသွားရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။


ဂရက်ဇ်မန်းသည် အသင်းပြောင်းရွှေ့ရန် ရေပန်းအစားဆုံး တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ၎င်းကိုခေါ်ယူရန် ဘာစီလိုနာအသင်းက ကြိုးပမ်းလျက်ရှိသည်။ သို့သော် ပြင်သစ်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲမကစားမီပင် ဂရက်ဇ်မန်းက အသင်းပြောင်းရွှေ့ရန် အစီအစဉ်မရှိတော့ကြောင်း ထုတ်ဖော်ပြောကြားလာခြင်းဖြစ် သည်။

ဂရက်ဇ်မန်းသည် ယခုကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အဓိကစောင့်ကြည့်ရမည့် ကစားသမားထဲတွင် ပါဝင်နေသကဲ့သို့ ပြိုင်ပွဲတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားတစ်ဦးလည်း ဖြစ်လာနိုင်ကြောင်း သုံးသပ်ခန့်မှန်းမှုများရှိနေသည်။

'အက်သလက်တီကို ပရိသတ်ဟာ ကျွန်တော့်ပရိသတ်ပါ။ အက်သလက်တီကိုဟာ ကျွန်တော့်အသင်း၊ အက်သလက်တီကိုကွင်းဟာ ကျွန်တော့်အိမ်ပါ။ ဒီလိုနေရာမျိုးကိုစွန့်ခွာပြီး ကျွန်တော် ဘယ်အသင်းကိုမှ ပြောင်းရွှေ့မှာမဟုတ်ပါဘူး။ ဒီအသင်းမှာ ဒီပရိသတ်၊ ဒီကစားသမားတွေနဲ့ ကျွန်တော် ပျော်နေပါတယ်။ ကျွန်တော်နဲ့ပတ်သက်ပြီး အပြောင်းအရွှေ့သတင်းတွေ လှိုင်လှိုင်ပေါ်ထွက်ခဲ့တာ မှန်ပေမယ့် ခုတော့ ဒီအသင်းမှာပဲ ဆက်နေဖို့ ကျွန်တော် သေသေချာချာ ဆုံးဖြတ်လိုက်ပါပြီ။ ကျွန်တော် အသင်း မပြောင်းတော့ပါဘူး' ဟု ဂရက်ဇ်မန်းက ပြောကြားလိုက်သည်။




## ဒီစီယူနိုက်တက်သို့ ပြောင်းရွှေ့ရန် မဆုံးဖြတ်ရသေးဟု ရွန်းနီဆို



အင်္ဂလန်နိုင်ငံသား ရွန်းနီသည် အဲဗာတန်အသင်းမှ ထွက်ခွာပြီး မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်သို့ ပြောင်းရွှေ့ရန် စီစဉ်ထားသော်လည်း လက်ရှိအချိန်ထိ ဆုံးဖြတ်ချက်မချရသေးကြောင်း ထုတ်ဖော်ပြောကြားလာခဲ့သည်။

အသက် ၃၂ နှစ်ရှိပြီဖြစ်သည့် အဲဗာတန်အသင်းမှ ထွက်ခွာရန် သဘောတူထားပြီးဖြစ်သော်လည်း တခြားအသင်းများသို့ တရားဝင်ပြောင်းရွှေ့ခြင်းမရှိသေးဘဲ ဒီစီယူနိုက်တက်၏ ကမ်းလှမ်းမှုကို ခံနေရသူဖြစ်သည်။ ဒီစီယူနိုက်တက်အသင်းသည် ရာသီအကြိုခြေစမ်းပွဲများမတိုင်မီ ဇူလိုင် ၁၀ ရက်ထက်နောက်မကျဘဲ ရွန်းနီကို အပြီးသတ်ခေါ်ယူသွားရန် ညှိနှိုင်းမှုများ ပြုလုပ်နေခြင်းဖြစ်သည်။ ရွန်းနီသည် ပြီးခဲ့သည့်ရာသီက ခြေစွမ်းကျဆင်းလာမှုနှင့်အတူ အသင်းကြီးများ၏ မျက်ကွယ်ပြုခြင်းကို ခံခဲ့ရသည့်အပြင် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်း၏ လူစာရင်းမှာလည်း ချန်လှပ်ခံထားရသူ ဖြစ်သည်။

ရွန်းနီအတွက် အကောင်းဆုံးကစားသမားဘဝ အချိန်ကာလများကို ကျော်လွန်လာခဲ့ပြီဖြစ်သည်နှင့်အညီ ကာယကံရှင်ကိုယ်တိုင်ကပင် အင်္ဂလန်ပရီးမီးယားလိဂ်ကို စွန့်ခွာပြီး အမေရိကန် မေဂျာလိဂ်ကလပ်များသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒပြင်းပြလျက်ရှိကြောင်းလည်း သိရသည်။

## ရိုဒရီဂိုကို ယူရို ၄၅ သန်းဖြင့် ရီးရဲလ်ခေါ်ယူရန် သဘောတူ



ရီးရဲလ်မက်ဒရစ်အသင်းသည် ဘရာဇီးလူငယ်ကစားသမား ဆန်းတို့စ်ဝန်ဒါကစ်ရိုဒရီဂိုကို ယူရို ၄၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုများ ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ အသက် ၁၇ နှစ်သာရှိသေးသည့် ရိုဒရီဂိုကို မကြာမီရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်နိုင်တော့မည်ဖြစ်ကြောင်း အသင်းဘုတ်အဖွဲ့မှ ထုတ်ပြန်ထားသည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် ၎င်းကစားသမားကို ခေါ်ယူပြီးပါက စပိန်လာလီဂါတွင် ထည့်သွင်းအသုံးပြုသွားရန်မရှိသေးဘဲ အရန်အသင်းတွင်သာ ဦးစွာကစားစေမည်ဖြစ်ကြောင်း သိရသည်။

ရိုဒရီဂိုသည် ဘရာဇီး ယူ-၁၇ လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်ပြီး အနာဂတ်တွင် ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်အဖြစ်လည်း ထင်ရှားလျက်ရှိနေသည်။အေးဂျင့်ဖြစ်သူက ရိုဒရီဂိုမှာ ငယ်ရွယ်သေးသော်လည်း ရီးရဲလ်ကဲ့သို့ ထိပ်တန်းအသင်းကြီးတွင် ပါဝင်ကစားနိုင်သည့် ခြေစွမ်းမျိုးရှိနေခြင်းကြောင့် နှစ်အနည်းငယ်အတွင်းမှာပင် စပိန်လာလီဂါပြိုင်ပွဲတွင် ထိပ်တန်းကစားသမားတစ်ဦး ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

ရိုဒရီဂိုသည် ဘရာဇီး ယူ-၁၇အသင်းတွင် ၁၅ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် ၁၂ ဂိုးသွင်းပေးနိုင်ခဲ့သူဖြစ်သည်။ ၎င်းကစားသမားသည် ပြောင်းရွှေ့ကြေးနှင့် ထိုက်တန်သည့် ခြေစွမ်းမျိုးပိုင်ဆိုင်ထားသူဖြစ်ကြောင်းလည်း ၎င်း၏အေးဂျင့်က ပြောဆိုခဲ့သည်။




## ဖက်ရှင်ဒီဇိုင်နာ ဖြစ်ချင်ကြောင်း ဘယ်လာရင် ပြောကြား

အာဆင်နယ်အသင်းမှ ညာနောက်ခံကစားသမား ဘယ်လာရင်က မိမိအနေဖြင့် ဘောလုံးကစားသမားဘဝမှ အနားယူပါက ဖက်ရှင်ဒီဇိုင်နာ တစ်ဦးဖြစ်လိုကြောင်း ထုတ်ဖော်ပြောကြားလာသည်။

ဘယ်လာရင်က 'ကျွန်တော့်နာမည်နဲ့ ကုန်အမှတ်တံဆိပ်တစ်ခု ထုတ်ချင်နေပါတယ်။ အထူးသဖြင့် တီရှပ်လိုဟာမျိုးပေါ့။ ကျွန်တော် ဘောလုံးကစားသမားဘဝက အနားယူပြီးသွားရင်တော့ ဖက်ရှင်ဒီဇိုင်နာတစ်ယောက် ဖြစ်လာမယ်ထင်တာပဲ။ ဒါက ကျွန်တော့်ဝါသနာပါ။ ဒီဝါသနာကို အကောင်အထည်ဖော်ဖို့တော့ လိုပါသေးတယ်။ ဒါတွေက ကျွန်တော် ဘောလုံးမကစားတော့တဲ့အချိန်မှပါ'ဟု ပြောကြားသည်။

ဘယ်လာရင်က ဒီဇိုင်နာအလုပ်မှာ ၎င်း၏ ရေရှည်ဘဝရပ်တည်ရေးအတွက် ရည်မှန်းချက်ဖြစ်ကြောင်း၊ ဘဝတစ်လျှောက်လုံးကို ဒီဇိုင်နာဘဝဖြင့် ရပ်တည်သွားလိုကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

| ရွှေစင်ဦး |

**ယခင်တစ်ပတ်မှအဆက်**

အကျိုးခံစားရသည့် နိုင်ငံတစ်နိုင်ငံမှ အာဏာပိုင်များက မေတ္တာရပ်ခံပါကအကျိုးခံစားရသည့် နိုင်ငံတစ်နိုင်ငံနှင့် ဥရောပသမဂ္ဂနှင့် လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် တရားဝင်တည်ရှိနေသော နိုင်ငံတစ်နိုင်ငံအကြား ချဲ့ထွင်သော ပေါင်းစပ်တွက်ချက်မှုကို ကော်မရှင်က ခွင့်ပြုနိုင်သည်။ သို့သော် GSPROO ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် ချမှတ်ထားသည့် သတ်မှတ်ချက်တစ်ခုချင်းစီနှင့် ကိုက်ညီမှုရှိရမည် (အုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု)။ အာရှတိုက်တွင် EU နှင့် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက် တရားဝင်ပြုလုပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် နိုင်ငံအများအပြား (ဥပမာ- စင်ကာပူ၊ ဗီယက်နမ် ) ရှိသည်။ HS အခန်း ၁ မှ ၂၄ အတွင်း အကျုံးဝင်သော အရာဝတ္ထုပစ္စည်းများကို ချဲ့ထွင်ထားသည့် ပေါင်းစပ်တွက်ချက်မှုမှ ဖယ်ရှားထားသည့်အချက်ကို မှတ်သားထားရန် အရေးကြီးသည်။

**၃၊၇။ အခြားစည်းမျဉ်းစည်းကမ်းများ**

ပင်ရင်းနိုင်ငံဆိုင်ရာစည်းမျဉ်းများအား လုပ်ဆောင်ခြင်းနှင့်ဆက်စပ်သည့် နောက်ထပ်စည်းမျဉ်း စည်းကမ်း များစွာရှိသေးသည်။ ၎င်းစည်းမျဉ်းများသည် အထက်တွင်ဖော်ပြခဲ့သည့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအား ကျင့်သုံးမှုတွင်တားဆီး ကန့်သတ်မှုများကို ဖြစ်ပေါ်စေသည်။

**၃၊၇၊၁ အနိမ့်ဆုံးသော လုပ်ငန်းဆောင်ရွက်ခြင်းများ**
**(မလုံလောက်သော လုပ်ဆောင်ခြင်း သို့မဟုတ် ပြုပြင်ဆောင်ရွက်ခြင်း)**

စာရင်းထဲတွင် တွေ့ရှိရသည့် ပင်ရင်းဒေသဆိုင်ရာ စည်းမျဉ်းတစ်ခုကို ပြည့်မီစေကာမူ ကုန်ပစ္စည်း၏ ပင်ရင်းဒေသကိုသတ်မှတ်ပေးရန် အချို့သောလုပ်ငန်းဆောင်ရွက်မှုများကို ဖယ်ထုတ်ထားသည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများသည် ပင်ရင်းဒေသ ပေါင်းစုဖြစ်ပေါ်လာသည့် ဖြစ်ရပ်များ၌ ပင်ရင်းဒေသကို မပြောင်းလဲနိုင်ရန်လည်း တားဆီးထားသည်။ ယင်းကဲ့သို့ အနိမ့်ဆုံးသော လုပ်ငန်းဆောင်ရွက်မှုများမှာ-

(က) သယ်ယူပို့ဆောင်မှုနှင့် သိုလှောင်မှုအတွင်း ကုန်ပစ္စည်းများ အခြေအနေကောင်းမွန်စေရန် လုပ်ငန်းဆောင်ရွက်မှုများကို ထိန်းသိမ်းထားခြင်း
(ခ) အစုအတွဲများကို ခွဲခြမ်းစိတ်ပိုင်းခြင်းနှင့် ပြန်လည်တပ်ဆင်ခြင်း
(ဂ) ဖုန်များ၊ သံချေးများ၊ ဆီများ၊ ဆေးများနှင့် အခြားဖုံးအုပ်နေသည်များကို ဆေးကြော၊ သန့်စင်၊ ဖယ်ရှားခြင်း
(ဃ) အထည်အလိပ်များနှင့် အထည်အလိပ်ဆိုင်ရာ ပစ္စည်းများကို မီးပူတိုက်ခြင်း သို့မဟုတ် ဖိခြင်း
(င) သာမန်ဆေးသုတ်ခြင်းနှင့် အရောင်တင်ခြင်းလုပ်ငန်းများ
(စ) ဆန်ကိုတစ်စိတ်တစ်ပိုင်း သို့မဟုတ် အလုံးစုံ ကြိတ်ခွဲခြင်း၊ ဆန်နှင့်အနှံများကို အရောင်တင်ခြင်း
(ဆ) သကြားကိုအရောင်တင်ရန် သို့မဟုတ် အရသာထည့်သွင်းရန် သို့မဟုတ် သကြားခဲများပြုလုပ်ရန် ဆောင်ရွက်ခြင်း၊ သကြားပွင့်အကြည်များရရှိရန်ဆောင်ရွက်ခြင်း
(ဇ) သစ်သီးများ၊ အခွံမာသီးများနှင့် ဟင်းသီးဟင်းရွက်များကို အခွံနွှာခြင်း၊ အစေ့ထုတ်ခြင်းနှင့် အခွံဖယ်ရှားခြင်း
(ဈ) သွေးခြင်း၊ ထက်အောင်ပြုလုပ်ခြင်း၊ ဖြတ်တောက်ခြင်း
(ည) ဆန်ခါချခြင်း၊ ခွဲခြားခြင်း၊ ရွေးချယ်ခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ အဆင့်သတ်မှတ်ခြင်း၊ တွဲဖက်ခြင်း (အစုံများတွဲခြင်းအပါအဝင်)
(ဋ) ပုလင်းသွပ်ခြင်း၊ ဗူးသွပ်ခြင်း၊ ခွက်ဖူးများ၊ အိတ်များ၊ ပုံးများတွင်ထည့်သွင်းခြင်း၊ ကတ်များ၊ ဘုတ်ပြားများတွင် ချိတ်တွဲခြင်းနှင့် အခြားရိုးရှင်းသည့် ထုပ်ပိုးခြင်းဆိုင်ရာလုပ်ငန်းများ
(ဌ) အမှတ်အသားများ၊ စာတမ်းများ၊ တံဆိပ်များနှင့် အခြားသိသာထင်ရှားစေသည့် လက္ခဏာများကို ကုန်ပစ္စည်းပေါ်တွင်ဖြစ်စေ၊ ထုပ်ပိုးပစ္စည်းပေါ်၌ဖြစ်စေ တပ်ဆင်ခြင်း
(ဍ) ကုန်ပစ္စည်းများအားအမျိုးတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ရောနှောခြင်း၊ သကြားနှင့် ရောနှောခြင်း
(ဎ) ပြီးပြည့်စုံသည့် ကုန်ပစ္စည်းတစ်ခု ဖြစ်လာစေရန် အစိတ်အပိုင်းများကို တပ်ဆင်ခြင်း၊ သို့မဟုတ် ကုန်ပစ္စည်းကို အစိတ်အပိုင်းများအဖြစ် တစ်စစီဖြုတ်ခြင်း
(ဏ) (က)မှ(ဎ)အထိအတွင်း ဖော်ပြထားသည့် အဆင့်များကို နှစ်ခုနှင့်အထက် ပေါင်းစပ်ဆောင်ရွက်ခြင်း
(တ) ရေရောခြင်း၊ ကျဲသွားစေရန်၊ အားပျော့သွားစေရန် ဆောင်ရွက်ခြင်း
(ထ) ပြီးပြည့်စုံသည့် ကုန်ပစ္စည်းရရှိစေရန် အစိတ်အပိုင်းများကို တပ်ဆင်ခြင်း သို့မဟုတ် ကုန်ပစ္စည်းကို အစိတ်အပိုင်းများအဖြစ် ဖြုတ်ပစ်ခြင်း
(ဒ) (က)မှ(ဎ)အထိ ဖော်ပြခဲ့သည့် လုပ်ငန်းများအနက် နှစ်ခုနှင့်အထက်ကို ပေါင်းစည်းဆောင်ရွက်ခြင်း
(ဓ) တိရစ္ဆာန်များအား သားထိုးခြင်း

(ကိုးကား။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

---

# စင်ကာပူနိုင်ငံသို့ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

| ကျော်စိန်ဝင်း(ပြည်တွင်း/ပြည်ပ) |

**ယခင်တစ်ပတ်မှအဆက်**

**အမည် (သို့မဟုတ်) ထုတ်ကုန်ဆိုင်ရာဖော်ပြချက်**

ထုတ်ကုန်၏ စစ်မှန်သော သဘာဝကို ဖော်ပြရန် လုံလောက်သည့် စားသောက်ကုန် (သို့မဟုတ်) ဖျော်ရည် (သို့မဟုတ်) ကုန်ပစ္စည်း၏ ယေဘုယျအမည်ကို ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

**ပါဝင်ပစ္စည်းဖော်ပြချက်**

စားသောက်ကုန်၏ ပါဝင်ပစ္စည်းများနှင့် ဖြည့်စွက်ပစ္စည်းများ စာရင်းအပြည့်အစုံကို ထုတ်ကုန်တံဆိပ်ကပ်မှု တစ်ခုချင်းစီတွင် ပါဝင်မှု အလေးချိန် အချိုးအစား အများအနည်း စဉ်အလိုက် ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

**ပြင်းထန်သော သက်ရောက်မှု/ထိခိုက်မှု (Hypersensitivity) ကို ဖြစ်စေသည့် စားသောက်ကုန်နှင့် ပါဝင်ပစ္စည်းများ ကြေညာချက်**

စင်ကာပူနိုင်ငံ၏ စားသောက်ကုန် လုပ်ထုံးလုပ်နည်းများအရ Hypersensitivity ကို ဖြစ်စေသည့် စားသောက်ကုန်နှင့်ပါဝင်ပစ္စည်းများသည် ပါဝင်ပစ္စည်း/ဖြည့်စွက်ပစ္စည်း အနေဖြင့် (သို့မဟုတ်) ပေါင်းစပ် ပါဝင်ပစ္စည်းတစ်ခု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်ခဲ့ပါက ၎င်းတို့ကို ကြေညာချက်ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ကြေညာချက်ထုတ်ပြန်ပေးရန် လိုအပ်သည့် စားသောက်ကုန်များနှင့်ပါဝင်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

- ဂျုံ၊ ရိုင်းစပါး၊ မုယောစပါး၊ အုတ်ဂျုံများ (oaths) စသည့်ကစီဓာတ် ပါဝင်သော ကောက်ပဲသီးနှံများ
- ကျောက်ပုစွန်၊ ပုစွန်တုပ်၊ ပုစွန်ဆိတ်၊ ပုစွန်တုပ်ကြီး၊ ကဏန်းစသည့် အခွံမာ ရေနေသတ္တဝါများနှင့် ၎င်းတို့၏ ထွက်ကုန်များ
- ကြက်ဥ၊ ဘဲဥ၊ ကြက်ဆင်ဥ၊ ငုံးဥ၊ ဘဲငန်းဥ၊ စင်ရော်ငှက်ဥ၊ ရစ်ငှက်ဥ စသည်တို့ အပါအဝင် ဥနှင့် ဥထွက်ပစ္စည်းများ
- ခရုကမာကောင်၊ ခုံးကောင်၊ ပင်လယ်ခူစသည့် ငါးနှင့် ငါးထွက်ကုန်များ
- မြေပဲ၊ ပဲပိစပ်နှင့်၎င်းတို့၏ ထွက်ကုန်များ
- နွားနို့၊ ကျွဲနို့၊ ဆိတ်နို့ စသည့် နို့နှင့်နို့ထွက်ပစ္စည်းများ
- မက်မွန်သီး၊ သစ်အယ်သီး၊ သစ်ကြားသီး၊ သီဟိုဠ်သရက်စေ့၊ ပန်းညိုရောင်ရှိသော သစ်စေ့ (pecan nut)၊ ဘရာဇီးသစ်စေ့၊ စိမ်းဝါနုရောင် အခွံမာသီးစေ့ (pistachio nut)၊ သြစတြေးလျ သစ်ပင်ကြီး တစ်မျိုး၏ အစေ့ (macadamia nut)
- တိုက်ရိုက်ဖြစ်စေ၊ ပါဝင်ပစ္စည်းများမှ တစ်ဆင့်ဖြစ်စေ ၁ ကီလိုဂရမ်တွင် ၁၀ မီလီ ဂရမ် (သို့မဟုတ်) ၎င်းထက် ပိုမိုသော ပမာဏဖြင့် ဆာလ်ဖိုက် (သို့မဟုတ်) ဆာလ်ဖာဒိုင်အောက်ဆိုက်ဒ် ပါဝင်နေသော စားသောက်ကုန်များ

**စုစုပေါင်းပါဝင်မှုပမာဏ**

ထုပ်ပိုးမှုထဲတွင် ပါဝင်သည့် စားသောက်ကုန်၏ စုစုပေါင်းပမာဏကို တံဆိပ်ကပ်မှု အပေါ်တွင် ပုံနှိပ်ဖော်ပြရန် လိုအပ်ပါတယ်။ စားသောက်ကုန်သည် အရည်တစ်မျိုးမျိုးဖြစ်ပါက မီလီလီတာ၊ လီတာဖြင့်လည်းကောင်း၊ solid food ဖြစ်လျှင် ဂရမ်၊ ကီလိုဂရမ်စသည့် စုစုပေါင်း အလေးချိန်များဖြင့်လည်းကောင်း ဖော်ပြရမှာ ဖြစ်ပါတယ်။

**တံဆိပ်ကပ်ဖော်ပြရန်အတွက် စာလုံးအရွယ်အစား**

ယေဘုယျအားဖြင့် စားသုံးသူများအား ထုတ်ကုန်နှင့်စပ်လျဉ်းသည့် သတင်းအချက် အလက်ကို ထောက်ပံ့ပေးရာ၌ စာလုံးအရွယ်အစားသည် ၁ ဒသမ ၅ မီလီမီတာ အရွယ်အစားထက် မသေးငယ်သော အရွယ်အစားဖြင့် ပုံနှိပ်ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

**ထုတ်လုပ်သူ၊ တင်သွင်းသူ (သို့မဟုတ်) ထုပ်ပိုးသူ (သို့မဟုတ်) ဖြန့်ဖြူးသူ၏ အမည်နှင့်လိပ်စာ**

ပြည်တွင်းထုတ် စားသောက်ကုန်များအတွက် တံဆိပ်ကပ်ရာမှာ ထုတ်လုပ်သူ၊ ထုပ်ပိုးသူ (သို့မဟုတ်) ရောင်းချသူတို့၏ အမည်နှင့်လိပ်စာကို ပုံနှိပ်ဖော်ပြဖို့ လိုအပ်ပါတယ်။ တင်သွင်းသည့် စားသောက်ကုန်များအတွက် တံဆိပ်ကပ်ဖော်ပြမှုတွင် ပြည်တွင်းမှ တင်သွင်းသူ၊ ဖြန့်ဖြူးသူ (သို့မဟုတ်) ကိုယ်စားလှယ်တို့၏ အမည်နှင့်လိပ်စာများ ပါဝင်ရမှာ ဖြစ်ပါတယ်။ ကြေးနန်းလိပ်စာ၊ ဖက်စ်၊ စာတိုက်လိပ်စာများကိုသာ ဖော်ပြထားခြင်းကို လက်ခံမှာ မဟုတ်ဘူးလို့ သိရ ပါတယ်။

**ထုတ်ကုန်၏ပင်ရင်းနိုင်ငံ**

တင်သွင်းလာတဲ့ စားသောက်ကုန်တွေကို တံဆိပ်ကပ်ဖော်ပြရာမှာ ပင်ရင်းနိုင်ငံအမည်ကို ထည့်သွင်းဖော်ပြရမှာ ဖြစ်ပါတယ်။ ထုတ်လုပ်တဲ့ ပင်ရင်းနိုင်ငံရဲ့အမည်ဖော်ပြချက်အနေနဲ့ မြို့အမည် (သို့မဟုတ်) ပြည်နယ်အမည်ကိုသာ ဖော်ပြထားခြင်းကိုလက်ခံမှာ မဟုတ်ဘူးလို့လည်း သိရှိရပါတယ်။

**ကြိုတင်ထုပ်ပိုးထားသော စားသောက်ကုန်များ**

ဓာတ်စာအဖြစ် စားသုံးရန် ကဲ့သို့သော အထူးရည်ရွယ်ချက်ဖြင့် ထုတ်လုပ်သည့်စားသောက်ကုန်များနှင့် အာဟာရဆိုင်ရာ (သို့မဟုတ်) ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်များပါဝင်တဲ့ ကြိုတင်ထုပ်ပိုးထားသည့် စားသောက်ကုန်များဟာ ထပ်ဆောင်း တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်တွေနဲ့ ကိုက်ညီရမှာ ဖြစ်ပါတယ်။ ကုန်သည်များနှင့် ထုတ်လုပ်သူများအနေနဲ့ တင်သွင်းခြင်း၊ ကြော်ငြာခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ထုတ်ကုန်များကို ပို့ဆောင်ပေးခြင်းစတာတွေကို မပြုလုပ်ခင်မှာ ၎င်းတို့ရဲ့ကြိုတင်ထုပ်ပိုးထားတဲ့ စားသောက်ကုန်တွေကို မှန်ကန်စွာ တံဆိပ်ကပ်ဖော်ပြထားကြောင်း သေချာစေဖို့လိုအပ်မှာဖြစ်ပါတယ်။ **ဆက်လက်ဖော်ပြပါမည်။**

# လွတ်လပ်စွာ ကုန်သွယ်မှုကို အလေးထားလျက်ရှိသော အာဆီယံ

သိန်းမြင့်ဝေ

လက်ရှိအချိန်ကာလတွင် ကုန်သွယ်ရေးကိုယ်ကျိုးစီးပွားကာကွယ်သည့် စကားသံများကို ကြားနေရသော်လည်း အာဆီယံသည် လွတ်လပ်စွာကုန်သွယ်မှုကို အလေးထားလက်ခံကျင့်သုံးလျက်ရှိပါသည်။ အထူးသဖြင့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် ပတ်သက်ပြီး ကိုယ်ကျိုးစီးပွားကာကွယ်ရန် ထိပ်တိုက် ရင်ဆိုင်နေကြသည်။ ထိုသို့သော အခြေအနေတွင် ၁၆ နိုင်ငံပါဝင်သည့် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) ကို ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည်။ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်တစ်ခုဖြစ်သော RCEP သည် အာဆီယံစီးပွားရေးတိုးတက်မှုအတွက် အရေးကြီးပြီး အာဆီယံက ဦးဆောင်သောအဖွဲ့လည်းဖြစ်ပါသည်။

အမေရိကန်နိုင်ငံသည် ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Trans-Pacific Partnership-TPP) မှ နုတ်ထွက်သွားခဲ့သည်။ ထို့ကြောင့် ကျန်အဖွဲ့ဝင် (၁၁) နိုင်ငံသည် ၂၀၁၈ ခုနှစ်၊ မတ်လတွင် ချီလီနိုင်ငံ၌ သဘောတူလက်မှတ်ရေးထိုးပြီးနောက် ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုအတွက် ဘက်စုံတိုးတက်ရေး သဘောတူညီချက် (Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP)) ဟူ၍ အမည်ပြောင်း ဆောင်ရွက်လျက်ရှိသည်။ TPP မရှိတော့ဘဲ CPTPP သည် RCEP နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။ RCEP တွင် အာဆီယံ ၁၀ နိုင်ငံအပြင် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ပါဝင်သည်။

အာဆီယံ၏ ကုန်သွယ်မှုနှင့် ဂျီဒီပီအချိုး (Trade-to-GDP) သည် ၃ အချိုး ၁ (3:1) ဖြစ်ပါသည်။ ထိုကဲ့သို့ အာဆီယံ၏ ကုန်သွယ်မှုတိုးတက်ရခြင်းမှာ အာဆီယံသည် နယ်စပ်ဖြတ်ကျော် ကူးသန်းရောင်းဝယ်မှု (Cross-Border Commerce) ကို ပိုမိုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်လျက်ရှိသောကြောင့် ဖြစ်ပါသည်။ ကုန်သွယ်မှုသည် စင်ကာပူနိုင်ငံအတွက်လည်းကောင်း၊ အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက်လည်းကောင်း အရေးကြီးပါသည်။ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ၎င်းတို့၏ အထွေထွေစီးပွားရေးတိုးတက်မှုပမာဏ (Overall economic output) ထက် ကုန်သွယ်မှုပမာဏ (Trade Volumes) က ပိုမိုများပြားကြောင်း တွေ့ရှိရသည်။




အမေရိကန်သမ္မတ Donald Trump သည် ၂၀၁၇ ခုနှစ် သမ္မတတာဝန်ယူပြီးမကြာမီပင် အမေရိကန်သမ္မတဟောင်း Barack Obama ပူးပေါင်းပါဝင်ခဲ့သော TPP မှ နုတ်ထွက်ခဲ့သည်။ ထို့ကြောင့် မနှစ်သက်ဖွယ် စကားသံများ ဆူညံခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်လည်း သမ္မတ Donald Trump သည် တရုတ်နိုင်ငံကို အဓိက ပစ်မှတ်ထားသည့် ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေးအစီအမံများ (Series of protecfionist moves) ကို ဆက်တိုက် ကျင့်သုံးလျက်ရှိသည်။ အမေရိကန်သည် တရုတ်နိုင်ငံအပြင် အခြားနိုင်ငံများနှင့် ကုန်သွယ်ရာတွင်လည်း ကိုယ်ကျိုး စီးပွားကာကွယ်သည့် ကုန်သွယ်ရေးပေါ်လစီကို ကျင့်သုံးလျက်ရှိသည်။ အမေရိကန်သည် အိန္ဒိယနှင့် အင်ဒိုနီးရှားကဲ့သို့သော အာရှနိုင်ငံများနှင့် ကုန်သွယ်ရာတွင်လည်း နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်ရေး (Reciprocal trade) ကို တောင်းဆိုနေသည်။

အခြားတစ်ဖက်တွင် အမေရိကန်၏ ကုန်သွယ်ရေးစစ်ပွဲ ဆင်နွှဲရန် ကြိုးပမ်းအားထုတ်နေခြင်းက တရုတ်နိုင်ငံအား ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေးပေါ်လစီအား တိုက်ဖျက်သည့် ဦးဆောင်နိုင်ငံ (Leader of anti-protectionism) အဖြစ် တွန်းတင်ရာရောက်နေသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ကျင်းပခဲ့သော ဘိုအောင်းဖိုရမ် (Boao Forum) နှင့် ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum) တို့တွင် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်အား ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုကို ထိန်းသိမ်း စောင့်ရှောက်သူ (Guardian of Globalization) အဖြစ် ရှုမြင်ခဲ့ကြသည်။ ထို့ပြင် စီးပွားရေးလေ့လာဆန်းစစ်သူများက စီးပွားရေးလွတ်လပ်ခွင့်မပြုခဲ့သော ကွန်မြူနစ်စနစ်ကျင့်သုံးသည့် တရုတ်နိုင်ငံအား စီးပွားရေးလွတ်လပ်ခွင့်ပြုပြီး ပူးပေါင်းဆောင်ရွက်ရာတွင် ချန်ပီယံအဖြစ် သတ်မှတ်ခဲ့ကြသည်။ သို့သော်လည်း တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံကို လက်တုံ့ပြန်သည့်အနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေးအစီအမံများကို ချမှတ်ကျင့်သုံးရန် ပြင်ဆင်နေသည်။

၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့သော အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Commumity - AEC) ၏ ရလဒ်အဖြစ် အာဆီယံနိုင်ငံအချင်းချင်း ပိုမိုကုန်သွယ်ကြမည်ဟု မျှော်မှန်းထားသည်။ သို့သော်လည်း လက်ရှိအချိန်ကာလတွင် အာဆီယံကုန်သွယ်ရေး၏ ၇၅ ရာခိုင်နှုန်းသည် အာဆီယံအဖွဲ့ဝင် မဟုတ်သောနိုင်ငံများနှင့် ကုန်သွယ်နေကြောင်းတွေ့ရှိရသည်။ ပိုမိုပေါင်းစည်းသော ဥရောပသမဂ္ဂ (EU) သည်ပင် အဖွဲ့ဝင်နိုင်ငံ ၂၈ နိုင်ငံကြားကုန်သွယ်မှုသည် ၆၄ ရာခိုင်နှုန်းသာရှိပါသည်။ ထို့ကြောင့် ကုန်သွယ်မှုကို အားပြုလျက်ရှိသော အရှေ့တောင်အာရှသည် အာဆီယံအဖွဲ့ဝင် မဟုတ်သော နိုင်ငံများနှင့် သဘောတူစာချုပ်များ ချုပ်ဆိုပြီး ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ ထို့ကြောင့် အာဆီယံသည် AEC အပြင် RCEP ကို အကောင်အထည်ဖော်ရန် အာရုံစိုက်နေသည်။

ထိုကဲ့သို့ အာရုံစိုက်မှုနှင့်အတူ အာဆီယံသည် RCEP တွင် ပါဝင်ဆွေးနွေးသော အိန္ဒိယနိုင်ငံနှင့် ပိုမို ပူးပေါင်းရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယနိုင်ငံသည် လူဦးရေများပြားခြင်းနှင့်အတူ စီးပွားရေးလည်း တိုးတက်နေသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် အာဆီယံသည် တရုတ်နှင့်လည်း ပိုမိုပူးပေါင်းရန် လိုအပ်ပါသည်။ တရုတ်နှင့် အိန္ဒိယတို့သည် ကုန်စည်နှင့် ဝန်ဆောင်မှုများ လွတ်လွတ်လပ်လပ် စီးဆင်းခွင့်ပြုခြင်းနှင့် ပြည်သူများ လွတ်လွတ်လပ်လပ် သွားလာခြင်းတို့ကို အလေးထားဆောင်ရွက်နေပါသည်။

အာဆီယံသည် အမေရိကန်နှင့်လည်း ပိုမိုကုန်သွယ်လိုပါသည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် TPP မှ ခွဲထွက်ခြင်းကို ပြန်လည်စဉ်းစားသင့်ကြောင်း တိုက်တွန်းလိုပါသည်။

**Soruce: lowyinstitute.org**

**စာမျက်နှာ (၁၂) ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ...... မှအဆက်**

ဥရောပသမဂ္ဂကနေ သတ်မှတ်တဲ့ ပင်ရင်းမှတ်ကျောက် (origin criteria) နဲ့ ကိုက်ညီစေဖို့အတွက် ပင်ရင်းမှတ်ကျောက်အား မှတ်ပုံတင်ခြင်းကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှာ လာရောက်လျှောက်ထားရမှာ ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းစဉ်အပြီးမှာတော့ EU ရဲ့ database ရဲ့ REX စနစ်မှာ မှတ်ပုံတင်ပေးပြီး REX စနစ်ရဲ့ မှတ်ပုံတင်နံပါတ်ရရှိပြီးတဲ့ လုပ်ငန်းရှင်ဟာ မြန်မာနိုင်ငံကနေ ဥရောပသမဂ္ဂနိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့တဲ့ အခါမှာတော့ အရောင်းအဝယ်ပြုလုပ်တဲ့ စာရွက်စာတမ်းပေါ်မှာ အောက်ပါအတိုင်း ကြေညာပြီး ကုန်ဝယ်ဖက် ဥရောပသမဂ္ဂနိုင်ငံများသို့ ပေးပို့လိုက်တာနဲ့ အကောက်ခွန် သက်သာခွင့်ကိုခံစားရမှာ ဖြစ်ပါတယ်-

"The exporter ( exporter name and REX number (သက်ဆိုင်ရာ ကုမ္ပဏီအလိုက် အမည်နှင့် နံပါတ်အား ဖြည့်စွက်ရန်) of the products covered by this document declares that, except where otherwise clearly indicated, these products are of Myanmar preferential origin according to rules of origin of the Generalised System of Preferences of the European Union and that the origin criterion met is W နှင့် တင်ပို့မည့် ကုန်ပစ္စည်း၏ HS 4 digit အားဖော်ပြရမည် ဖြစ်ပါသည်။ (ဥပမာ တင်ပို့မည့် ကုန်ပစ္စည်းသည် HS Code 6204 ဖြစ်ပါက W 6204 ဟူ၍ ဖော်ပြရန်)-

လုပ်ငန်းရှင်များအနေနဲ့ EU ရဲ့ database ရဲ့ REX စနစ်ရဲ့ မှတ်ပုံတင်နံပါတ်ကို စနစ်တကျ အသုံးပြုရန် လိုအပ်ပြီး အမိန့်ကြေညာစာ အမှတ် (၃၂/ ၂၀၁၈)ပါ စည်းကမ်းချက်များကိုလည်း လိုက်နာဖို့ လိုအပ်ပါ တယ်။

ယခု ဖော်ဆောင်တော့မယ့် REX စနစ်ဟာဆိုရင် ဥရောပသမဂ္ဂသို့ ကုန်ပစ္စည်းများ တင်ပို့လျက်ရှိတဲ့ လုပ်ငန်းရှင်များအနေနဲ့ အကောက်ခွန် သက်သာခွင့် ခံစားနိုင်ဖို့အတွက် မဖြစ်မနေပါဝင်ဆောင်ရွက်ဖို့ လိုအပ်တဲ့ အစီအစဉ်တစ်ရပ်ဖြစ်ပြီး လုပ်ငန်းများအနေနဲ့ ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ပိုမိုလျင်မြန်အောင် ဆောင်ရွက်နိုင်မှာဖြစ်လို့ အမြန်ဆုံး လာရောက်လျှောက်ထားကြနိုင်စေဖို့ အသိပေးတင်ပြလိုက်ရပါတယ်။

# ကယားပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် Forever Group Co.,Ltd တို့ တွေ့ဆုံဆွေးနွေး

Forever Group Co.,Ltd မှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ 4TV HD Package ကို သုံးစွဲသူပြည်သူများအား ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ရုတ်တရက် ရပ်ဆိုင်းခြင်းကိစ္စနှင့် ပတ်သက်၍ ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နဲ့ Forever Group Co.,Ltd မှ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၄ ရက်တွင် ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အရောင်းကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါတယ်။

တွေ့ဆုံဆွေးနွေးရာတွင် 4TV HD Package ကို သုံးစွဲသူပြည်သူများအား ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ရုတ်တရက် ရပ်ဆိုင်းခြင်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ရာ Forever Group Co.,Ltd မှ 4TV ရုပ်သံလိုင်းများကို Canal+ ရုပ်သံလိုင်းများဖြင့် ပြောင်းလဲပြသခြင်းအပေါ် စိတ်ကျေနပ်မှုမရှိသော ကယားပြည်နယ် (CICC) သို့ ဆက်သွယ်တိုင်ကြားလာသည့် စားသုံးသူပြည်သူ ၁၁ ဦးအား ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနနဲ့ ညှိနှိုင်းဆွေးနွေးချက်များဖြစ်တဲ့ (၁) ရန်ကုန်နှင့် မန္တလေးမြို့များမှအပ ကျန်မြို့နယ်များတွင် ရုပ်သံလိုင်း ၂၈ လိုင်းကြည့်ရှုနိုင်သည့် Package သက်တမ်းရှိသော DTT Digital Receiver များကို သက်တမ်း သုံးလတိုးမည်ဆိုပါက ရုပ်သံလိုင်း ၃၆ လိုင်းနှင့် ၇၈ လိုင်း ကြည့်ရှုနိုင်သည့် DTH စက်၊ LNB စလောင်းတို့ဖြင့် အခမဲ့လဲလှယ်ပေးမည်ဖြစ်ပြီး မိမိအစီအစဉ်ဖြင့် တပ်ဆင်ကြည့်ရှုနိုင်ကြောင်း၊ (၂) Canal+ ရုပ်သံလိုင်းအသစ်များကို ဆက်လက်မကြည့်ရှုလိုသော Package သက်တမ်း ရှိနေသည့်ပရိတ်သတ်များအတွက် ကျန်ရှိသော ကြည့်ရှုခငွေ ပြန်အမ်းပေးမည်ဖြစ် ကြောင်း၊ (၃) စက်ပြန်လည်အပ်နှံလိုသော ပရိသတ်များကို ၂၀၁၇ ခုနှစ်အတွင်း ဝယ်ယူထားသည့် Package သက်တမ်းရှိပြီး ပျက်စီးမှုမရှိသည့် စက်များအတွက် စက်တန်ဖိုးငွေနှင့် ကျန်ရှိသောကြည့်ရှုခငွေများကို ပြန်အမ်းပေးမည်ဖြစ်ကြောင်း၊ (၄) 4TV စက်ကို စတင်ဝယ်ယူစဉ်ကတည်းကပင် ယနေ့အထိ စဉ်ဆက်မပြတ် သက်တမ်းတိုးပြီး ကြည့်ရှုအားပေးလျက်ရှိသော Package သက်တမ်းရှိပရိသတ်များကို အလေးထား သည့်အနေဖြင့် ဆက်လက်မကြည့်ရှုလိုပါက စက်တန်ဖိုးငွေနှင့် ကျန်ရှိသောကြည့်ရှုခငွေများကို ပြန်အမ်းပေးမည်ဖြစ်ကြောင်း စတဲ့ အချက်များအပေါ် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ Canal+ လိုင်းကို ဆက်လက်ကြည့်ရှုလိုသောပြည်သူများကို ကယားပြည်နယ်၊ လွိုင်ကော်မြို့ Techno world လျှပ်စစ်ပစ္စည်းအရောင်းဆိုင်၌ Canal+ စက်အသစ်များအား သဘောတူညီချက်အတိုင်း စက်လဲပေးမည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ ကယားပြည်နယ်စားသုံးသူပြည်သူများအနေဖြင့် အထက်ပါအချက် (၄)ချက်မှ မိမိတို့ဆန္ဒရှိတဲ့ အချက်များအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပြီး အဆင်ပြေမှုမရှိပါက ကယားပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန (CICC) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိပါတယ်။

**မြို့ရှီ (စားသုံးသူ၊ ကယား)**


# ထိုင်းဆန်တန်ချိန် (၁၀) သန်းအထိ တင်ပို့နိုင်ရန်လျာထား

၂၀၁၈ ခုနှစ် ပထမလေးလအတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုမှာ မျှော်မှန်းသည်ထက် ပိုမိုတင်ပို့နိုင်ခဲ့ပြီးနောက် ယခင်ခန့်မှန်းထားသည့် ဆန်တင်ပို့မည့် တန်ချိန် ၉ ဒသမ ၅ သန်းထက်ပိုပြီး ဆန်တန်ချိန် ၁၀ သန်းအထိ တင်ပို့ရန် လျာထားခဲ့ကြောင်း ထိုင်းဆန်တင်ပို့သူများ အသင်းထံမှ သိရပါသည်။

ထိုင်းနိုင်ငံ၏ ဇန်နဝါရီလမှ ဧပြီလ အထိဆန်တင်ပို့မှုမှာ ယခင်နှစ်တင်ပို့ခဲ့သည့် တန်ချိန်ထက် ၃၈ ရာခိုင်နှုန်း ပိုမိုပြီး ဆန်တန်ချိန် ၃ ဒသမ ၃၁ သန်းအထိ တင်ပို့နိုင်ခဲ့ကြောင်း၊ ဆန်အများအပြား တင်ပို့နေသည့် နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံသည် တန်ချိန် ၃ ဒသမ ၂၁ သန်း၊ ဗီယက်နမ်နိုင်ငံသည် တန်ချိန်၁ ဒသမ ၆၁ သန်း၊ ပါကစ္စတန်နိုင်ငံသည် တန်ချိန် ၁ ဒသမ ၂၈ သန်း သာ တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ဆန်တင်သွင်းသည့် နိုင်ငံများ၏ ဝယ်လိုအား များလာခြင်းကြောင့် ယခုနှစ် ပထမ လေးလပတ်အတွင်း ထိုင်းဆန် တင်ပို့မှုသည် မျှော်မှန်းထားသည်ထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ်တစ်နှစ်လုံးအတွက် ဝယ်လိုအားသည် ဆန် ပိုမို တင်ပို့နိုင်ရန် အထောက်အကူပြုမည်ဟု မျှော်လင့်ထားကြောင်း ထိုင်း ဆန်တင်ပို့သူများအသင်းမှ ဥက္ကဋ္ဌ ဖြစ်သူ Mr. Charoen Laothamatas က ပြောကြားခဲ့ပါသည်။ အသင်း၏ ပြန်လည်တိုးမြှင့် ပြင်ဆင်လိုက်သည့် မျှော်မှန်းတန်ချိန်သည် ၂၀၁၈ ခုနှစ်အတွက် ဆန်တင်ပို့မှုတန်ချိန် ၁၀ သန်း ဖြစ်မည်ဆိုသည့် ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်နှင့် ကိုက်ညီကြောင်း၊ လူဦးရေ ၆၈ ဒသမ ၉ သန်းရှိသည့် ထိုင်းနိုင်ငံသည် ဆန်စပါးကို နိုင်ငံရေးသီးနှံအဖြစ် မှတ်ယူထားကြောင်း၊ ဆန်စပါးစိုက်ပျိုးသည့် လယ်သမားများမှာ ၁၃ သန်းကျော်ရှိပြီး အများစုမှာ နွမ်းပါးကြောင်း၊ ဆန်စပါးအပေါ် ရှုမြင်သုံးသပ်ချက်များမှာ လင်းရောင်ခြည် သမ်းလာခြင်းကြောင့် ထိုင်းနိုင်ငံအစိုးရသည် နွမ်းပါးသည့် လယ်သမားများအကြား လူကြိုက်များလာကြောင်း၊ ထိုင်းလယ်သမားများ အနေဖြင့် သီးနှံစိုက်ပျိုးရန် အထောက်အပံ့ပေးသည့် နိုင်ငံရေးသမားများကိုသာ မဲပေးလေ့ရှိကြောင်း သိရပါသည်။

ယခုအခါ ကမ္ဘာ့သီးနှံ ဝယ်လိုအား မြင့်မားလာ၍ လယ်သမားအချို့မှာ အကျိုးအမြတ် ရနေကြောင်း၊ ဆန် စပါးဈေး မြင့်မားလာခြင်းမှာလည်း အခြားအကျိုးဆက်ရှိကြောင်း၊ ဆန် စပါး စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်လည်း မြင့်လာကြောင်း၊ ၎င်းအခြေ အနေသည် အစိုးရ၏ ဆန်စပါးအပေါ် အထောက်အပံ့များကို လျှော့ချသည့်ဘက်သို့ တဖြည်းဖြည်း ဦးတည်လာမှာ ဖြစ်ကြောင်း၊ ယခုအချိန်တွင် ဆန်စက်ပိုင်ရှင်များကို ကြွေးမြီများ ပေးဆပ်ရန် အတွက် ၎င်းတို့၏မြေများကို ရောင်းချရမည့်လယ်သမားများအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ လယ်သမားများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Prasit Boonchoey က ပြောကြားသည်မှာ ၂၀၁၈ ခုနှစ် ယခုချိန်အထိ ပြည်တွင်း ဆန်ဈေးမှာ ၁၀ ရာခိုင်နှုန်းခန့် မြင့်လာကြောင်း၊ ထိုင်းစပါး အထွက် တန်ချိန် ၂၅ သန်း၏ ၂၀ ရာခိုင်နှုန်းခန့်ကို ဝယ်ရန် နှစ်စဉ် နှစ်တိုင်း အစိုးရသည် ထိုင်းဘတ်ငွေ ဘီလီယံချီ ချမှတ်ကြောင်း၊ ထို့ကြောင့် စပါးရိတ်ချိန်တွင် ဈေးနှုန်းသိသာစွာ ကျဆင်းခြင်းကိုကာကွယ် တားဆီးကြောင်း၊ ယခုနှစ်တွင် ဆန်တင်ပို့မှုမှာ မျှော်လင့်ချက်ရောင်ခြည် သမ်းလာခြင်းကြောင့် အစိုးရအနေဖြင့် ဈေး နှုန်းထောက်ပံ့မှု အစီအစဉ်ထွက်ပေါ် ဖွယ်ရာမရှိတော့ကြောင်း၊ ဝယ်လိုအား ကောင်းနေခြင်းကြောင့် ဆန်တင်ပို့သူ များအနေဖြင့် ဆန်ကိုကြိုတင်ရောင်းချမှု ပြုကြသည့်အတွက် အောက်တိုဘာ-ဒီဇင်ဘာ ရိတ်သိမ်းချိန်မတိုင်မီ ရောင်း ကုန်သွားနိုင်ကြောင်း၊ သီးနှံဈေးတက်ချိန်တွင် ထုတ်ယူရောင်းချနိုင်ရန်အတွက် သီးနှံများကို သိုလှောင်နိုင်သည့် Silos များ တည်ဆောက်ရန် လယ်သမားများအား အစိုးရက soft loan ထုတ်ချေးပေးရန် မျှော်လင့်ကြောင်း၊ ကာလရှည်ကူညီမည့် ချေးငွေဖြစ်ကြောင်း ထိုင်းဆန်တင်ပို့သူများအသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Charoen က ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏နှစ်အလိုက် ဆန်တင်ပို့မှု အခြေအနေကို အောက်ပါဂရပ်ဖြင့် ဖော်ပြထားပါသည်-


ထိုင်းနိုင်ငံ၏ဆန်တင်ပို့မှုအခြေအနေ




**source: Thai Rice Exporters Association**

ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးနှင့် ဆန်ပြည်ပတင်ပို့သည့် Exporters များက ဆန်တင်ပို့မှု မြင့်တက်လာခြင်းသည် ဝယ်လိုအား ကောင်းလာခြင်းကြောင့်ဟု မှတ်ယူကြောင်း၊ အထူးသဖြင့် အရှေ့တောင်အာရှနှင့် အာဖရိကနိုင်ငံများမှ ဝယ်ယူခြင်းကြောင့်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံမှ National Food Authority မှ မကြာသေး မီက ဆန်တန်ချိန် ၂ ဒသမ ၅ သိန်းဝယ်ယူခဲ့ရာ တန်ချိန် ၁ ဒသမ ၂ သိန်းမှာ ထိုင်းဆန်တင်ပို့သူ များထံမှဝယ်ယူခဲ့ကြောင်း၊ ထို့ပြင်ပုဂ္ဂလိက ဆန်တင်ပို့သူများက ဆန်တန်ချိန် ၂ သိန်းကို အင်ဒိုနီးရှားသို့ ရောင်းချနိုင်ခဲ့ကြောင်း၊ ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှား နှစ်နိုင်ငံလုံးက ဆန်ကို အလျင်အမြန်သင်္ဘောတင်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ ယခုနှစ် ဆန်တင်ပို့ရန်လျာထားချက် တန်ချိန် ၁၀ သန်းကို ရောက်ရှိရန် တွန်းအားဖြစ်စေမည့် အာရှနှင့် အာဖရိကနိုင်ငံများမှ ဆန်အမှာ စာများလည်း ပိုရရှိနေကြောင်း Mr. Charoen က ပြောကြားခဲ့ပါတယ်။ ထိုင်း Premium -grade ဆန်ဖြူ (ဆန်မွှေး၊ လုံးရှည်မျိုး ဖြစ်သည့်ဟုမ်မာလိဆန်(hom mali)၊ စံပယ်(Jasmine) ဆန်မွှေးများမှာ ယခင်နှစ်ကတစ်တန်လျှင် ၈၂၃ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ယခုအပတ် အစောပိုင်းတွင် အမေရိကန်ဒေါ်လာ ၁၂၀၀ အထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း သိရပါသည်။ ထိုင်းနိုင်ငံ၏ Premium- grade ဆန်ပြည်ပ တင်ပို့မှုအခြေအနေကို အောက်ပါဂရပ်ဖြင့် ဖော်ပြထားပါသည်-

ထိုင်း Premium-grade ဆန်ပြည်ပတင်ပို့ဈေးနှုန်းများ




ဆယ်စုနှစ်တစ်စုအတွင်း ပထမဆုံးအကြိမ်အဖြစ် ယခုနှစ်တွင် ထုတ်လုပ်မှု ကျဆင်းခဲ့ခြင်းကြောင့် ထိုင်းစံပယ်ဆန်မွှေးသည် ရောင်းချရာတွင် အကန့်အသတ်ရှိပြီး ဈေးနှုန်းမြင့်မားလာကြောင်း၊ ထိုင်းနိုင်ငံသည် ပုံမှန်အားဖြင့် နှစ်စဉ်ဆန်တန်ချိန် သန်း ၂၀ မှ ၂၁ သန်းအထိ ထုတ်လုပ်နေသည့်အနက် အရှေ့မြောက်ပိုင်းပြည်နယ် များရှိကုန်းပြင်မြင့်များတွင်စိုက်ပျိုးသည့် Premium-grade ဆန် ထုတ်လုပ်မှုမှာ တန်ချိန် ၃သန်းမှ ၄သန်းခန့်အထိ ဖြစ်ကြောင်းသိရပါသည်။

**ကြယ်ပြာပန်း**

**source:ricenewstoday.com**

# တရုတ်ဗဟိုအစိုးရ၏ သွင်းကုန်ခွန်လျှော့ချမှုသည် ဟောင်ကောင်အား ဝန်ဆောင်မှုနှင့် လက်လီရောင်းအား အရည်အသွေးတိုးတက်ရန် လိုအပ်လာပြီဖြစ်ကြောင်း အချက်ပြသတိပေးလိုက်ခြင်း

တရုတ်ဗဟိုအစိုးရ၏သွင်းကုန်ခွန်လျှော့ချမှုမှာ ဟောင်ကောင်အနေဖြင့် တရုတ်ပြည်မကြီးမှ ခရီးသွားများကိုဆက် လက်ဆွဲဆောင်နိုင်ရေးအတွက် ဝန်ဆောင်မှု အရည်အသွေးနှင့် လက်လီရောင်းအား ဝန်ဆောင်မှု အရည်အသွေး တိုးတက်ရန် လိုအပ်လာပြီဖြစ်ကြောင်း အချက်ပြမှုတစ်ရပ် ဖြစ်လာခဲ့သည်။ ပေကျင်းအစိုးရမှ အလှကုန်ပစ္စည်းမှ အိမ်သုံးပစ္စည်းများအထိ သွင်းကုန် အမယ် ၁၄၄၉ မျိုးအတွက် ပျမ်းမျှအခွန်နှုန်း ၁၅ ဒသမ ၇ ရာခိုင်နှုန်းမှ ၆ ဒသမ ၉ ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း ဇွန်လဆန်းတွင် ကြေညာခဲ့သည်။ ထိုသို့ လျှော့ချရခြင်းမှာ ၎င်း၏စီးပွားရေး တိုးတက်မှုအတွက် မောင်းနှင်အားသစ်တစ်ခုဖြစ်သည့် ပြည်တွင်းစားသုံးမှုအား လှုံ့ဆော်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

အဆိုပါကြေညာချက်ကြောင့် ဟောင်ကောင်အတွင်း လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်စုစုပေါင်း၏ သုံးပုံတစ်ပုံခန့်ရှိသည့် တရုတ်ပြည်မကြီးမှ ခရီးသွားဧည့်သည်များအပေါ် သက်ရောက်နိုင်ပြီး ဟောင်ကောင်၏ လက်လီ ရောင်းအားကို ထိခိုက်လာနိုင်မည်ဖြစ်သည်။ တရုတ်ပြည်မကြီးမှ ဈေးဝယ်သူများအနေဖြင့် ဟောင်ကောင်တွင် လာရောက်ဈေးဝယ်ခြင်းမှာ သွင်းကုန်ခွန် ကောက်ခံခြင်းမရှိသည့် ဟောင်ကောင်၏နာမည်ကြီးတံဆိပ်များ ဈေးနှုန်းချိုသာသည့်အတွက်ဖြစ်ကြောင်း၊ ၎င်းအပြင် အတွေ့အကြုံရရှိစေရန် လာရောက်ခြင်းဖြစ်သည့်အတွက် mobile payment ကဲ့သို့သော ဝန်ဆောင်မှုအရည်အသွေးကောင်းမွန်လာစေရန် လိုအပ်ပြီး လက်ဝတ်ရတနာများထက် အလှကုန်ပစ္စည်းများ၊ ဆေးဝါးများကဲ့သို့ ပစ္စည်းများအပေါ် တွင်ပိုမိုသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်အစိုးရမှ ၂၀၁၅ ခုနှစ်မှစ၍ စားသုံးကုန်စည်များအပေါ်တွင် ကောက်ခံသည့် သွင်းကုန်ခွန်အား ငါးဆခန့် လျှော့ချခဲ့သည်။ ဟောင်ကောင်အနေဖြင့် သွင်းကုန်ခွန်ကောက်ခံခြင်းမရှိဘဲ အခြား အခွန်အခအနည်းငယ်သာ ကောက်ခံသကဲ့သို့ တရုတ်ပြည်မကြီး၏ ဖောက်သည်များအား ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်ရန် ၎င်း၏ ကုန်စည်နှင့် ဝန်ဆောင်မှု အရည်အသွေး တိုးတက်ပြီး အဆင်သင့်ဖြစ်ရန် လိုအပ်ကြောင်း၊ တရုတ်အစိုးရအနေဖြင့် အခွန်အခများ (taxs)၊ အကောက်ခွန်(tariffs)၊ထပ်တိုးတန်ဖိုးခွန်(value-added tax)နှင့် စားသုံး ခွန် (consumption tax)ဟူ၍ (၃)မျိုး ကောက်ခံလျက်ရှိရာ ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးကြား ကုန်စည်ဈေးနှုန်း ကွာဟချက်လျော့နည်းစေရန် ရည်ရွယ်လျက် အခွန်များကိုလျှော့ချခြင်းဖြစ်ကြောင်း သိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ၂၀၁၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ထမင်းပေါင်းအိုးတင်ပို့မှု စံချိန်တင်မြင့်တက်ခဲ့


ကမ္ဘာ့ လူဦးရေ မြင့်တက်လာမှုနှင့် အတူ အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေ တိုးတက်လာမှုတို့သည် ဂျပန်နိုင်ငံ၏ ထမင်းပေါင်းအိုးထုတ်လုပ်မှုလုပ်ငန်းကို ကြီးမားစွာတိုးတက်လာစေပြီး ဈေးကွက်ခိုင်မာလာစေကြောင်း သိရသည်။ ဂျပန်နိုင်ငံ၏ ထမင်းပေါင်းအိုးထုတ်လုပ်သည့် လုပ်ငန်းများသည် နှစ်စဉ်တိုးတက်ကြီးထွားလာကြောင်းကို ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

၁၉၈၈ ခုနှစ်မှစ၍ ဂျပန်နိုင်ငံ၏ ထမင်းပေါင်းအိုးထုတ်လုပ်တင်ပို့မှုသည် နှစ်စဉ်တိုးပွားခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၁၀ ဒသမ ၂ ဘီလီယံ ယန်း တင်ပို့နိုင်ခဲ့သည့်အတွက် တင်ပို့မှုအမြင့်ဆုံးစံချိန်တင်ခဲ့ကြောင်း ထုတ်ပြန်မှုအရ သိရသည်။ ဂျပန်နိုင်ငံ၏ ထမင်းပေါင်းအိုးများကို တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့နေပြီး စုစုပေါင်းတင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းတင်ပို့နေကြောင်း စာရင်းများအရ သိရသည်။ ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံသို့တင်ပို့မှုသည် ၁၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ပြီး ၃ ဒသမ ၇ ဘီလီယံယန်းရှိခဲ့သည်။ ထိုင်ဝမ်သို့ ၂ ဒသမ ၁ ဘီလီယံယန်း တင်ပို့နိုင်ခဲ့ပြီး အဓိကတင်ပို့နေသည့် နိုင်ငံများမှာ တရုတ်နိုင်ငံနှင့် ထိစပ်နေသော နိုင်ငံများဖြစ်ကြသည်။

“ခလုတ်လေး နှိပ်လိုက်ရုံနဲ့ နူးညံ့ပြီး အရသာရှိတဲ့ ထမင်းဖြစ်လာစေတဲ့ ဒီအိမ်သုံးပစ္စည်းကို လူကြိုက်များကြတယ်။ ဝယ်ယူတဲ့လူတွေဟာ အမျိုးအစားအပေါ် မူတည်ပြီး ယန်း ၇၀၀၀၀ လောက်ထိအောင် သုံးပြီးဝယ်ယူကြတယ်” ထမင်းပေါင်းအိုးထုတ်လုပ်ရောင်းချတင်ပို့နေသည့် ဂျပန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဂျပန်နိုင်ငံတွင် ထမင်းပေါင်းအိုး အမှတ်တံဆိပ်များစွာရှိသည့်အနက် နိုင်ငံခြားသားများ အနှစ်သက်ဆုံး အမှတ်တံဆိပ်မှာ Panasonic တံဆိပ်ဖြစ်ပြီး လာရောက်လည်ပတ်သည့် ခရီးသွားများသည် ဂျပန်နိုင်ငံထုတ် ထမင်းပေါင်းအိုးများကို ဂျပန်ပြန်အမှတ်တရအဖြစ် ဝယ်ယူလေ့ရှိကြောင်း သိရသည်။

**ခင်လေးယု**


ALPINE
Purified Drinking Water
PROMISES PURITY





Importer & Distributor of Pharmaceutical Product

# KAUNG SU Co., Ltd.

Tel : 01 9010324, 01 397154

No.220-222(3rd Flr),Botahtaung Pagoda Road,Pazundaung Township,Yangon.

Dealing in Rice,Pulses & Beans,Dall,Spices,Oil Products like Bitumen,Base oil & Wax



PULSES




TIGER BRAND GROCERY ITEMS



DALL





SPICES



RICE




BLACK PEPPER



BITUMEN




WAX



BASE OIL

# COMMERCE INTERNATIONAL

## အမေရိကန်ပြည်ထောင်စု၏ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးမူဝါဒများက ကမ္ဘာ့စီးပွားရေးအန္တရာယ်ကိုဖန်တီး

အမေရိကန်စီးပွားရေး နာလန်ထူမှု ကြီးထွားစပြုလာချိန်မှာ သမ္မတ ဒေါ်နယ်ထရမ့်၏ ပြင်းထန်သော စီးပွားရေးမူဝါဒများနှင့် ကြီးမားသော အခွန်လျှော့ချမှုတို့က ပြည်တွင်းနှင့် ကမ္ဘာ့စီးပွားရေးကို ပျက်စီးစေနိုင်သော အန္တရာယ်များကို ဖန်တီးလျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က ဇွန် ၁၄ ရက်ကသတိပေးချက်ကို ကိုးကား၍(အေအက်ဖ်ပီ) သတင်းတွင် ဖော်ပြသည်။

အခွန်လျှော့ချမှုများက စီးပွားရေးကို ရေတိုတွင်မြှင့်တင်ပေးနိုင်သော်လည်း အမေရိကန်စီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေးကို အန္တရာယ်ပြုစေနိုင်ပြီး ထိုအန္တရာယ်များ၏ အရွယ်အစားပိုမိုအောင် ဖန်တီးနိုင်ကြောင်း အိုင်အမ်အက်ဖ်အဖွဲ့၏ အမေရိကန်ပြည်ထောင်စု နှစ်စဉ်လေ့လာသုံးသပ်ချက်တွင် ဖော်ပြသည်။

အမေရိကန် ပြည်ထောင်စုက ပြဋ္ဌာန်းထားသော သို့မဟုတ် ပြဋ္ဌာန်းခြိမ်းခြောက်နေသော သွင်းကုန်ခွန်များက ကမ္ဘာ့စီးပွားရေး နာလန်ထူမှုကို ထိခိုက်စေနိုင်သည်။ ထို့အတူ လက်တုံ့ပြန်မှု သံသရာလည်ပြီး ကမ္ဘာ့ဖြန့်ဖြူးမှုကွင်းဆက်ကို အဟန့်အတားဖြစ်စေနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ဖိုးရှိ တရုတ်ကုန်စည်များအပေါ်တွင် အခွန် ၂၅ ရာခိုင်နှုန်း တိုးကောက်ရန် ကြေညာချက်ထုတ်ပြန်လိမ့်မည်ဟု အများက ခန့်မှန်းထားသည်။ ထို့ကြောင့် အိုင်အမ်အက်ဖ် အုပ်ချုပ်ရေးမှူး ခရစ်စတင်းလားဂတ်က ကုန်သွယ်ရေးစစ်ပွဲများတွင် အောင်နိုင်သူဟူ၍ မရှိနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။



သူတို့ခြိမ်းခြောက်ခံနေရသည့်အတိုင်း အမေရိကန်ပြည်ထောင်စု ၏ ကုန်သွယ်ဖက်တို့က လက်တုံ့ပြန်လာပါက နှစ်ဖက်စလုံး အရှုံးသမားများဖြစ်လာနိုင်ကြောင်း၊ လားဂတ်က သတင်းထောက်များအား ပြောကြားသည်။ ထိုရလဒ်က အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာ့စီးပွားရေးအပေါ် ပြင်းထန်သော စီးပွားရေးဂယက်ရိုက်ခတ်မှု ဖြစ်လာနိုင်ကြောင်း လားဂတ်ကဆိုသည်။

စီးပွားရေးအပေါ် တိုက်ရိုက် ဂယက်ရိုက်ခတ်မှု မည်မျှရှိမည်ဆိုသည့်အချက်မှာ တုံ့ပြန်မှုအရွယ်အစားနှင့် အချိန်ကာလပေါ်တွင် မူတည်နေသည့်အတွက် တွက်ချက်ရန် ခက်ခဲကြောင်း ယင်းကပြောသည်။

သို့သော်ကုန်သွယ်ရေး ပဋိပက္ခသည်စီးပွားရေးအပေါ် ယုံကြည်မှုကိုကျဆင်းစေပြီး ရင်းနှီးမြှုပ်နှံမှုများကိုလည်း တုံ့ဆိုင်းသွားစေနိုင်သည်။ အမှန်စင်စစ် ဥရောပနိုင်ငံများတွင် ထိုသို့ဖြစ်ပေါ်မည့် အလားအလာတို့ကို တွေ့မြင်နေရကြောင်း လားဂတ်ကပြောသည်။

“တစ်ဖက်သတ် ကုန်သွယ်ရေးအရေးယူမှုက အနှောင့်အယှက်တွေဖြစ်ပေါ်စေနိုင်ပြီး တန်ပြန်အကျိုးသက်ရောက်မှုတွေကိုလည်း ဖြစ်ပေါ်လာစေနိုင်ပါတယ်”ဟု လားဂတ်က ပြောသည်။

အခွန်တိုးမြှင့်ကောက်ခံမှုအတွက် အကြောင်းပြရာတွင် အမျိုးသားလုံခြုံရေးကို အကြောင်းပြခြင်းသည် ပြလေ့မရှိသော အကြောင်းပြချက်ဖြစ်ပြီး ထိုကဲ့သို့ လိုက်ပါဆောင်ရွက်ရန် အခြားနိုင်ငံများကို တံခါးဖွင့်ပေးသကဲ့သို့ ဖြစ်နိုင်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ခြင်းဖြင့် စည်းမျဉ်းစည်းကမ်းအခြေပြု ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကို ထိခိုက်စေနိုင်သည်ဟုဆိုသည်။

“ဒါကြောင့် အခွန်အကောက်နဲ့ အခွန်အကောက်မဟုတ်တဲ့ အတားအဆီးတွေကို မချမှတ်ဘဲ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောထားကွဲလွဲမှုတွေကို အမေရိကန်ပြည်ထောင်စုက ကုန်သွယ်ဖက်နိုင်ငံတွေနဲ့ အပြုသဘော ဖြေရှင်းစေချင်ပါတယ်”ဟု လားဂတ်က ပြောသည်။



## နိုင်ငံခြားသားလုပ်သားလိုအပ်ချက်ကြောင့် ဂျပန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေး စည်းမျဉ်းများ လျှော့ချနိုင်ဖွယ်ရှိ

အလုပ်သမားအရေအတွက် လျော့ကျခြင်းနှင့် ၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ် မတိုင်မီ အလုပ်သမားလိုအပ်ချက်မြင့်မားခြင်း စသည့် အချက်များကြောင့် ဂျပန်နိုင်ငံတစ်ဝန်းရှိ ဟိုတယ်များ၊ လယ်ယာ လုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အလုပ်သမားရရှိမှု အကျပ်အတည်းပြင်းထန်စွာ ဖြစ်ပေါ်လျက်ရှိကြောင်း Thestar.com သတင်းတွင် ဖော်ပြသည်၊

ဂျပန်နိုင်ငံသည် မကျွမ်းကျင်သော လုပ်သားများကိုသာ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုလျက်ရှိသည်။ ထို့ကြောင့် ယခုအခါ ကန့်သတ်ချက်များသော လူဝင်မှုကြီးကြပ်ရေး မူဝါဒများကို ပြန်လည်သုံးသပ်ရတော့မည်ဖြစ်သည်။ သို့သော်လည်း ဂျပန်နိုင်ငံတွင် လူဝင်မှုနှင့်ပတ်သက်သော အခြေအနေမှာ သိမ်မွေ့နက်နဲသည့်အတွက် အာဏာပိုင်တို့က သတိကြီးစွာထား၍ ကိုင်တွယ်ဖြေရှင်းလျက်ရှိသည်။

“နိုင်ငံခြားလုပ်သားတွေ ကျွန်တော်တို့ ဆက်ပြီးလိုအပ်နေဦးမယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် လူဝင်မှုကြီးကြပ်ရေးဆိုတဲ့စကားလုံးက စိတ်ပူပင်စရာကောင်းတဲ့ အကြောင်းအရာတစ်ခုတော့ဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးလို ကိစ္စတွေ ယိုယွင်းပျက်စီးကုန်မှာစိုးရိမ်ရလို့ ဖြစ်ပါတယ်”ဟု သတင်းအချက်အလက် နည်းပညာလုပ်ငန်းမှ အသက် ၂၈ နှစ်အရွယ် ရှိဟီရိုကီကိုဂျီးမားက ပြောသည်။

စီးပွားရေးနှင့် လူဦးရေဆိုင်ရာ တွန်းအားများကြောင့် နိုင်ငံခြားသားများအတွက် ငါးနှစ်အလုပ်လုပ်ကိုင်ခွင့် ပေးရေးနှင့် ပတ်သက်သော စီမံကိန်းများကို ဇွန် ၁၅ ရက်တွင် ကြေညာချက်ထုတ်ပြန်ရန် အစိုးရကဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

အစိုးရအရာရှိများက လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ ဟိုတယ်၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးနှင့် သင်္ဘောတည်ဆောက်ရေး စသည့် လုပ်ငန်းနယ်ပယ်ငါးခုကို အလေးပေး ဆောင်ရွက်လျက်ရှိသည်။

အချို့သော စမ်းသပ်စစ်ဆေးမှုများ အောင်မြင်သော နိုင်ငံခြားလုပ်သားများအား အကန့်အသတ်မရှိနေထိုင်ခွင့်ပြုရန်နှင့် မိသားစုကို ခေါ်ဆောင်ခွင့်ပြုရန်လည်း အစိုးရအာဏာပိုင်တို့က စဉ်းစားလျက်ရှိသည်။ အကယ်၍ အစီအမံများကို ဝန်ကြီးအဖွဲ့က အတည်ပြုပြီးပါက ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်သို့တင်ပြရမည်ဖြစ်သည်။

လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ပြုပြင်ပြောင်းလဲရန် အာဏာပိုင်တို့က တွန့်ဆုတ်လျက်ရှိသော်လည်း ယင်းကိစ္စများက ဂျပန်နိုင်ငံကို ပိုမိုပွင့်လင်းသော နိုင်ငံတစ်ခုအဖြစ် ရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိနေသည်။ မကြာသေးမီနှစ်များအတွင်း ဂျပန်နိုင်ငံ၏ နိုင်ငံခြားသား လိုအပ်ချက်မှာ ၁ ဒသမ ၂၈ သန်းအထိ ရှိခဲ့သည်။ ယင်းအရေအတွက်မှာ နိုင်ငံလူဦးရေ၏ တစ်ရာခိုင်နှုန်းရှိပြီး ၂၀၀၈ ခုနှစ်ကထက် နှစ်ဆကျော်ရှိခဲ့သည်။

စံမီအောင် စုစည်းသည်

## ဥရောပနိုင်ငံများအတွက် လူဝင်မှုနှင့် အကြမ်းဖက်မှုက ထိပ်ဆုံးသို့ ရောက်ရှိနေသော အန္တရာယ်ဖြစ်

အဖွဲ့တစ်ခုလုံးအဖြစ် ခြုံငုံကြည့်မည်ဆိုပါက ဥရောပသမဂ္ဂအတွက် လူဝင်မှုနှင့် အကြမ်းဖက်မှုပြဿနာသည် ထိပ်ဆုံး၌ရှိနေသော စိုးရိမ်စရာ အခြေအနေ ဖြစ်နေသည်။ သို့သော်လည်း ဥရောပသမဂ္ဂ(အီးယူ) အပေါ် ယုံကြည်မှုနှင့် ယင်း၏ အနာဂတ်နှင့်ပတ်သက်၍ အကောင်းမြင်မှုက မြင့်တက်လျက်ရှိကြောင်း ဥရောပကော်မရှင်က ကောက်ယူခဲ့သော သဘောထားစစ်တမ်းကို ကိုးကား၍ Thestar.com သတင်းတွင် ဖော်ပြသည်။

ဥရောပကော်မရှင်သည် “Eurobarometer”ဟုခေါ်သော သဘောထားစစ်တမ်းကို တစ်နှစ် နှစ်ကြိမ် ကောက်ယူလျက်ရှိသည်။ စစ်တမ်းအရ အဖွဲ့က ရင်ဆိုင်နေရသော ပြဿနာများအနက် လူဝင်မှုပြဿနာသည် အရေးအကြီးဆုံးပြဿနာဖြစ်သည်ဟု အီးယူ၏ လူဦးရေ သန်း ၅၁၀ အနက် ၃၈ ရာခိုင်နှုန်းက ခံယူထားကြောင်း တွေ့ရသည်။ ယင်းပြဿနာနှင့်ပတ်သက်၍ စိုးရိမ်မှုအများဆုံးဖြစ်ပေါ်သော နိုင်ငံများတွင် လောလောဆယ် လူဝင်မှုအနည်းဆုံးဖြစ်နေသေးသော အက်စတိုနီးယား၊ ချက်သမ္မတနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံတို့ ပါဝင်နေသည်မှာလည်း ထူးခြားသော ဖြစ်ရပ်တစ်ခုဖြစ်သည်။

၂၀၁၇ ခုနှစ် ဆောင်းဦးရာသီနောက်ပိုင်းမှစ၍ အီးယူအပေါ် ယုံကြည်မှုအဆင့်မှာ တစ်ရာခိုင်နှုန်းမြင့်တက်ပြီး ၄၂ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။ ၂၈ နိုင်ငံပါဝင်သော အဖွဲ့တွင် ယင်းတို့၏ စကားသံကို အလေးထားသည်ဟု ယုံကြည်သူဦးရေ တစ်ရာခိုင်နှုန်း မြင့်တက်ပြီး ၄၅ ရာခိုင်နှုန်း ရှိခဲ့သည်။ ၂၀၁၉ ခုနှစ် မတ်လတွင် ဗြိတိန်နိုင်ငံ နုတ်ထွက်တော့ မည်ဖြစ်သောကြောင့် အီးယူအပေါ်တွင် အကောင်းမြင်မှုရှိသည့် ဦးရေမှာ သုံးကြိမ်မြောက် မြင့်တက်ကာ ၅၈ ရာခိုင်နှုန်းရှိခဲ့ရာ ၂၀၁၅ ခုနှစ် နွေဦးရာသီနောက်ပိုင်း အမြင့်ဆုံးဖြစ်သည်ဟု သိရသည်။

**စနစ်တကျ အမှိုက်စွန့်ပစ်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး**